http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပထမပြန်စာမေးပွဲ

ပထမကြိုးတန်း

ပုစ္ဆာ+အဖြေစုံ

၂၀၀၄-ခုနှစ်

(ပြည်နယ်နှင့်တိုင်း-၁၇)

အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပထမအကြိမ်

သာသနာ ၂၅၄၈
ကောဇာ ၁၃၆၆
ခရစ် ၂၀၀၅

ပုံရိပ်ဆင်+ဖိုင်ပို့ • နှံ့ဝဲဖြူစင်

http://www.dhammadownload.com

ဤစာအုပ်၌

ဝထမကြီးတန်းဆိုင်ရာ

၁။ ပြဋ္ဌာန်းချက်များ
၂။ ပြဋ္ဌာန်းကျမ်းစာများ
၃။ ပုဒ္ဓာထုတ်စည်းမျဉ်းများ
၄။ ဘာသာစုံ မေးခွန်းများ
၅။ ဘာသာစုံ အဖြေများ

စသည် စသည်ဖြင့် ပို့ချသူ၊ သင်ယူသူများ နည်းရလောက်အောင် ဝေဝေဆာဆာ တင်ပြထားသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ
၂၀၀၄-ခုနှစ် ထုတ်ပြန်အပ်သော
ပြဋ္ဌာန်းချက်သစ်များဖြင့် တင်ပြထားပါသည်။

● ဖြန့်ချိရေး
စာပေထိန်းသိမ်းရေးအဖွဲ့ I သိမ်ကျောင်းဆောင် I
ရွာမပရိယတ္တိစာသင်တိုက် I
သံမဏိစက်ခုံလမ်း I ရွာမ I အင်းစိန် II
ဖုန်း - ၆၄၀၀၇၅

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပထမပြန်စာမေးပွဲ

ပထမကြိုးတန်း

ပုဒ္ဓာ+အပြေစုံ

ကဆုဂ်—ဥုန်

(ပြည်နယ် နှင့်တိုင်း ၁၇)

အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပထမအကြိမ်

သာသနာ	ကောဇာ	ခရစ်
၂၅၄၈	၁၃၆၆	၂၀၀၅

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်	✉	၃၂၀၀၂၀၀၅၀၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	✉	၃၂၀၀၄၈၀၅၀၁
ထုတ်ဝေခြင်း	✉	ပထမအကြိမ်
		၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ	✉	၅၀၀
ထုတ်ဝေသူ	✉	ဦးအောင်မြတ်သူ (မြို - ၀၃၉၇၆)
		(ပြည်မြန်မာစာအုပ်တိုက်)
		အမှတ်-၁၈၈၊ ဒုတိယထပ်(ဝဲဘက်)
		၃၈ လမ်း၊ ကျောက်တံတားမြို့နယ်
		ရန်ကုန်မြို့။
မျက်နှာဖုံး+အတွင်းပုံနှိပ်	✉	ဦးတင်အောင်ကျော်(ဝ၇၀၅၃)
		စွယ်တော်ပုံနှိပ်တိုက်
		အမှတ်-၈၇၊ ၅၆-လမ်းတို့၊
		ပုဇွန်တောင်မြို့နယ်။
ဖြန့်ချိရေး	✉	စာပေထိန်းသိမ်းရေးအဖွဲ့
		သိမ်ကျောင်းဆောင်
		ရွာမပရိယတ္တိစာသင်တိုက်
		သံမဏိစက်ရုံလမ်း၊ ရွာမ၊
		အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
		ဖုန်း - ၆၄၀၀၇၅

တန်ဖိုး - ၂၀၀၀ (ကျပ်)

http://www.dhammadownload.com

မာတိကာ



စဉ်	အကြောင်းအရာ	စာမျက်နှာ	
၁။	နိဒါန်းအမှာစာများ	က-မှ-	ခ-အထိ
၂။	စီစဉ်သူ	ဂ-မှ-	ဃ-အထိ
၃။	ပထမပြန်စာမေးပွဲ သတ်မှတ်ချက်များ		c
၄။	ပထမကြီးတန်း ပြဋ္ဌာန်းကျမ်းစာ	စ-မှ-	ဆ-အထိ
၅။	ပထမကြီးတန်း ပုစ္ဆာထုတ်စည်းမျဉ်း	ဇ-မှ-	ည-အထိ
၆။	ပဏာမ		
၇။	ဒွေမာတိကာဘာသာ	၁-မှ	၈၆-အထိ
၈။	ဓမ္မပဒဘာသာ	၈၇-မှ	၁၆၇-အထိ
၉။	ကစ္စည်းသဒ္ဒါကြီးဘာသာ	၁၆၈-မှ	၂၄၂-အထိ
၁၀။	အဘိဓမ္မတ္ထသင်္ဂဟဘာသာ	၂၄၃-မှ	၃၁၉-အထိ
၁၁။	အဘိဓာန် အလင်္ကာ ဆန်း ဘာသာ	၃၂၀-မှ	၃၈၉-အထိ
၁၂။	ယမိုက် အထက်ငါးကျမ်းဘာသာ	၃၉၀-မှ	၄၅၅-အထိ
၁၃။	ပဋ္ဌာန်းဘာသာ	၄၅၆-မှ	၅၂၂-အထိ
၁၄။	ဘာသာပြန်ဘာသာ	၅၂၃-မှ	၅၅၆-အထိ

http://www.dhammadownload.com

http://www.dhammadownload.com

စာမျှင်နှုန်းစနစ်

မြန်မာနိုင်ငံ၏ ပိဋကတ်သင်နည်းစနစ်ကို –

၁။ စာကြိုးပေါက်သင်နည်း –

၂။ စာမေးပွဲစနစ်သင်နည်း – ဟု နှစ်မျိုးနှစ်စား တွေ့ရသည်။

ရှေးခေတ်က စာချ၊ စာသင်ပုဂ္ဂိုလ်တို့သည် များသောအားဖြင့် စာမေးပွဲကို အခြေမခံဘဲ ကျမ်းဂန်တတ်မြောက်မှု၊ ကျမ်းဂန်ပေါက်ရောက်မှုကို ပဓာနထား၍ သင်ကြား ဇေ့လာကြသည်၊ သင်ကြားလေ့လာမှုပြည့်စုံသောအခါ၊ ထက်မြက်ထူးချွန်သော အချို့ပုဂ္ဂိုလ်တို့ အာဇာနည်ရွေးချယ်ပွဲ နှုတ်ဖြေ၊ ရေးဖြေဝင်ရောက်ဖြေဆိုသူများလည်း ရှိခဲ့သည်၊ ပုဂံခေတ်မှ ဦးကျည်ပွေ့ ၊ ကုန်းဘောင်ခေတ်မှ ကျော်အောင်စံထား ဆရာတော်နှင့် ဆရာတော် ဦးဇုဓ စသော ပုဂ္ဂိုလ်ကျော်များကို စာမေးပွဲဖြင့် ဖော်ထုတ်ပေးခဲ့သည်။

အင်္ဂလိပ် အစိုးရခေတ်လောက်မှစ၍ ယနေ့တိုင်အောင် များသောအားဖြင့် စာမေးပွဲကို အခြေခံ၍ ပဋိကတ်သင်ကြားမှု ပြုလာကြသည်၊ စာမေးပွဲ အောင်မြင်ရန်နှင့် ဂုဏ်ထူးပန်းကို ပန်ဆင်လိုသူများအတွက် ဤအဖြေစုံများကို စီစဉ်ထားခြင်း ဖြစ်ပါသည်။

ဤအဖြေစုံ စာအုပ်များသည် –

၁။ လမ်းညွှန်ကောင်း စွယ်စုံပညာရှင်တစ်ဦး သင့်အနားတွင် အမြဲတမ်း ရှိနေသလိုလည်း ဖြစ်နေပါလိမ့်မည်။

၂။ ပဏ္ဍာ အာဘော်ကြွဆနည်းကိုလည်း ပေးပါလိမ့်မည်။

၃။ ဖြေနည်း, တင်ပြနည်းကိုလည်း ညွှန်ပြပေးပါလိမ့်မည်။

၄။ မေးခွန်းဟောင်း ရှာဖွေစုဆောင်းရခြင်း ဒုက္ခမှလည်း ကင်းဝေးအောင် ကူညီပါလိမ့်မည်။

၅။ မိမိဉာဏ်မမီသော ပုစ္ဆာအဖြေများကို ဖြေရှင်းပေးမည့် ပညာရှင်များ မိမိအနားတွင် အမြဲတမ်းရှိနေသလိုလည်း ဖြစ်ပါလိမ့်မည်။

ဤသို့ စသည် စသည်ဖြင့် သင့်၏ လိုအပ်ချက်များကို လမ်းညွှန်ပေးပါလိမ့်မည်။

http://www.dhammadownload.com

အရေးရုံ

• တိုင်းနှင့်ပြည်နယ်အသီးသီးမှ ပထမပြုန်ပုစ္ဆာများကို တစ်စုတစ်ဝေးတည်း စုစည်းတင်ပြထားပါသည်၊ ယခု ခရစ်နှစ် ၂၀၀၄-ခုနှစ်တွင် တိုင်း ၇-တိုင်း၊ ပြည်နယ် ၇-ခု၊ တိုင်းခွဲ ၁-ခု၊ ပြည်နယ်ခွဲ ၂-ခု၊ ပေါင်း ၁၇-ခု တို့၏ ပုစ္ဆာနှင့် အဖြေများ စုစည်းတင်ပြထားပါသည်။

ပုစ္ဆာလိုအပ်ချက်

အချို့ဘာသာပုစ္ဆာများ ရှာဖွေ၍ မရခြင်းကြောင့် ပုစ္ဆာနှင့် အဖြေ မတင်ပြနိုင်သည်ကို သည်းခံ ခွင့်လွှတ်ကြဘို့ရန် ဖေတ္တာရပ်ခံပါသည်။

နိဒါန်းထားပုံ

ဤအဖြေစုံစာအုပ်၌ တိုင်းနှင့် ပြည်နယ် တစ်ခုခြင်း၏ ဘာသာစုံပုစ္ဆာနှင့် အဖြေများကို တစ်စုတည်း, တစ်စုတည်း စီစဉ်တင်ပြထားပါသည်၊ တိုင်းနှင့် ပြည်နယ် အစဉ်များကို မာတိကာ အစဉ်၌ ဖော်ပြထားပါသည်။

ကျေးဇူးတင်စကား

ဤပထမကြိမ်တန်း ပုစ္ဆာအဖြေစုံကို စီစဉ်ရာ၌ -

ရွာမပရိမဏ္ဍိစာသင်တိုက် ဂဏာဝါဝက သာသနဓဇ ဓမ္မာစရိယ များဖြစ်ကြသော ဦးဒေမာစာရ၊ ဦးကဉ္စန၊ ဦးတ္တုန္နာစာရ၊ ဦးသောဘနာလင်္ကာရ၊ ဦးဥာဏဇလ၊ ဦးသုမန - တို့၏ အကူအညီကိုလည်း မြောက်များစွာ ယူရပါသည်။ အပြင်အဆင်မှစ၍ လိုအပ်သမျှအားလုံးကို စိတ်ရှည် လက်ရှည် စာစီစာရိုက်ပေးသော ဦးဥာဏိန္ဒ (ဂဏာဝါဝက၊ သာသနဓဇ ဓမ္မာစရိယ) နှင့် မောင်အောင်တော်ဇော (ညောင်ဦး) တို့အား အထူးကျေးဇူးတင်ပါသည်။

အချိန်ပိရန် အလောတကြီး စီစဉ်ရခြင်း, စာရေးသူကိုယ်တိုင် အချိန်ယူ၍ ပြန်လည်မစိစစ်နိုင်ခြင်း စသည်တို့ကြောင့် ချွတ်ယွင်းချက်, လစ်ဟင်းချက်များ များစွာ ပါရှိနိုင်ပါသည်။ ဤအဖြေစုံနှင့် ပတ်သက်၍ **-ပြစ်တင်ဝေဖန်ခြင်း, အဲ့ရဲ့ချိုးခြင်း, အကြံပြုခြင်း** စသော မည်သည့် **အကူညီမှုမျိုးမဆို ကျေးဇူး** တင်စွာဖြင့် လက်ခံကြိုဆိုပါသည်။

အရှင်ဇီဝကာဘိဝံသ (အင်းစိန်)
၂၀-၁၁-၀၄

http://www.dhammadownload.com

ဒီစဉ်ဘူ၏ အမှာစာ

= = = ။ ။ ။ = = =

" အာဂတော အာရော နု ဘာယိတဗ္ဗော" ထိုက်တန်သဖြင့် ပေးအပ်လာသည့် တာဝန်ကို မရွံ့ မကြောက် ရဲရဲတောက် ထမ်းဆောင်ရမည်-ဟူသော စကားသည် ကျွန်ုပ်ကို ခွန်းခြောက်သလို ဖြစ်ဝေခဲ့ရပါ၏။

ကျွန်ုပ်သည် ဆရာက တာဝန်ပေးအပ်နှင်းထားသည့် ဤ ၂၀၀၄၊ ပထမကြိမ်တန်း ပုစ္ဆာ+အဖြေစုံကို စာသင်ပျိုနှ သောတုနောင်, ငယ်တို့၏ လက်ဝယ်သို့ အချိန်မီရောက်အောင် ပို့ဆောင်ပေးသင့်ပါလျက် တာဝန်ကင်းမဲ့ခဲ့သည်ကို ရိုးကျိုးခယ ပန်ထွာ တောင်းပန်အပ်ပါ၏။

ဤအဖြေစုံ မရိုက်နှိပ်နိုင်မီ ဆရာတော်၏ ပင်ကိုယ်ရေး "သမိုင်းတာဝန် ကျေပွန်စေ" စာအုပ်ကို စိစဉ်နေရပါ၏။ တစ်ဖက်မှလည်း ဤအဖြေစုံစာအုပ်ကို အချိန်မီ ပြီးစီးနိုင်ရန် ပုစ္ဆာစုဆောင်းရပါ၏။

ဤစာအုပ်နှင့် ပတ်သက်၍ ဂုဏ်ထူးတန်း ပုစ္ဆာများ အချိန်မီ ရှာမပေးနိုင်ခဲ့ခြင်း, ပုစ္ဆာများကို ပြေဆိုပေးကြသည့် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်မှ ဂဏ္ဌာဝါစကအဖွဲ့ဝင်များမှာ အခြားသာသနာရေးတာဝန်များ ဆောင်ရွက်နေရခြင်း, ပြေဆိုပြီးသည့် အဖြေလွှာများကို ကျေးဇူးတော်ရှင်တိုက်အုပ်ဆရာတော်ကိုယ်နှိုက်က သာသနာရေးတာဝန်များ၏ အောက်ဝယ် ပြားပြားဝပ် အလုပ်များနေခဲ့ခြင်း စသည်တို့ကြောင့် စာအုပ်ထုတ်ဝေမှု နောက်ကျခဲ့ရပါ၏။

အဆိုပါ အခက်ခဲများစွာတို့ထက် ကျွန်ုပ်ကိုယ်တိုင်က ကိုယ်ရေးကိုယ်တာ ကိစ္စများကိုသာ ရှေ့တန်းတင်မိခဲ့၍ အချိန်၏ ဘီးမျိုစားသုံးခြင်းကို ခံခဲ့ရသောကြောင့် တာဝန် လုံးဝကင်းမဲ့ခဲ့သည်-ဟု ဝမ်းနည်းစွာဖြင့် ဝန်ခံတောင်းပန်အပ်ပါ၏။

ဤအဖြေစုံသည် ယခင့်ယခင်နှစ်များကဲ့သို့ တိုင်းအသိုးသိုး ပြည်နယ်အရပ်ရပ်မှ ပုစ္ဆာအားလုံးကို တစ်ခန်းစီ တစ်ခန်းစီ ပြေဆိုခြင်းမျိုးကို ရှောင်ရှားပြီး ပုစ္ဆာအားလုံးတွင် ဝိနည်းဘာသာရပ် ဓမ္မပဒဘာသာရပ် စသည်ဖြင့် စာရှုသူနောင်,ငယ်တို့အတွက် လွယ်လင့်တကူ လေ့လာနိုင်ရန် ဘာသာရပ်တူရာများကို စုစည်း ပြေဆိုပေးထားပါ၏။

http://www.dhammadownload.com

သို့မှသာ မိမိတို့အားနည်းသည့် ဘာသာရပ်ကို ဖိဖိစီးစီး လေ့လာနိုင်မည်-ဟု ယုံကြည်မိပါ၏။စာအုပ်ကို လှန်လှော ရှာဖွေရာ၌ စာရှုသူများ စိတ်၏ပျော်ရွှင်ချမ်းမြေ့ခြင်းကို ရရှိစေလိမ့်မည်-ဟု မျှော်လင့်မိပါ၏။

နိဂုံးချုပ်အားပြင့် တင်ပြရသော် ကျွန်ုပ်သည် အခက်ခဲများကို ရှေ့တန်းတင်ပြီး ''ဆင်သေကို ဆိတ်သားရေငြင့် ဝုံးကွယ်၍ နှစ်သိမ့်ခြင်းမျိုး မဟုတ်ရပါ''ဟု လျှောက်ထားအပ်ပါ၏။ ဤ၂၀၀၄-ခုနှစ် ပထမကြိုးတန်းပုစ္ဆာအဖြေစုံနှင့် ပတ်သက်၍ အမှားအယွင်း အယူအဆ မတူမျှခဲ့သော် ကျွန်ုပ်၏ တာဝန်ကင်းမဲ့မှုကြောင့်သာ ဖြစ်ပေလိမ့်မည်။

တာဝန်ကျရာ ဘာသာရပ်အလိုက် ဖြေဆိုပေးခဲ့ကြသည့် အင်းစိန်ရွာမပရိယတ္တိ စာသင်တိုက်မှ ဂဏာဒီစကာအပွဲနှင့် ကွန်ပျူတာ တာဝန်ခံ မောင်အောင်ကျော်ဇော(ညောင်ဦး)၊ ကွန်ပျူတာ ထပ်ဆင့်မွမ်းမံ ပြင်ဆင်ပေးသူ ဦးဉာဏိန္ဒ(ဂဏာဒီစကာ၊ သာသနဓဇဓမ္မာစရိယ) တို့အား လိုက်လိုက် လဲလဲ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ပထမကြိုးတန်းပုစ္ဆာတောင်ကို အခက်အခဲမရှိ ကျော်လွှားနိုင်ကြပါစေ . . . .

ရွှေဘို-အရှင်ဝဉ္ဇဒေဝတေ
(ရွှေဘို-မင်းသုခ)
စာအုပ်ထုတ်ဝေရေးတာဝန်ခံ(၂)
အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်

http://www.dhammadownload.com

ပထမပြဋ္ဌာန်းစာမေးပွဲနှင့် ပထဝီသက်၌ သတ်မှတ်ချက်များ

၁။ မေးခွန်းလွှာတိုင်း (၃)နာရီ မေးခွန်းဖြစ်သည်၊ မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီ အထိ ဖြေခွင့်ရှိသည်။

၂။ အံတန်းအလိုက်မေးမည့် မေးခွန်းအရေအတွက်နှင့် ဖြေဆိုရမည့် မေးခွန်း အရေအတွက်မှာ ဘာသာရပ်တိုင်းအတွက် ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်။

အံတန်း	မေးမည့်မေးခွန်း	ဖြေဆိုရမည့် မေးခွန်း
ပထမငယ်တန်း	၆ – ပုစ္ဆာ	၆ – ပုစ္ဆာ
ပထမလတ်တန်း	၈ – ပုစ္ဆာ	၈ – ပုစ္ဆာ
ပထမကြီးတန်း	၁၀ – ပုစ္ဆာ	၁၀ – ပုစ္ဆာ

၃။ တစ်ပုစ္ဆာလျှင် (၁၀)မှတ်စီ သတ်မှတ်၍ အောင်မှတ် ၄၀– ရာခိုင်နှုန်းဖြစ်သည်။ ဘာသာတိုင်း အောင်မှတ်ရပုံ အံတန်းအောင်အဖြစ် သတ်မှတ်ရမည်။

၄။ အောင်မြင်သူများထဲမှ အမှတ်များရာအလိုက် တစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယ အဖြစ် ရွေးချယ်သတ်မှတ်မည်။

၅။ ပထမပြန် စာမေးပွဲကို ရဟန်း၊ သာမဏေ၊ သိလရှင်နှင့် လူဝတ်ကြောင် မည်သူမဆို ဝင်ခွင့်ရှိသည်။

၆။ အောက်အောက်အတန်းကို အောင်မြင်ပြီးမှသာ အထက်အထက်အတန်းများကို ဝင်ခွင့်ရှိသည်။ အထက်အထက်တန်းများကို အောင်မြင်ပြီးသူသည် အောက်အောက် အတန်းကို ဝင်ခွင့်မရှိတော့ရ။

၇။ ပထမငယ်တန်းသို့ ဝင်ခွင့်ရသော အငယ်ဆုံးအသက်မှာ (၁၃)နှစ်ဖြစ်သည်၊ စာဖြေ အချိန်တွင် (၁၃)နှစ် တင်းတင်း ပြည့်ရမည်၊ (၁၃)နှစ် မပြည့်လျှင် ဝင်ခွင့်မပြု။

၈။ စာဖြေသူများအနက် ပထမငယ်တန်း ဖြေသူများသည် အတန်းတစ်တန်း၌ တစ်ဆက် တည်းဖြစ်စေ၊ နှစ်ခြား၍ ဖြစ်စေ လေးကြိမ်စာမေးပွဲကျရှုံးပါက ရာသက်ပန် စာမေးပွဲမှ ပယ်ရမည်။

၉။ ပထမပြန် အထူးအောင် စာမေးပွဲကို ရုံးသုံးပြန်မာဘာသာဖြင့်သာ ဖြေဆိုရမည်။

http://www.dhammadownload.com

ပြည်ထောင်စု ပြန်ဆိုင်ငံတော်
နိုင်ငံတော်သမ္မတအောက်တွင်
ဝေဖြန်ဆဲးခွဲ ပြဋ္ဌာန်းချမ်းအများ
ဝေစကြိုးတန်း

၁။ ပိန္ဒ ဇွဒတိတာ

(က) ဒွေမာတိကာ ပါဠ်၊ အနက်၊ ကျမ်းရင်းအဓိပ္ပါယ်။
(ခ) ကခိါဝိတရုဏိအဋ္ဌကထာ – (ကျမ်းအဝမှ အဆုံးအထိ) အဓိပ္ပါယ်။

လူနှင့် သိလရှင်များအတွက် –

(က) ဓမ္မပဒပါဠိတော် (သုခဝဂ်မှ အဆုံးအထိ) ပါဠ်၊ အနက်၊ အဓိပ္ပါယ်။
(ခ) ဓမ္မပဒ အဋ္ဌကထာ (သုခဝဂ်မှ အဆုံးအထိ) အဓိပ္ပါယ်။

၂။ ကစ္စည်းသဒ္ဒါကြီး

(က) ကစ္စည်းသဒ္ဒါကြီး (ရှစ်စောင်) ပါဠ်၊ အနက်၊ ရုပ်၊ အဓိပ္ပါယ်။
(ခ) ရူပသိဒ္ဓိ (ကျမ်းအဝမှ အဆုံးအထိ) ရုပ်တွက်၊ အဓိပ္ပါယ်။
(ဂ) ပုစ်ဆစ် (အဝမှ အဆုံးအထိ)နှင့် သုတ်စစ်။

၃။ အဘိဓမ္မတ္ထသင်္ဂဟ

(က) အဘိဓမ္မတ္ထသင်္ဂဟ ၉-ပိုင်း ပါဠ်၊ အနက်၊ သရုပ်၊ အဓိပ္ပါယ်။
(ခ) ဋီကာကျော် (အဝမှ အဆုံးအထိ) အဓိပ္ပါယ်။

၄။ ပါဠိအဘိဓာန်၊ အလင်္ကာ၊ ဆန်း

(က) ပါဠိအဘိဓာန်ကျမ်း (အဝမှ နိဂုံးအဆုံးအထိ) ပါဠ်၊ အနက်၊ အဓိပ္ပါယ်။
(ခ) အလင်္ကာကျမ်း ပါဠ်၊ အနက်၊ အဓိပ္ပါယ်။

http://www.dhammadownload.com

(ဂ) ဆန်းကျမ်း ပါဠိ၊ အနက်၊ အဓိပ္ပါယ်။

၅။ ယဖိုထ်အထက် ၅–ကျမ်း အထက် ၅–ကျမ်း

– ယဖိုက်အထက် ၅–ကျမ်း ဝိဘင်းထုတ်၊ အနက်ပေး၊ အရကောက်၊ အဓိပ္ပါယ်နှင့် ဂဏ္ဌိ။

၆။ ပဋ္ဌာန်း

– ပဋ္ဌာန်းအရဖကောက်ကျမ်း (ကုသလတိက်) ပါဠိ၊ အနက်၊ အရကောက်နှင့် အဓိပ္ပါယ်။

၇။ အာယုဗြုန်

(က) သတ္တကနိပါတ်အစမှ .ဒသကနိပါတ်အဆုံးအထိ (ဇာတ်ပေါင်း – ၅၉)
(ခ) ကောဒသကနိပါတ်အစမှ ပကိဏ္ဏကနိပါတ်အဆုံးအထိ (ဇာတ်ပေါင်း – ၄၂)
(ဂ) ဝိသတိနိပါတ်အစမှ စတ္တာလိသနိပါတ်အဆုံးအထိ (ဇာတ်ပေါင်း – ၂၉)
(ဃ) ပဏ္ဏာသနိပါတ်အစမှ အသီတိနိပါတ်အဆုံးအထိ (ဇာတ်ပေါင်း – ၁၂) ၄– ပိုင်းပိုင်း၍ တစ်ပိုင်းလျှင် သာမာန်အားဖြင့် ၄– နှစ်စီလျှည့်၍ မေးရမည်။

http://www.dhammadownload.com

ပြည်ထောင်စုပြန်ဆိုင်းငံ့ခြင်း
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
ဝထမပြန်ဆင်းရေးဖွဲ့ ဝထမကြိုးတန်း ပဋိဘာဏဝတ်စဉ်းမျဉ်း

၁။ ဝိနယ ဒွေမာတိကာ မေးခွန်းလွှာ – ၁

(က) ဒွေမာတိကာ

– ပါဠိအာဂုံ (တစ်) ပုဆ်ဆာ

– အနက်ပေး (တစ်) ပုဆ်ဆာ

– ကျမ်းရင်းအဓိပ္ပါယ် (လေး) ပုဆ်ဆာ

(ခ) တခါ်အဋ္ဌကထာ

– ကျမ်းအဓိပ္ပာယ အဆုံးအထိအဓိပ္ပါယ် (လေး) ပုဆ်ဆာ

လူနှင့်သိလရှင်များအတွက် –

(က) ဓမ္မပဒပါဠိတော် (သုခဝဂ်မှ အဆုံးအထိ)

– ပါဠိအာဂုံ (တစ်) ပုဆ်ဆာ

– အနက်ပေး (တစ်) ပုဆ်ဆာ

– ဓမ္မပဒပါဠိတော်မှ တိုက်ရိုက်အဓိပ္ပါယ် (လေး) ပုဆ်ဆာ

(ခ) ဓမ္မပဒအဋ္ဌကထာ သုခဝဂ်မှ အဆုံးအထိ

– အဓိပ္ပါယ် (လေး) ပုဆ်ဆာ

၂။ ကစ္စည်းသုံးကြိမ် မေးခွန်းလွှာ – ၂

– ပါဠိအာဂုံ (တစ်) ပုဆ်ဆာ

– အနက် (တစ်) ပုဆ်ဆာ

– ရုပ်တွက် (နှစ်) ပုဆ်ဆာ

(ပုဒ်ဖြတ်၊ ပုဒ်ဝင်၊ ရုပ်ကျဉ်း၊ ရုပ်တျယ်၊ ပုဒ်+ပစ္စည်း၊ ဓာတ်+ပစ္စည်း၊
ဝိဘာတ်ခွဲခြင်း၊ လိင်၊ ဝုစ်၊ ကာရန်၊ ဂိုဏ်း၊ ပဒမာလာစဉ်ခြင်းတို့ ပါဝင်သည်)

http://www.dhammadownload.com

- ကတ္တုံညးသန့်ကြိုးလာ အဓိပ္ပါယ် (နှစ်) ပုဒ္ဓာ
- ရူပသိဒ္ဓိကျမ်းလာရုပ်၊ အဓိပ္ပါယ် (သုံး) ပုဒ္ဓာ
- ပုဒ်စစ်၊ သုတ်စစ် (တစ်) ပုဒ္ဓာ

၃။ အဘိဓမ္မတ္ထသင်္ဂဟ မေးခွန်းလျှာ – ၃

(က) အဘိဓမ္မတ္ထသင်္ဂဟတစ်ကျမ်းလုံး

- ပါဠိအာဂုံ (တစ်) ပုဒ္ဓာ
- အနက် (တစ်) ပုဒ္ဓာ
- အဘိဓမ္မတ္ထသင်္ဂဟာတိုက်ရိုက်လာ သရုပ်အဓိပ္ပါယ် (လေး) ပုဒ္ဓာ
- ဋီကာကျော်ကျမ်းလာ အဓိပ္ပါယ် (လေး) ပုဒ္ဓာ

၄။ ပါဠိ အဘိဓာန်၊ အလင်္ကာ၊ ဆန်း မေးခွန်းလျှာ – ၃

(ဘ) ပါဠိအဘိဓာန်

- ပါဠိကို မြန်မာပြန်ဆိုစေခြင်း (နှစ်) ပုဒ္ဓာ
- မြန်မာကို ပါဠိပြန်ဆိုစေခြင်း (နှစ်) ပုဒ္ဓာ
- ကျမ်းရင်း၊ သရုပ်၊ အဓိပ္ပါယ် (တစ်) ပုဒ္ဓာ

(ခ) သုဗောဓာလင်္ကာရ (အလင်္ကာတစ်ကျမ်းလုံး)

- ပါဠိအာဂုံ (တစ်) ပုဒ္ဓာ
- အနက် (တစ်) ပုဒ္ဓာ
- သုဗောဓာလင်္ကာရ ကျမ်းလာအဓိပ္ပါယ် (နှစ်) ပုဒ္ဓာ

(ဂ) ဆန်းကျမ်း ပါဠိ၊ အနက်၊ အဓိပ္ပါယ် (နှစ်) ပုဒ္ဓာ

၅။ ယမက အထက်ငါးကျမ်း မေးခွန်းလျှာ – ၅

- သဒ္ဒါရယပိုဂ်မှ (နှစ်) ပုဒ္ဓာ
- အနုသယယပိုဂ်မှ (နှစ်) ပုဒ္ဓာ
- စိတ္တယပိုဂ်မှ (နှစ်) ပုဒ္ဓာ

http://www.dhammadownload.com

- ခမ္မယပိုက်မှ (နှစ်) ပုဒ္ဓာ
- ဂ္ဂါန္ဒိယယပိုက်မှ (နှစ်) ပုဒ္ဓာ

မှတ်ချက် -

- ပါဠိဝိဘင်းထုတ် (လေး) ပုဒ္ဓာ
- အနက် (လေး) ပုဒ္ဓာ
- အရကောက်နှင့် အဓိပ္ပါယ် (လေး) ပုဒ္ဓာ
- ဂဏ္ဌိပ (တစ်) ပုဒ္ဓာ

မေးရမည်။

၆။ ပဌာန်းကုသလတိက် စေးနွန်းလွှာ – ၆

ပဌာန်းကုသလတိက်

- ပါဠိအာဂုံ (နှစ်) ပုဒ္ဓာ
- အနက်ပေး (တစ်) ပုဒ္ဓာ
- အရကောက် (ငါး) ပုဒ္ဓာ
- ဂဏ္ဌိအဓိပ္ပါယ် (နှစ်) ပုဒ္ဓာ

၇။ ဘာသာပြန် စေးနွန်းလွှာ – ၇

- ပါဠိကို မြန်မာပြန်ဆိုစေခြင်း (သုံး) ပုဒ္ဓာ
- မြန်မာကို ပါဠိပြန်ဆိုစေခြင်း (သုံး) ပုဒ္ဓာ
- ပါဠိဝေါဟာရများကို ထုတ်ပြ၍ ပါဠိဝါကျ တည်ဆောက်စေခြင်း (နှစ်) ပုဒ္ဓာ
- ဇာတ်ဝတ္ထုများကို အကျဉ်းချုပ်မြန်မာဘာသာဖြင့် ရေးသားစေခြင်း (နှစ်) ပုဒ္ဓာ
- ဇာတ်ဝတ္ထုများမှ ရယူအပ်သော သင်ခန်းစာများကို ရေးသားစေခြင်း (တစ်) ပုဒ္ဓာ

http://www.dhammadownload.com



ပဏာမ

ဗုဒ္ဓံ တိလောကတိလကံ၊ ပဉ္ဉာဗျာကရဏဆေကလောကဂ္ဂံ။
ဝန္ဒိတွာန ကရိဿံ၊ မဟာပထမပဥ္ဉတ္တိဝါကျံ။

(ပထျာအရိယာဂါထာ)

အဟံ-ပထမကြိုးတန်းပုစ္ဆာအဖြေလွှာကို သေချာစေ့ငဲ့ အမျှားရှုဘို့ ရေးပြုအားထုတ် အကျွန်ုပ်သည်၊ တိလောက တိလကံ-သုံးပါးဘုံသူ နတ်နှင့်လူတို့၏ မှန်ကူသဖွယ် ဖြစ်တော်မူပေထသော၊ ပဉ္ဉာဗျာကရဏဆေကလောကဂ္ဂံ-မေးဖြေအရာလွန်လိမ္မာသဖြင့် သုံးဖြာလောကထက် မြတ်တော်မူပေထသော၊ ဗုဒ္ဓံ-သစ္စာလေးလိခိုင်နှင်းဆီကို မမှိဆရာ ကိုယ်ချည်းသာလျှင် သိမြင်တော်မူသော မြတ်စွာဘုရားကို၊ ဝန္ဒိတွာန-ဦးညွတ်ရိုကျိုး ရှိခိုးပြီး၍၊ မဟာပထမပဥ္ဉတ္တိဝါကျံ-ပထမကြိုးတန်းပုစ္ဆာအဖြေ ဝိသဇ္ဇနာကို၊ ကရိဿံ-ရေးသားတိထွင် ပြုစီရင်ပေအံ့။

http://www.dhammadownload.com

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဝထမပြဋ္ဌာန်စာပေးပွဲတွင်းဝရေးဗတိုအတွဲ ၃ (တန်ခွင်)

ဝထမတြီးတန်း ။ ဒွေဓာတိကာဒေသနာ

၁၃၆၅-ခုနှစ် နှောင်းတန်ခူးထဆန်း (၁၂)ရက် (၁-၄-၂၀၀၄)ကြာသပတေးနေ့

၁။ သံဃာဒိသေသ် အပြစ်ကုစားရာ၌ သံဃာပြုလုပ်ရမည့် အလုပ်သုံးမျိုး ကို ကျမ်းရင်းစာသားမှီး၍ ဖြေဆိုပြီး၊ ရာဇသိက္ခာပုဒ်၌ ''နေ မယံ''စသည်ဖြင့်ပယ်ပြစ်ရခြင်း၏ တံရားခံကိုလည်း အကြောင်းသွင်း၍ ဖြေဆိုပါ။

၂။ ဒွေဘာကသိက္ခာပုဒ်ဝယ် အရောင်အလိုက် ပါဝင်ရမည့် သိုးမွေးအချိုးအစားကို ရေး၍၊ ဘိက္ခု ပရိသာယ ပတ္တာပရိယန္တော၏ ဆိုလိုရင်းအဓိပ္ပါယ်ကိုလည်း ရှင်းပြခဲ့ပါ။

၃။ ဘိက္ခုနီသံဃာဒိသေသ်၌ လွန်ကျူးပြီးပြီးချင်း အပြစ်မသင့်သော သိက္ခာပုဒ်အမည်များကို ရေးပြီး၊ ရတန်းပြုနိုင်သော မာတုဂါမတို့၏ အသက်နှင့် ရတန်းပြုပေးနိုင်သော ဘိက္ခုနီမတို့၏ ဂါ များကို သိက္ခာပုဒ်အမည်ပြု၍ ခွဲခြားဖြေဆိုပါ။

၄။ အောက်ပါရတန်းတို့၏ အပြစ်များကို သိက္ခာပုဒ်အမည်တပ်၍ ဆုံးဖြတ်ခဲ့ပါ –

(က) ဆေးကုသပေးခြင်းဖြင့် ကုလဒူသနအမှုကို ပြုသော ရတန်း၊

(ခ) မိမိရသော မင်္ဂလိက်ကို လူတို့အား ပြောကြားသော ရတန်း၊

(ဂ) ဖိတ်မန္တကပြုမထားသော သူမဲ့တို့၏ ဆွမ်းကို မနာမဖျားမဲ့ အလှူခံစားသောရတန်း၊

(ဃ) ဆွမ်းစားသောရတန်းအား ယပ်ခပ်ပေးသော ဘိက္ခုနီမ၊

(င) ဂါကျွတ်ပြီး ပဂါရဏာမပြုသော ဘိက္ခုနီမ။

၅။ နိမိတ်လောက်သော အယုတ်ဆုံး ဥဒက်နိမိတ်ကို ကခ်ီလာသည့်အတိုင်းရေးပြီး၊ ရတန်း လေးပါး ဥပုသ်ပြုရာ၌ ဒီဝသ, ကာရက, ကတ္တာဗ္ဗာကာရ၏ အစွမ်းဖြင့် ရနိုင်သော ဥပုသ် အမည်များကိုလည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၆။ တယ်လိဗုန်းဆက်ပြီး သိတ္ထာချရာ၌ သိတ္ထာကျ/မကျ အကြောင်းပြဖြေဆို၍ တတိယ ပါရာဇိကလာ အာဏာတိကပယောဂ ၆-မျိုးကိုလည်း ပဋိဠိုရေးခဲ့ပါ။

၇။ ဘေးနဝတ္တကသိက္ခာပုဒ်၌ "ကော့ကော့ ငါ့ဒေါ်ကို တယောက်ယောက်" ဟူသော ဗျောရခြင်းအကြောင်းကို ရေးပြီး၊ ကထိန်ခံသော ရဟန်း ပြုလုပ်ရမည့် အလုပ်များကိုလည်း အစိုးအစဉ်ကျကျ ပြည့်ပြည့်စုံစုံ ဖြေဆိုခဲ့ပါ။

၈။ ဂဏဘောဇနသိက္ခာပုဒ်ပါ စီဝရ၏နဿမယ အပိုင်းအခြားကို ရက်၊ လ တိကျစွာ ဖြေဆိုပြီး၊ သက်နိုး ဝိကပ္ပနာပြုရာ၌ သမ္မုခါဝိကပ္ပနာပြုပုံ နှစ်မျိုးကိုလည်း သိသာရုံမျှ ဖြေဆိုခဲ့ပါ။

၉။ ဘိက္ခုဏီ ဒုဋ္ဌုလ္လသိက္ခာပုဒ်နှင့် ပဋိလိကာဓေတာပနသိက္ခာပုဒ်တို့ကို ပဋိသင်္ခသင် ရေးခဲ့ပါ။

၁၀။ ရာဇသိက္ခာပုဒ်လာ ရဟန်းက ဝိုင်ရှင်အား ပြောကြားသော စကားရပ်မျှကိုသာ အနှက် ရေးခဲ့ပါ။

တန်ဖြင့်ပြည်နယ်

ဗဟုတ္တိကာဘာဘာ (အဖြေ)

၁။ (က) သံဃာဒိသေသ်အာပတ်ကို ဖုံးထားလျှင် ဖုံးထားသော နေ့နှင့်အမျှ ပရိဝါသ်နေရခြင်း၊
(ခ) ရဟန်းတို့ မြတ်နိုးပို့ရာ ၆-ဦးဦးပတ်ထိုး မခုတ်ကျင့်ရခြင်း၊
(ဂ) သံဃာနှစ်ကျိပ်ရှိရာ သိမ်အတွင်း၌ အဘာန်သွင်းရခြင်းတို့ ဖြစ်ပါသည်။

အပ်စပ်သော နည်းလမ်းဖြင့် ဆောင်အပ်သည်လည်း ဖြစ်သော သက်နိုး တန်ဖိုးသည် သက်နိုးဖိုးကို အလွှဲခံပါ၊ တူသော တမာန်၏ စကားကြောင့် မအပ်မစပ် ဖြစ်သွားရသည်၊ ထို့ကြောင့် ထိုသက်နိုးကို ပယ်မြစ်ထိုက်၏-ဟူသော အနှက်ကို ပြခြင်း အကျိုးငှါ "နဒေါ် မယံ" စသည်ဖြင့် ပယ်ရပါသည်။

http://www.dhammadownload.com

၂။ အနက်ရောင် သိုးမွေးချည်ထည်
အပြူရောင်သိုးမွေးလိပ်ခွေ
ကြောင်အော အိုဆင်းရိုသေသည့်သိုးမွေး ဝင်ဆံ ပါဝင်ဖရိုဖရဲ ပြုလုပ်ရပါသည်။
တောင်းလာသောသံဃာတို့ကို မဖေတွဲရကြိုးမဖွဲ့ရ သိမ်ဖာစွန်းအောင် အုပ်ဆိုးရဟန်း
တိုင်အောင် အဆင့်ဆင့်ဖြူးပြီးနောက် တို့အငယ်ဆိုးရဟန်းက စွန့်လွှတ်အပ်သော သံဃာဝတ်
ဖြစ်ပါသည်။

၃။ သိက္ခာနှင့် သံဃာဒိသေသဆိုသည်မှာ ထွန်ကျူးပြီးပြီးချင်း အပြစ်မသင့်သော သိက္ခာပုဒ်များမှာ-

၁။ သိက္ခံ ပစ္စာဒိက္ခံ သိက္ခာပဒ
၂။ အဓိကရဏ ကုပိတ သိက္ခာပဒ
၃။ ပါပသမာစာရ ပဌမ သိက္ခာပဒ
၄။ ပါပသမာစာရ ဒုတိယ သိက္ခာပဒ – ဒုဋ္ဌုလ္လာပတ္တိ
၅။ သံဃဘေဒကဆိုကြွပါဒ
၆။ ဘေဒါနုဝတ္တက သိက္ခာပဒ
၇။ ဒုဗ္ဗစ သိက္ခာပဒ
၈။ ကုလဒူသက သိက္ခာပဒ – တို့ဖြစ်ပါသည်၊

ရတနာပြုနိုင်သော မာတုဂါမ အသက်

ပဌမကိတိကတ သိက္ခာပုဒ်
ဒုတိယကိတိကတ သိက္ခာပုဒ်

တတိယကိတိကတ သိက္ခာပုဒ်တို့ဖြင့် ကိတိကတဖြစ်လျှင် ၁၂-နှစ်၊
ပဌမကုမာရိဘူတ, ဒုတိယကုမာရိဘူတ, တတိယကုမာရိဘူတ သိက္ခာပုဒ်တို့ဖြင့် အသက်
၁၃၅-ရာ ဖြစ်ပါသည်။ (၄) (၂) (၆) (၁) (၈)
(၃) (၇) (၅)

ရတနာပြုပေးနိုင်သော သိက္ခာပုဒ်

ဤ ၂၁-သိက္ခာပုဒ်သည် သိက္ခာပုဒ်နှင့်မရပ်ဘဲ ဤသိက္ခာပုဒ်တို့ကို ဆောက်တည်သူ
ပုဂ္ဂိုလ်ပေါ်မူတည်၍ ဘုရားရှင်ပေးသော ဘွဲ့ဂုဏ်တံဆိပ်ကြီးများ ဖြစ်ကြပါသည်။

http://www.dhammadownload.com

၄။ (က) ကုလဒူသက သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊
(ခ) ဘူတာရောစန သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊
(ဂ) တတိယပါဋိဒေသနီယ သိက္ခာပုဒ်ဖြင့် ပါဋိဒေသနီယအာပတ်၊
(ဃ) ဥဗဂိဋ္ဌန သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ် (ဘိက္ခုနီ)၊
(င) အပဂါရဏာ သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ် (ဘိက္ခုနီ)။

၅။ တွင်းလေးထောင့်ကုန်, တဖက်ဆည်ကုန်, ဇာတသဃရအိုင်, ဆားငန်ချောင်း သမုဒ္ဒရာ စသည်တို့အတွင်း၌ မစီးဆင်းဘဲ ငြိမ်သက်စွာ တည်နေသော ရေမျိုးကို အစပြု၍ အယုတ်ဆုံးအားဖြင့် နိမိတ်ကြားနိုင်မှ တူးအပ်သောတွင်းဟု၌ အိုးစသည်တို့ဖြင့် ဆောင်ယူလောင်းထုပ်အပ်သော ရေပင်ဖြစ်စေကာမူ ကမ္မဂါစာ ဆုံးသည်တိုင်အောင် တည်လျှင် နိမိတ်လောက်သော ရေပင်ဖြစ်ပါသည်။

ဒီဝဆ၏ အစွမ်းဖြင့် –

၁။ စာတုဒ္ဒသိဉုပုသ်၊ ပန္နရသိဉုပုသ်၊ သာမဂ္ဂိဉုပုသ်၊
၂။ သီဃဉုပုသ်၊
၃။ သုတ္တုဒ္ဒေသဉုပုသ်။

၆။ မကျပါ၊

မျက်မှောက်မတုတ်သူအား တမန်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ (တယ်လီဖုန်းဖြင့်) ပြောဆိုဆက်သွယ်၍ သိက္ခာချလျှင် မကျသောကြောင့် ဖြစ်သည်။

အာထဗ္ဗိတ ဗထောဝ ၆–မျိုး

(၁) ဝတ္ထု၊ (၂) ကာလ၊ (၃) ဩကာသ၊ (၄) အာဝုဝ၊
(၅) ဏ္ဍရိယာပထ၊ (၆) ကိရိယာဝိသေသ – တို့ဖြစ်ပါသည်။

၇။ ကံသည် နှိမ်နင်းကြောင်းဖြစ်သော နိဂ္ဂဟကံ၊ ချီးမြှောက်ကြောင်းဖြစ်သော ပဂ္ဂဟကံ–တု

http://www.dhammadownload.com

နှစ်မျိုးရှိရာ ဥ-ပါးထက် ပိုလွန်သော ရဟန်းတို့သည် သမုဒ္ဒာသန္နကံ ဟူသော နိဂ္ဂတကံပြုထိုက်သူများ မဟုတ်သောကြောင့် စတ္တာရော ဇ၊ ပဋ္ဌ ဇ-ဟုမဟောဘဲ "ကော ဇ၊ ဒွေ ဇ၊ တယော ဇ" ဟု ဟောတော်မူရခြင်းဖြစ်ပါသည်။

ကထိန်ခံသောရထန်း ပြုလုပ်ရမည့် အလုပ်များ

၁။ ခင်းလိုသော သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိရ်ပြုရမည်၊

၂။ သင်္ကန်းသစ်ကို ကပ္ပဗိန္ဒုထိုး၍ အဓိဋ္ဌာန်တင်ရပါမည်၊

၃။ ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ - စသည်ဖြင့် ကထိန်ခင်းရမည်၊

၄။ အတ္ထတံ ဘန္တေ ။ ပ ။ အနုမောဒထ- ဟု အနုမောဒနာပြုရန် တိုက်တွန်းရမည်၊

၅။ အတ္ထတံ ဘန္တေ ။ ပ ။ အနုမောဒါမိ - ဟု အနုမောဒနာပြုရမည်။

၈။ ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ၅-လ၊ ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ အထိ ၁-လတို့သည် **စီဝရအနာသမယ** မည်၏။

သမ္မာဒိဋ္ဌိကံ ပြုရန် ၂- မျိုး

(၁) ဝိနည်းဓိရ်ပုဂ္ဂိုလ်ထံ တိုက်ရိုက်ပြုသော သမ္မာဒိဋ္ဌိကံပွဲနာ၊

(၂) ဝိနည်းဓိရ်ပုဂ္ဂိုလ်ထံ အဝေးမှကိုယ်၌ နေသော ပုဂ္ဂိုလ် (သီတင်းသုံးဖော် တစ်ယောက်ယောက်)၏ အမည်ကိုယူ၍ ပြုသော သမ္မာဒိဋ္ဌိကံပွဲနာ-တို့ဖြစ်ပါသည်။

၉။ ထင်ရှားပြီ။

၁၀။ အာယသ္မန္တော ဘိက္ခု ..... ဝ ..... သကံ ဝိနဿာ"တိ (အနက်ရေးလေ)။

http://www.dhammadownload.com

ပထမပြဋ္ဌာန်းတော်မူရာ ဝိနည်းအခန်းကြီး

ပထမပြဋ္ဌာန်းတော်မူရာ ဗုဒ္ဓဝဂ်

၁၃၆၅-ခုနှစ် ဇန္နဝါရီလဆန်း (၁၂)ရက် (၁၀-၆-၂၀၀၃)ကြာသပတေးနေ့

၁။ သိတင်းသုံးဖော် ၅-ဦး၏ အာမည်ပါသော ဘိက္ခုသိက္ခာပုဒ်နှင့် ဘိက္ခုနီတို့ ရာဇာဂါရ(မင်းကွန်း) စသည်တို့ကို သွားမကြည့်ရ ပညတ်ထားသော သိက္ခာပုဒ်တို့ကို ပဋိဉ္ဉေးခဲ့ပါ။

၂။ ဘိက္ခုသံဃာတော် ဒဗ္ဗမလ္လပုတ္တသေဋ္ဌိ သိက္ခာပုဒ်နှင့် ဘိက္ခုနီအသိက္ခါစတို့ ပထမသံဃိက ဧစောတာပန သိက္ခာပုဒ်တို့ကို အနက်ဖေးခဲ့ပါ။

၃။ သပိတ်ဟောင်း၌ ၅-ဖွဲ့မပြည့်သေးဘဲ သပိတ်သစ် တောင်းသော ရတနာ်း၏ လိုက်နာရမည့် ကျင့်စဉ်များကို ညွှန်ပြ၍ ဂိလာန ရဟန်းများအတွက် ဘုရားရှင်ခွင့်ပြုခဲ့သော ဆေးပစ္စည်း များနှင့် သိမ်းဆည်း၍ စားနိုင်သော ရက်အဝေအတွက်တို့ကိုလည်း ဖေါ်ပြခဲ့ပါ။

၄။ စစ်တပ်ထဲ၌ တည်းခိုနေသော ရဟန်းများ သွား၍ မကြွသင့်ကြောင်းစသည့် နေရာဌာနများကို ပါဠိ+မြန်မာ နှစ်ဘာသာအားဖြင့် ဖေါ်ပြပြီးလျှင်၊ ကပ္ပဗိန္ဒုအစရှိသော ၃-မျိုးကိုလည်း ညွှန်ပြခဲ့ပါ။

၅။ ဘိက္ခုနီပါရာဇိကလာ အဌဝတ္ထုက ၈-ပါးသရုပ်တို့ကို ဖေါ်ပြ၍ ဘိက္ခုနီများ သံဃာဒိသေသ် အာပတ် ကုစားရာ၌ ပရိဝါသ် နေသင့်/မနေသင့် ဝိနယသာဓကပြ၍ဆုံးဖြတ်ခဲ့ပါ။

၆။ ဘိက္ခုနီတို့ ယောက်ျားများနှင့် တစ်ယောက်ချင်း မနေသင့်သော နေရာများကို ပြည့်စုံစွာ ဖေါ်ပြ၍ သိက္ခာမာန် ၃-မျိုးတို့၏ အထူးကိုလည်း ဖြေဆိုခဲ့ပါ။

၇။ သြမသဒါဒ သိက္ခာပုဒ်၌ ဆဲရေးကြောင်း ဝတ္ထု ၁၀-ပါးသရုပ်ကို ကခ်ီလာသည့်အတိုင်း ရေးခဲ့ပါ။

http://www.dhammadownload.com

၈။ ဒန္တာပေါနသိက္ခာပုဒ်၌ ပကာသပျက်ခြင်းငှါ ပြုပါအံ့နှင့် အကာမံမခံဘဲ သုံးဆောင်ခြင်းကြောင့် ဝတ္ထုဆုံးပါးကို ကဒီအာပတ်သင့်ကြ ရေးခဲ့ပါ။

၉။ တံတောင်ဆစ်အထက် လက်မောင်းကို သုံးဆယ်ပုဒ်ရှု၌ သာယာသော် ဘိက္ခုနီမအား အဘယ် အာပတ်သင့်သည်ကို အာပတ်သင့်ခြင်း၏ အကြောင်းနှင့်တကွ ရေးပြပြီးလျှင် ဥဿယ ဝါဒိကာဒို့၏ အဓိပ္ပါယ်ကိုလည်း ရေးပြခဲ့ပါ။

၁၀။ လသုဏအသိက္ခာပုဒ်၌ လသုဏ အဓိပ္ပါယ်ကို ရေးပြ၍ သဃ်ာဠိစာရသိက္ခာပုဒ်၌ သဃ်ာဠိစာရ တို့ကိုလည်း ကောက်ပြပြီးလျှင် သဃ်ာဠိစာရ၏ အဓိပ္ပါယ်ကိုလည်း ရေးပြခဲ့ပါ။

တယားပြည့်နှယ်
ပထမကြိုးတန်း ။ ။ဒွေမာတိကာဘာသာ (အခြေခံ)

၁။ ဘိက္ခု ဝိကပ္ပနသိက္ခာပုဒ်နှင့် ဘိက္ခုနီ စိတ္တာဂါရဝဂ် ရာဂါရ သိက္ခာပုဒ်တို့ကို ပြဋ္ဌေးလေ။

၂။ ထင်ရှားပြီ။

၃။ **လိုတ်နာရမည့် ကျင့်ဝတ်များ**

သပိတ်အသစ်ကို တောင်းသော ရဟန်းသည် ထိုတောင်းထားသော သပိတ်ကို ရဟန်း ပရိသတ်၌ စွန့်ရမည်။

ရဟန်းပရိသတ်၌ အယုတ်ဆုံးဖြစ်သော် သုံစိတ်ကို သပိတ်အသစ်တောင်းသော ရဟန်းအား "ရဟန်း သင်သည် ဤသပိတ်ကို ကွဲသိမ့်သိမ့်ဖြစ်အောင် သုံးတောင်ထား ရမည်" ဟု ပြောဆို၍ ပေးရမည်၊ ဤကား လေ့ကျက်ရာတရား ကျင့်ဝတ်ဖြစ်၍ လိုက်နာကျင့်ရမည့် ကျင့်ဝတ်မည်ပါသည်။

http://www.dhammadownload.com

ဗမာစကြိုးတန်း ဝဏ္ဏ+အဇ္ဈိုဠ်

ဂိလာနများအတွက် ဆုရားရှင်စွင့်ပြုခဲ့သော ဆေးဝစ္စည်းများ

သပ္ပိ - ထောပတ်၊ နဝနီတ - ဆီဦး၊ တေလ - ဆီ၊ မဓု - ပျားရည်၊ ဖာဏိတ-တင်လဲ့ တို့ဖြစ်ပါသည်။

ထိုဆေးတို့ကို အကပ်ခံ၍ ဂ-ရက်ပတ်လုံး သိပ်မှီ၍ စားနိုင်သည်။

၄။ ရတနာတော်များသွား၍ မတြည့်ကောင်းသော နေရာဌာန ဇီဇ္ဈိ + ဖြန်မာ

ဥယျာဓိက - တက်၍ တက်၍ ထိုးပစ်ရာဌာန၊

ဗလဂ္ဂ - ခိုလှိုက်ရဲမက် ရေတွက်ရာဌာန၊

သေနာဗျူဟ - စစ်ဆင်ရာနေရာဌာန၊

အနိကဿန - ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ လက်နက်စွဲသော ရဲမက်တို့ ဖြစ်သည်။

တဝွဓိန္ဒ အမျိုးအစား ၃-မျိုး

၁။ နီလ - စိမ်းညိုသော အဆင်း၊

၂။ ကဏ္ဍ - ညွှန်၊

၃။ ကာဠသာမ - မည်းနက်သော အဆင်းတို့ဖြစ်ပါသည်။

၅။ အဌဝတ္ထုတာ ၈-ပါး သရုပ်

(၁) ကာယသံသဂ္ဂရာဂဖြင့် စိုစွတ်လျက် ကာယသံသဂ္ဂရာဂစိုစွတ်သော ယောကျ်ား၏ လက်ကို ကိုင်ခြင်း၌ သာယာခြင်း၊

(၂) သင်္ကန်းစွန်းကို ကိုင်ခြင်း၌ သာယာခြင်း၊

(၃) ယောကျ်း၏ ဟာသပါသ်၌ ရပ်ခြင်း၊

(၄) ဟာသပါသ်၌ ရပ်၍ စကားပြောခြင်း၊

(၅) ချိန်းချက်ရာအရပ်သို့ သွားခြင်း၊

(၆) ယောကျ်း၏ လာခြင်းကို သာယာခြင်း၊

(၇) ဖုံးကွယ်ရာအရပ်သို့ ဝင်ခြင်း၊

http://www.dhammadownload.com

(၈) မိမိ၏ ကိုယ်ကို ကာယသံသဂ္ဂတူသော မသူတော်တရားမှိုဝဲရန် ယောက်ျားသို့ ရှေးရှုဆောင်ခြင်း အားဖြင့် ၈-ပါးဖြစ်ပါသည်။

ဘိက္ခုနီမများ သံဃာဒိသေသ် အာပတ်ကုစားရာ၌ ပရိဝါသ်မနေသင့်ပါ။

ဆာဓကတား – ယေသံ ဘိက္ခုနီ အညတရံ ဝါ အညတရံ ဝါ အာပဇ္ဇတိ၊ တာယ ဘိက္ခုနိယာ ဥဘတောပက္ခေ ပက္ခမာနတ္တံ စရိတဗ္ဗံ၊ စိဏ္ဏမာနတ္တာ ဘိက္ခုနီ ယတ္ထ သိယာ ဝိသတိဂဏော ဘိက္ခုနိသံဃော၊ တတ္ထ သာ ဘိက္ခုနီ အဇ္ဇေတဗ္ဗာ – ဖြစ်ပါသည်။

၆။ **ဘိက္ခုနီတို့ ယောက်ျားများနှင့် တစ်ယောက်ချင်း မနေသင့်သော နေရာများ**

(၁) အရောင်အလင်း ကင်း၍ ညဉ့်မှောင်မိုက်နေသော နေရာ၊

(၂) နှံ့ရံစသည်ဖြင့် ပိုးလွှမ်းသော နေရာ၊

(၃) ဟင်းလင်းပြင် လွင်တီးခေါင်ဖြစ်သော နေရာ၊

(၄) ခရီးလမ်းမ, ထုတ်ခြင်းမထွင်းသော ခရီး, ခရီး လမ်းဆုံနေရာ –တို့ဖြစ်သည်။

သိက္ခာမာန် ၃-မျိုး

၁။ အသက် ၁၈-နှစ်မပြည့်သေးသော ယောက်ျားတစ်ပါးသွားလာအပ်ပြီးသော သိက္ခမာန်သည် **ဂိတိဝတာ သိက္ခာမာန်၊**

၂။ အသက် ၁၈-နှစ်မှ ၂၀-အတွင်း အပျိုစင်ဖြစ်သော သိက္ခမာန်သည် **ကုမာရိဘူတ သိက္ခာမာန်၊**

၃။ အသက် ၂၀-ကျော်ပြီးသော သိက္ခမာန်များသည် **မတာသိက္ခမာန်၊** ဤသို့ထူးပါသည်။

၇။ ကရင်ပြည်နယ် နံပါတ် ၈- ၌ ပြေပြီး။

http://www.dhammadownload.com

၈။ **ဒန္တဇေါန သိက္ခာပုဒ်၌ အာဇီဝပ်က်ကြောင်း အင်္ဂါ ၆–ပါး**

၁။ အာလယပြတ်စွန့်ခြင်း (လက်ကလွတ်မှ အာဇီဝပ်ကသည်)

၂။ သိက္ခာချခြင်း

၃။ သူတစ်ပါးအား ပေးခြင်း

၄။ လူသူတို့ လုယူခြင်း

၅။ သေခြင်း

၆။ ဘိက္ခုအဖြစ်မှ ဘိက္ခုနီအဖြစ်၊ ဘိက္ခုနီအဖြစ်မှ ဘိက္ခုအဖြစ် လိင်ပြန်ခြင်း အားဖြင့် ၆–ပါးဖြစ်ပါသည်။

ဆောင်း စွန့်, ချ, ပေး, လု၊ မစွဲ, လိင်ပြန်၊ ဤ ၆– တန်၊ ကပ်ခံပျက်ကြောင်းတည်း၊

အာဇီဝမစင်သဲ့ ဘုဉ်းပေးဆုံးဆောင်ကောင်းသော ဝတ္ထု ၃–ပါး

(၁) ရေ၊ (၂) ဒန်ပူး၊ (၃) မဟာဝိကဋဆေးများ ဖြစ်ပါသည်။

၉။ တတောင့်ထွာအထက် လက်မောင်းကိုလည်း ဥဇ္ဇာဏုမဇ္ဈလအရှည် သွင်းယူအပ်သောကြောင့် တံထောင်ဆစ်အထက် လက်မောင်းကို သုံးသပ်ရာ၌ သာယာသော ဘိက္ခုနီမအား ပါရာဇိက အာပတ်သင့်ပါသည်။

ဥဿယဝါဒိကာ အဓိပ္ပါယ်

ထောင်လွှားတက်ကြွသော မာန၏ အစွမ်းဖြင့်၎င်း၊ ကောဓ၏ အစွမ်းဖြင့်၎င်း၊ တရားစွဲမှီပြုခြင်းအကျိုးငှါ တရားဆုံးဖြတ်တတ်သော တရားသူကြီးတို့၏ အထံ၌ ငြင်းဆိုခြင်းကို ဥဿယဝါဒိကာ–ဟုခေါ်သည်။

၁၀။ **လသုဏသိက္ခာပုဒ် လသုဏ အဓိပ္ပါယ်**

မာဂဓတိုင်း၌ ဖြစ်သော အစိမ်းဖြစ်၍ များသော အမြှောင်ရှိသော ကြက်သွန်ပြူကိုသာ လသုဏ ဟုခေါ်ပါသည်။

ကရင်ပြည် နံပါတ် ၁၀–၌ အဖြေရှု။

http://www.dhammadownload.com

ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (တရင်ပြည်နယ်)
ပထမကြီးတန်း ။ ဒွေမာတိကာ ဆာသာ
၁၃၆၅-ခု၊ နှောင်းတန်ခူးလဆန်း (၁၂)ရက် (၁-၄-၂၀၀၄) ကြာသပတေးနေ့

၁။ ကျောင်းတိုက်အတွင်း လူတို့မေ့ကျန်ခဲ့သော ဇရ ဌေစသောရတနာပစ္စည်းများကို ကောက်ယူသိမ်းထားခြင်းနှင့် ပတ်သက်၍ ရဟန်းတော်များ လိုက်နာကျင့်သုံးရမည့်သိက္ခာပုဒ်ကို ပါဠိဖွင့်ရေးခဲ့ပါ။

၂။ အောက်ပါတို့ကို အနက်ယောဇနာခဲ့ပါ –

(က) ဘေးအန္တရာယ်မကင်းသော နေရာမျိုး၌ အဖော်ကုန်သည်မပါဘဲ ပြင်ပနိုင်ငံသို့ ခရီးသွားသော ရဟန်းမအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်။

(ခ) မိတာနှင့် လင်သားတို့ ခွင့်ပြုချက်မရသော သိက္ခမာန်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးသဖြင့် အပြစ်သင့်ပုံပြ သိက္ခာပုဒ်။

၃။ အဘယ်ကို ဥပုသ်ပြုဟု ဆိုသနည်း ပါဠိသာဓကပြ ဖြေဆို၍ တိုက်ရိုက်လည်းမသတ်အသတ်လည်းမဆိုင်းဘဲ သေချင်နေသူ အလွယ်တကူရအောင် လက်နက်ရှာ၍ ထိုသူအနီး၌ချထားရာ ထိုလက်နက်ဖြင့် သူကိုယ်သူ သတ်၍ သေလျှင် လက်နက်ရှာ၍ ပို့ထားသူ ရဟန်းအား ဝါရာဇိက ကျ/မကျ ပါဠိသာဓကပြ၍ ရှင်းလင်းဖြေဆိုပါ။

၄။ အခင်းသစ်ကိုပြုလုပ်လိုသော ရဟန်းအား ယူရမည့် သိုးမွေးပမာဏကို ဒွေဘာဂသိက္ခာပုဒ်လာအတိုင်း ညွှန်ပြ၍ ရဟန်းတော်များ ဘိက္ခုနီမနှင့်အတူ ခရီးသွားကောင်းသော အခါများကိုလည်း ရေးသားခဲ့ပါ။

၅။ သေဓိယသိက္ခာပုဒ် (၇၅)ပါးတွင် အလယ်တည့်တည့်သိက္ခာပုဒ်ကိုသာ ပါဠိပျှရေးသား၍ အဓိကရုဏ်းလေးပါးကိုလည်း သမထ ၇-ပါးနှင့် အသိုးသီးတွဲစပ်ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၆။ အောက်ဖော်ပြပါ ရဟန်းမိန်းမတို့အား အဘယ်အာပတ်များသင့်နိုင်ပါသနည်း သိက္ခာပုဒ် အမည်တပ်၍ ဖြေဆိုပါ –

(က) စိုက်ပျိုထားသော ကောက်ပဲသစ်ပင်ရှိသော လယ်အရာမ်ထဲ၌ အမှိုက်စွန့်ခိုင်းသော ရဟန်းမ။

(ခ) နိုင်ငံကျော် အဆိုတော်များ၏ ဂီတပွဲတော်ကို ကြည့်ရှု, နားထောင်ရန် သွားသော ရဟန်းမ။

(ဂ) တရားအားလျော်သော သင်္ကန်းဝေဘန်ခြင်းကို တားမြစ်သော ရဟန်းမ၊

(ဃ) မင်း၏ ကစားရာအိမ်, ကစားရာရေကန်သို့ သွားရောက်ကြည့်ရှုသော ရဟန်းမ၊

(င) နို့သာဖြင့် ထုံအပ်သော နှမ်းမှုန့်ညက်ဖြင့် ရေရှိုးသော ရဟန်းမ။

၇။ ဝေဏိဂ္ဂါတံ၏ –ဉ် ဝေဏိအရကို ကမ္မဓာရည်အတိုင်းဖော်ပြ၍ ရှုပ်ယသိက္ခာပုဒ် (ဇာတရူပသိက္ခာပုဒ်)လာ ရဇတအရကိုလည်း ဖော်ပြခဲ့ပါ။

၈။ ဩမသဒ္ဒါဒ သိက္ခာပုဒ်လာ ဆဲရေးတိုင်းထွာကြောင်း ဝတ္ထု ၁၀–ပါးကို စုံလင်စွာ ရေးသားခဲ့ပါ။

၉။ ပဏိတဘောဇနသိက္ခာပုဒ်လာ ပဏီတဘောဇနာနိ –၌ ပဏီတအရနှင့် အန္တရပေါနသိက္ခာပုဒ်လာ အဒိန္နအရတို့ကိုလည်း ကမ္မဓာရည်အတိုင်းဖော်ပြခဲ့ပါ။

၁၀။ အဖေ့ထံမှ စပါးစိမ်းကို တောင်းသော ရဟန်းမအား အပြစ်မှ လွတ်/မလွတ် ဖြေဆို၍ သဃ်ဘဒိုစာရံ –၌ သဃ်ဘဒိုနှင့် သဃ်ဘဒိုစာရ၏ အဓိပ္ပါယ်ကိုလည်း ရေးသားခဲ့ပါ။

http://www.dhammadownload.com

တရင်ပြည်နယ်

ပထမကြိုးတန်း ။ ဒွေမာတိကာ ဘာသာ (အဖြေ)

၁။ ရတနာသိက္ခာပုဒ် (ပါဠိ)။

၂။ (က) တိရောရဋ္ဌ သိက္ခာပုဒ်၊
(ခ) အနနုညာတ သိက္ခာပုဒ် အနက်ရေးလေ။

၃။ ပါရိသုဒ္ဓိ အာယသ္မန္တော ဥပေါသထံ ကရေယ္ယ၊ ပါတိမောက္ခံ ဥဒ္ဒိသေယ္ယ ပါတိမောက္ခံ ဥဒ္ဒိသာမိ –ကို ထောက်၍ စင်ကြယ်သော သီလနှင့် ပြည့်စုံသော သီတင်းသုံးဖော်တို့ ရွတ်ဆိုခြင်း၊ နာကြားခြင်းအားဖြင့် ကျင့်သုံးအပ်သောကြောင့် ပါတိမောက်ရွတ်ဖတ်မှုကို ဥပုသ်ပြုသည်ဟု ခေါ်ပါသည်။

သတ္ထုဟာရကံ ဝါသ ပရိယေသေယ္ယ –ကို ထောက်၍ တိုက်ရိုက်မသတ် အသတ်မခိုင်းသော်လည်း သေချင်နေသူ အလွယ်တကူသေလို့ရအောင် လက်နက်ရှာ၍ ထိုသူ့အနီး၌ချထားရာ ထိုလက်နက်ဖြင့် သူ့ကိုယ်သူ သတ်သေလျင် ပါရာဇိကကျပါသည်။

၄။ ကချင် နံပါတ် ၃– တွင် ပြေပြီး။

ရခိုင် နံပါတ် ၆– (က) တွင် အဖြေရှု။

၅။ ဥဗ္ဘာနသညီ သိက္ခာပဒ (ပါဠိ)

ဝိဓါနိကရဏား = သမ္မုခါဝိနည်း၊ ယေဘုယျသိက။
အနုဝါနိကရဏား = သမ္မုခါဝိနည်း၊ သတိဝိနည်း၊ အမူဠှဝိနည်း=တဿပါဝိယသိက။
အာပတ္တာဓိကရဏား = ပ္ပဝါဠိနည်း၊ ပဋိညာယကရဏ=တိဏဝတ္ထာရက။
ကိစ္စာဓိကရဏား = သမ္မုခါဝိနည်း။

http://www.dhammadownload.com

၆။ (က) သုဒ္ဓပါဓိတ် ဒုတိယဉ္စာရဆဉ္ဆနသိက္ခာပုဒ်
(ခ) သုဒ္ဓပါဓိတ် နစ္စဂီတသိက္ခာပုဒ်
(ဂ) သုဒ္ဓပါဓိတ် ပဋိဂ္ဂဟနသိက္ခာပုဒ်
(ဃ) သုဒ္ဓပါဓိတ် ရာဇာဂါရသိက္ခာပုဒ်
(င) သုဒ္ဓပါဓိတ် ဝါသိတကသိက္ခာပုဒ်။

၇။ ရောဝတီ နံပါတ် ၈- တွင် အဖြေရှု။
ငွေတုံး ငွေခဲအသပြာနှင့် ရောင်းဝယ်၍ ရနိုင်သော ကြေးပဲ သစ်သားပဲ ရိုပ်ပဲ စသော ပိုက်ဆံတို့ကို ရဇတအရ ယူရပါသည်၊

၈။ ၁။ ဇာတ်နှင့်စပ်၍ ဆဲရေးခြင်း
၂။ အမည်နှင့်စပ်၍ ဆဲရေးခြင်း
၃။ အနွယ်နှင့်စပ်၍ ဆဲရေးခြင်း
၄။ အလုပ်အကိုင်နှင့်စပ်၍ ဆဲရေးခြင်း
၅။ အတတ်ပညာနှင့်စပ်၍ ဆဲရေးခြင်း
၆။ အနာရောဂါနှင့်စပ်၍ ဆဲရေးခြင်း
၇။ အသွင်အပြင်နှင့်စပ်၍ ဆဲရေးခြင်း
၈။ လောဘစသည်နှင့်စပ်၍ ဆဲရေးခြင်း
၉။ အာပတ်နှင့်စပ်၍ ဆဲရေးခြင်း
၁၀။ မေထုန်အင်္ဂါနှင့်စပ်၍ ဆဲရေးခြင်း -တို့ပြစ်ပါသည်။

၉။ **ပဏီတ**-အရ သပ္ပိ, နဝနီတ, တေလ, မဓု, ဖာဏိတ, မစ္ဆ, မံသ, ခီရ, ဒဓိ တို့သော ကိုးမျိုးရပါသည်။

အဒိန္နအရ - ကာယ, ကာယပဋိဗဒ္ဓ တစ်မျိုးမျိုးဖြင့် အကပ်ခံသော ရဟန်း၏ ဟတ္ထပါသ်၌ တည်၍ ကာယ,ကာယပဋိဗဒ္ဓ, နိဿဂ်ိယ သုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် မပေးအပ် အကပ်မခံအပ်သော အာဟာရကို ရယူပါသည်။

http://www.dhammadownload.com

၁၀။ အမေ့ထံမှ စပါးစိမ်းကို တောင်းသောရဟန်းမအား အပြစ်မှမလွတ်ပါ။

တိစီဝရိတ်, ရေသန့်ပဲ, ရင်စီးတဘက်ဟူသော သင်္ကန်းငါးထည်တို့သည် သုံးစွဲခြင်း၏ အစွမ်းအားဖြင့်ငင်း၊ နေလှမ်းခြင်း၏ အစွမ်းအားဖြင့်ငင်း၊ ချုပ်စပ်အပ်သောကြောင့် "ဆဿံဒို–ဟု ခေါ်ပါသည်။

ဤသင်္ကန်းငါးထည်တို့ကို လဲလှယ်ခြင်းကို ဆဿံဒို့စာရ ဟု ခေါ်ပါသည်။

ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမတိုးတန်း ဒုတိယ (ဒွေဆတိကာ) ဘာသာ
၁၃၆၅–ခုနှစ် ဧကောင်းတန်ခူးလဆန်း (၁၂)ရက် (၁၈၄–၂၀၀၃)ကြာသပတေးနေ့

၁။ သင်္ဃိုင်ရာပုဂ္ဂိုလ်တို့က သင်္ကန်းဘိုး စေလိုက်သည့်အတွက် ရဟန်းတော်ထံသို့တိုက်ရိုက်ချဉ်းကပ်၍ တမန်ပြစ်သော ဒကာတော်က ရဟန်းတော်အား လျှောက်ထားပုံပြု ဝိနယပါဠိတော်တို့ကို အောက်ဖော်ပြပါ ညွှန်ကြားချက်များနှင့်အညီ ရာဇသိက္ခာပုဒ်မှ ထုတ်နှုတ်၍ ရေးသားပြပါ –

(က) ပထမစကားရပ်ပြပါဦး၊

(ခ) ဒုတိယစကားရပ်ပြပါဦး၊

(ဂ) တတိယစကားရပ်ပြပါဦး။

၂။ ပါပသမာစာရဘိက္ခုနီတို့အား အခြားဘိက္ခုနီတို့က ပြောဆိုဆုံးမပုံပြု စကားရပ်ပါဦး တော်တို့ကို ပါပသမာစာရသိက္ခာပုဒ်မှ ထုတ်နှုတ်၍ အနက်ယောဇနာပြပါ။

၃။ (က) နိဋ္ဌိတစီဝရ၊ (ခ) ဥဇ္ဇာတကထိန၊ (ဂ) အတိရေကစီဝရ–တို့၏ သဘောအဓိပ္ပါယ်တို့ကို ကျမ်းရင်းအနက်သွား စဉ်းစား၍ ပြေဆိုပြပါ။

http://www.dhammadownload.com

၄။ သာသနာ့ဝန်ထမ်း ရဟန်းတော်တို့သည် အဘယ်ပုဂ္ဂိုလ်တို့အား ခဲ့ဖွယ်, ဘောဇဉ်များကို ကိုယ်တိုင်မပေးသင့်ကြောင်း ရှင်တော်ဘုရားဟောတော်မူထားပါသနည်း? အစေလက သိက္ခာပဒ–အရ ဖြေဆိုရ၍၊ ဥနဝိသတိဝဿ ပုဂ္ဂိုလ်ကို ရဟန်းခံပေးမိသည့်အတွက်ရရှိနိုင်သော အပြစ်များကို ပါဠိတော်လာအတိုင်း ပုဂ္ဂိုလ်အလိုက် ခွဲခြားဖြေဆိုပါ။

၅။ ဘိက္ခုနီပါတိမောက်လာ အဋ္ဌဝတ္ထုကာသိက္ခာပုဒ်၌ နောက်ဆုံးဝတ္ထု၏ သဘောအဓိပ္ပါယ်ကို မှန်ကန်စွာဖြေဆိုရ၍၊ ပဌမသံဃိကစေတာပနသိက္ခာပုဒ်–အရ ဘိက္ခုနီအား နိဿဂ္ဂိယိစိတ် အာပတ် သင့်ရုံကိုလည်း ကျမ်းရင်းလာအတိုင်း ဖြေဆိုပြပါ။

၆။ ဘိက္ခုနီတို့အနေဖြင့် အမျိုးသားတစ်ယောက်နှင့် တစ်ယောက်ချင်းချင်း စကားမပြောသင့်သော နေရာတို့ကို ဒုတိယိတ္ထိဥပေါဇနသိက္ခာပုဒ်လာအတိုင်း ဖြေဆိုပြ၍၊ ပဌမဂိဟိဂတသိက္ခာပုဒ်–အရ ပဋိုးခံမပေးထိုက်သော ပုဂ္ဂိုလ်အမျိုးအစားကိုလည်းထုတ်ဆောင်ပြပါ။

၇။ ကာလီအဋ္ဌကထာကျမ်းရေးသားဘို့ရန်အတွက် တောင်းပန်လျှောက်ထားသော ဆရာတော် ဘဒ္ဒန္တသောဏမဟာထေရ်ပြတ်ကြီး၏ ကြည်ညိုဖွယ်ရာ ဂုဏ်အင်္ဂါရုပ်များကို ပါဠိ/မြန်မာ နှစ်ဘာသာဖြင့် မှန်ကန်စွာ ဖြေဆိုပြပါ။

၈။ သာသနာတော်၌ အလွန်အရေးပါလှသော သိမ်နှင့်ပတ်သက်၍ (က) ဗဒ္ဓသိမ်၊ (ခ) အဗဒ္ဓသိမ် တို့၏ အပြားဘေဒကို မှန်ကန်စွာ ထုတ်ဆောင်ပြပါ။

၉။ ဒကာတစ်ယောက်က ပြတ်ပု ပိန္ဒဲသီးစသည်တို့ပြင့် ရောနှော၍ ချက်ထားသော ဓါး အမဲကို ယူလာကာ "ပြတ်ဖုဘင်းကို အလှူခံယူကြကုန်လော့၊ ပိန္ဒဲလက်သုပ်ကိုအလှူခံကြပါကုန်လော့" ဟု လျှောက်ထားရာ၌ ပယ်သောရဟန်းအား ပဓါရိတ် သင့်/မသင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

http://www.dhammadownload.com

၁၀။ ဘိက္ခုနိုပါတိမောက်လာ ပါရိဝါသိယဆန္ဒအိုနေန–၌ ''ပါရိဝါသိယသရူပ''ကို မမှားအောင် ထုတ်ဆောင်ပြ၍ ဘိက္ခုနိုတို့အား အာဘယ်အကျိုးငှါ ရင်လွှမ်းတာဘက်ကို ရှုင်တော်ဘုရား ပညတ်တော်မူရပါသနည်း? ကခ်ီအဋ္ဌကထာနှင့် အညီ ပြေဆိုပြပါ။

ချင်းပြည်နယ်
ပထမကြိုးတန်း ဝိနယ ဒွေမာတိကာဘာသာ (အဖြေ)

၁။ (က) ''ဣဒံ ဒေါ် ဘန္တေ အာယသ္မန္တံ ဥဒ္ဒိဿ စီဝရစေတာပန္နံ အာဘတံ၊ ပဋိဂ္ဂဏှာတု အာယသ္မာ စီဝရစေတာပန္နံ'' ဆို၍

(ခ) ''အတ္ထိ ပနာယသ္မတော ကောစိ ဝေယျာဝစ္စကရော''တိ၊

(ဂ) ''ယံ ဒေါ် ဘန္တေ အာယသ္မာ ဝေယျာဝစ္စကရံ ဒိန္နံသိ၊ သညတ္တော သော မယာ၊ ဥပသင်္ကမတာယသ္မာ ကာလေန စီဝရေန တံ အစ္ဆာဒေဿတိ''တိ။

၂။ ''ဘဂိနိယော ဒေါ် သံသဋ္ဌာ ဝိဟရန္တိ ..... ပ ..... ဝိဇဝကညော ဘဂိနိနံ သံယော ဝဏ္ဏောတိ''တိ။ (အနက်ရေးလေ)

၃။ (က) ရဟန်း၏ သင်္ကန်းသည် အပ်ချုပ်မှုပြီးဆုံးခြင်းလည်းကောင်း၊ ပျောက်သော်လည်းကောင်း၊ ပျက်စီးသော်လည်းကောင်း၊ မီးလောင်သော်လည်းကောင်း၊ သင်္ကန်းရနိုးခြင်း၏ပြတ်ခြင်းသည် **နိဋ္ဌိတစီဝရ** မည်ပါသည်။

(ခ) ကထိန်ခင်းထားသဖြင့် ရရှိနေသောအရှိန်အဝါ အကျိုးအာနိသင်များကို ရပ်သိမ်းလိုက်ခြင်းသည် **ဥဒ္ဒဿတာထိန** မည်ပါသည်။

(ဂ) အဓိဋ္ဌာန်သော်လည်း တင်ထားအပ် ဝိကပ္ပနာသော်လည်း ပြုထားအပ်သော သင်္ကန်းတို့တွင် မပါဝင်ဘဲ ထိုသင်္ကန်းတို့မှ အပိုလျှံပြစ်သော သင်္ကန်းသည် **အတိရေက-စီဝရ** မည်ပါသည်။

http://www.dhammadownload.com

၄။ (၁) အဓေလက – အဝတ်မဝတ်သော တကွဉ်နှန်း၊
(၂) ပရိဇ္ဇာဇက – ပရိဗိုဇ်၊
(၃) ပရိဇ္ဇာဇိကာ – ပရိဗိုဇ်မ။

(၁) ရဟန်းလောင်း ရဟန်းမဖြစ်ခြင်း၊
(၂) ကာရကသံဃာ အားလုံး ဒုက္ကဋ် အာပတ်သင့်ခြင်း၊
(၃) ဥပဇ္ဈာယ် ဆရာမှာ ပါစိတ်အာပတ်သင့်ခြင်း တို့ဖြစ်ပါသည်။

၅။ ကာယသံသဂ္ဂဟူသော မသူတော်တို့၏ တရားကို ဗိဒဲရန် ကိုယ်ကို အနိုးသို့ ဆောင်ခြင်း။

အကြင်ဘိက္ခုနီမသည် တစ်ပါးသောသက်နှံးအကျိုးငှါ လူအပ်သော တစ်ပါးသော သက်နှံးအကျိုးငှါညွှန်း၍ လူအပ်သော သံဃာအား စွန့်အပ်သော ကပ္ပိယဘဏ္ဍာဖြင့် တစ်ပါးသော ဆေးကိုဝယ်ခိုင်းခြင်းကြောင့် နိဿဂ္ဂိယပါစိတ်အာပတ်သင့်ပါသည်။

၆။ (၁) ရထိကာယ – ရထားသွားလောက် ထုပ်ခြင်းပေါက်သော လမ်းမ၊
(၂) ဗျူဟ – ထုပ်ခြင်း မပေါက်သော လမ်း၊
(၃) သိင်္ဃာဋက – လမ်းဆုံ လမ်းခွ။

အသက် ၁၂-နှစ်မပြည့်သေးသော ယောကျ်ားအထူးသွားလာဘူးသော မိန်းမဖြစ်ပါသည်။

၇။ (၁) သူရတ – ကောင်းသောအမှု၌ မွေ့လျော်ခြင်း၊
(၂) နိဝါတ – နှိမ်ချအပ်ပြီးသော ကိုယ်အမူအရာ, နှုတ်အမူအရာတို့ ရှိခြင်း၊
(၃) သုစိသလ္လေခဝုတ္တိ – စင်ကြယ်သန့်ရှင်းဖော်ငြီးပါးသော အသက်မွေးမှုရှိခြင်း၊
(၄) ဝိနယာစာရယုတ္တ – ဝိနည်းတသိလ, စာရိတ္တသိလနှင့် ယှဉ်ခြင်းတို့ဖြစ်ပါသည်၊

http://www.dhammadownload.com

၈။ (၁) ခဏ္ဍသိမ်၊
(၂) သမာနသံဝါသသိမ်၊
(၃) အဝိပ္ပဝါသသိမ် ဟု ၃-မျိုးရှိပါသည်။

(၁) ဂါမသိမ်
(၂) သတ္တုဗ္ဘန္တရသိမ်
(၃) ဥဒကုက္ခေပသိမ် ဟု ၃-မျိုးရှိပါသည်။

၉။ ငါး, အမဲရောချက်ထားသော ပြိတ်ဖုဟင်း ပိန္ဒဲလက်သုတ်ကို ရဟန်း၏နှစ်တောင်ထွာ ဟတ္ထပါသ်သို့ ဆောင်ယူ၍ ချထားပြီးမှ "ပြိတ်ဖုဟင်းကို အလှူခံယူကြကုန်လော့၊ ပိန္ဒဲလက်သုပ်ကို ခံယူကြကုန်လော့"ဟု လျှောက်ထားသော်လည်း ကိုယ်ဖြင့်ရှေးရှုဆောင်ခြင်း မဟုတ်သောကြောင့် ပယ်သောရဟန်းအား ပဝါရိတ် မသင့်ပါ။

အနည်းအငယ်မျှောက်၍ ဖြစ်ဧ စောင်း၍ ဖြစ်ဧ အလှူခံယူကြကုန်လော့-ဟု လျှောက်ထားလျှင် ကိုယ်ဖြင့် ရှေးရှုဆောင်ခြင်းကြောင့် ပယ်သောရဟန်းအား ပဝါရိတ် သင့်သည်။

၁၀။ (၁) ပရိသ ပါရိဝါသိယ
(၂) ရတ္တိ ပါရိဝါသိယ
(၃) ဆန္န ပါရိဝါသိယ
(၄) အဇ္ဈာသယပါရိဝါသိယ

ညှပ်ရိုးနှစ်ဘက်၏ အောက် ချက်၏အထက်-ဟုဆိုအပ်သော ကိုယ်အရပ်ကို ပုံးလွှမ်းခြင်း အကျိုးငှါ ရင်လွှမ်းတာဘက်ကို ရှင်တော်ဘုရား ခွင့်ပြုသည်။

http://www.dhammadownload.com

ပထမပြန်စာမေးပွဲကျင်းပရေး ဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်း)
ပထမကြိုးတန်း ။ ။ဝိနယ(ဒေဝဓတ်တော) ဘာသာ
၁၃၆၅-ခုနှစ် နှောင်းတန်ခူးလဆန်း (၂)ရက်၊ (၂၂-၃-၂၀၀၄) တနလ်ာနေ့

၁။ (က) ရာဇ သိက္ခာပုဒ်လာ သုံးကြိမ်တောင်း, ဩဂာက်ကြိမ်ရုပ်၍ မရသောအခါ မင်း,မင်း၏ အမတ်ထံ ပြောဆိုပုံပြု စကားရပ်နှင့် (ခ) မောဟနသိက္ခာပုဒ်လာ မသိယောင်ဆောင်ပုံပြု စကားရပ်တို့ကို ပါဠိဋ္ဌေးခဲ့ပါ။

၂။ (က) အဆိပ်ဆေးဖေါ်စပ်နည်းကို သင်ယူသော ဘိက္ခုနီများ၏ အပြစ်ပြု သိက္ခာပုဒ်နှင့် (ခ) မဟာသိက္ခမာန် ဆိုင်ရာပြု သိက္ခာပုဒ်တို့ကို အနက်မှန်စွာရေးခဲ့ပါ။

၃။ (က) ရာဇသိက္ခာပုဒ်လာ ''လာခဲ့ရာစကား၏ စင်ကြယ်ပုံပြု ဝါကျ''ကို စကားပြေ ရေးသား၍၊ (ခ) နိဿဂ္ဂိယိစတ်လာ''ပရမ''သဒ္ဒါပါသော သိက္ခာပုဒ်တို့ကို သရုံးမျှ ဖော်ပြခဲ့ပါ။

၄။ (က) နဟာနသိက္ခာပုဒ်လာ ဥဏ္ဏာသမယ, ပရိဠာဟသမယတို့အရ ရက်တို့ဖြင့် တိကျစွာ ပိုင်းခြားပြ၍၊ (ခ) အကဋ္ဌာနဓမ္မေန-၌ ''အကဋ္ဌာနဓမ္မ''အရကိုလည်း ဖော်ညွှန်းခဲ့ပါ။

၅။ (က) ညနေခင်းအချိန် ရွာတွင်းသို့ဝင်းသွားသောရဟန်းများ လိုက်နာကျင့်သုံးရမည့် စည်းကမ်းကို ထိမိစွာ ရေးပြ၍၊ (ခ) ''ကပ္ပါ''အမည်ရသော မိန်းမ (၂)မျိုးကိုလည်း ထုတ်ပြခဲ့ပါ။

၆။ ဘိက္ခုနီပါတိဒေမာက်လာ အောက်ပါတို့ကို တိကျစွာ ပြေဆိုခဲ့ပါ -

(က) ယာဝတတိယကသိယာဒိသေသ သိက္ခာပုဒ်အမည်များ၊

(ခ) ရေသနုပ်သက်နှံး၏ အလျားပမာဏ (မဖျိမပုရိသအထွာဖြင့်)၊

(ဂ) ရေသနုပ်သက်နှံး၏ အနုံပမာဏ (ပကတိပုရိသအထွာဖြင့်)။

http://www.dhammadownload.com

၇။ အဘ္ဘန္တရတစ်ခုလျှင် အတောင်မည်မျှရှိသည်–ဟု ညွှန်ပြ၍ သတ္တ ဘ္ဘန္တရသိမ်သည် အဘယ်၏ အစွမ်းဖြင့် ကျယ်ပြန့်လာသည်ကို ရေးပြလျှင်၊ အသန္တိယာ အာပတ္တိယာ–၌ ''အသန္တိ အာပတ်'' ကိုလည်း ဖေါ်ပြပါ။

၈။ (က)·အဘယ်၏အစွမ်းဖြင့် ဧကော ဝေဒနာ, ဒွေ ဝေဒနာ, တိသော ဝေဒနာ–ဟုဆိုပါသနည်း ဖြေဆို၍၊ (ခ) တတိယဇ္ဈာဂဖြစ် သိက္ခာပုဒ်လာ ထာဝရပယောဂပြုပါ၌ ''ကံပုဒ် ''ကိုသာ ကတ္တား, ကံ ထင်ရှားအောင် အနက်ရေးခဲ့ပါ။

၉။ ကုလဒူသကသိက္ခာပုဒ်၌ ''ဂါမံ ဝါ နိဂမံ ဝါ ''ဟုသာဟော၍ ''နဂရံ ဝါ''ဟု မဟောခြင်း ကြောင်းကို ဖြေဆိုပြီး၊ ဥဒေါသိတ, ဆဗ္ဗဿ, သာသင်္ကသိက္ခာပုဒ်တို့၌ လာသော အညတြ ဘိက္ခုသမ္မုတိယာ–၌ ''သမ္မုတိ''အရများကိုလည်း မှားအောင် ခွဲခြား ဖြေဆိုခဲ့ပါ။

၁၀။(က) ယထာ ယေ'မေ အန္တရာယိကာ ဓမ္မာ–၌ ''အန္တရာယိက သရုပ်''ကို ထုတ်ပြ၍ (ခ) အန္တေပုရသိက္ခာပုဒ်, ရတန သိက္ခာပုဒ်တို့၌ လာသော ''ရတနာ''(၂)မျိုးအထူးကို ဖြေဆိုပြီးလျှင်၊ (ဂ) တရားရုံး၌ ရသေ့နှင့်တရားရင်ဆိုင်သော ဘိက္ခုနီမ၏ အာပတ်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

စစ်ကိုင်းတိုင်း

ပထမကြိမ်တန်း။ ။ဝိနယ ဒွေမာတိကာ ဘာသာ (အဖြေ)

၁။ (က) ယံ ခေါ တုမှေ အာယသ္မန္တော ။ပ။ မာ ဝေါ သကံ ဝိနဿာတိ။

(ခ) ကွာဒါနေဝ ခေါ အဟံ ဇာနာမိ ။ပ။ ဥဒ္ဒေသံ အာဂစ္ဆတိတိ။

၂။ (က) တိရစ္ဆာန ဝိဇ္ဇာ ပရိယာပုဏာန သိက္ခာပဒ၊

(ခ) ပဌမသိက္ခမာန သိက္ခာပဒနှင့် ဒုတိယသိက္ခမာနသိက္ခာပဒ အနက်ရေးလေ။

၃။ (က) ဤသက်နှံးပိုးဖြင့် သက်နှံးဝယ်၍ ဤမည်သော ရဟန်းအား လှူပါ။

http://www.dhammadownload.com

(ခ) ပရမ-သန္ဒိဟိသော သိက္ခာပုဒ် ၈-ပုဒ်။

၄။ (က) နယုန်လွှန်း ၁-ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ တစ်လခွဲသည် **ဥဏှသမယ**။ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှ ဝါဖေါင်လပြည့်ကျော်အထိ ၁-လသည် **ဇရိဋ္ဌာတသမယ**။

(ခ) မပြုရသေးသော ဩသာရဏကံကို ရဟိသည်။

၅။ (က) ရွာအတွင်းသို့ သွားသော ရဟန်းများသည် ထင်ရှားရှိသော ရဟန်းထံ၌ "ဝိကာလေ ဂါမပ္ပဝေသံနံ အာပုစ္ဆာဝိဝိ" -ဟုလည်းကောင်း၊ "ဂါမံ ပဝိသိသာမိ"ဟုလည်းကောင်း ပန်ပြောရမည်။

(ခ) (၁) တိတ္ထိတို့ထံ၌ ရှင်ပြုဘူးသော မိန်းမ၊
(၂) အခြားရဟန်းမများထံ၌ ရှင်ပြုဘူးသော မိန်းမ။

၆။ (က) သိက္ခံပစ္စာစိက္ခဏာ၊ အဓိကရဏကုပိတာ၊ ပါပသမာစာရ ပဌမ၊ ပါပသမာစာရ ဒုတိယ၊ သံဃဘေဒက၊ ဘေဒါနုဝတ္တက၊ ဒုဗ္ဗစ၊ ကုလဒူသိကာ။ (၈-ပုဒ်)

(ခ) မဇ္ဈိမပုရိသ အလျား ၁၈-ထွာ၊
(ဂ) ပကတိ ပုရိသ အနံ ၁၁-ထွာနှင့် လက်သုံးသစ်။

၇။ ၂၈-တောင်ရှိပါသည်။

သတ္တ ဗ္ဘန္တရသိမ်သည် ထုတ်ခြင်းပေါက်သည်၏ အစွမ်းဖြင့် ကျယ်ပြန့်လာပါသည်။

အဿန္ဓိ အာပတ်-တူသည် အာပတ်သင့်ကြောင်း ၆-ပါးတို့တွင် မည်သည့် အကြောင်းနှင့်မျှ မသင့်ရောက်သည့် အာပတ်၊ သင့်ရောက်ပြီးနောက် ထမြောက်ပြီးသော (ဒေသနာကြားပြီးထင်စွာ ပြောကြားပြီးပြစ်သော) အာပတ်တစ်မျိုးမျိုးသည် **အဿန္ဓိ အာပတ်** မည်၏။

http://www.dhammadownload.com

၈။ (က) ဒုက္ခဝေဒနာ၏ အစွမ်းဖြင့် ကောဝေဒနာ၊ သုခဝေဒနာ၊ ဥပက္ခာဝေဒနာတို့၏ အစွမ်းဖြင့် ဒွေဝေဒနာ၊ ဒုက္ခ, သုခ, ဥပေက္ခာတို့၏ အစွမ်းဖြင့် တိသောဝေဒနာ-ဟုဆိုပါသည်။

(ခ) (အသ-ထိလူဇာတ်ဖြစ်သော သူ၏) သတ္ထဟာရကံ- အသက်ကိုဆောင်တတ်သော ဓားလက်နက်ကိုမူလည်း၊ (ဝါ) ဆောင်ထားအပ်သော ဓားလက်နက်ကိုမူလည်း။ (ပရိယေသေယျ- ရှာ၍ အနိုးၵ်ထားငြားအံ့)

၉။ နဂရ-သည် ဂါမၵ် အတွင်းဝင်ပြီး ဖြစ်သောကြောင့် ''ဂါမံ ဝါ နိဂမံဝါ'' ဟုသာ ဟော၍ '' နဂရံ ဝါ '' ဟု မဟောပါ။

သမ္မုတိအရ -
ဥဒေါသိတသိက္ခာပုဒ်ၵ် အဝိပ္ပဝါသ သမ္မုတိ၊
ဆဗ္ဗဿ သိက္ခာပုဒ်ၵ် သန္ထတ သမ္မုတိ၊
သာသင်္သိက္ခာပုဒ်ၵ် ဝိပ္ပဝါသ သမ္မုတိ-တို့ဖြစ်ပါသည်။

၁၀။ (က) ၁။ ကမ္မန္တရာယ်
၂။ ကိလေသန္တရာယ်
၃။ ဝိပါကန္တရာယ်
၄။ အရိယူပဝါဒန္တရာယ်
၅။ ပညတ္တိဝိတိက္ကမန္တရာယ်။

(ခ) အန္တေပုရသိက္ခာပုဒ်ၵ် ဗိဓုရာဒရတနှာ
ရတနသိက္ခာပုဒ်ၵ် ပုလဲ အစရှိသော ရတနာ ၁၀-ပါး၊

(ဂ) တရားတွေ့ရာၵ် - တရားလို တရားခံ တစ်ဦးဦးက စတင်ပြောဆိုရာၵ် ဒုက္ကဋ်၊ နောက်တစ်ဦးကထပ်၍ ပြောဆိုရာၵ် ထုလ္လစ္စည်း၊
တရားစီရင်ချက်ချပြီး အဆုံးၵ် သံဃာဒိသေသ်။

http://www.dhammadownload.com

ပထမပြန်စာပေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်း)
ပထမကြိုးတန်း ။ဒွေမာတိကာ ဘာသာ
၁၃၆၅-ခုနှစ် နှောင်းတန်ခူးလဆန်း (၁၂)ရက် (၁-၄-၂၀၀၄)တွင်သပတေးနေ့

၁။ မိမိကျောင်းတွင် အလုပ်လုပ်နေသော အလုပ်သမားစသူတို့နှင့် ထောင်လွှားဘိတုံ မာန အမျက်ဟုန်ပြင့် ငြင်းခုံသော်အား တရားတွေသော ရဟန်းမအား အပြစ်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိဖွင့်ရေးပါ။

၂။ ဘိက္ခုနီမများ ပုရောဘတ္တ(နံနက်အခါ) ဝိကာလ(ညဉ့်အခါ) တို့၌ ပြုကျင့်ရမည့် ဥပဒေတော်များကို ပြဆိုသည့် သိက္ခာပုဒ်တို့ကို အနက်ယောဇနာပြခဲ့ပါ။

၃။ ဘိက္ခုနီသာသနာမရှိတော့၍ လိုက်နာဖွယ်မလိုသည့် နိဿဂ္ဂိယပါစိတ်သိက္ခာပုဒ်တော် အမည်များကို ဖော်ပြ၍ သုံးကြိမ် တောင်း, ခြောက်ကြိမ် ရပ်မှကြောင့် သင်္ကန်းဘိုးမရ ရှိပါက ဆက်လက်ပြုကျင့်ရမည့် ဝတ္တရားများကို ရေးခဲ့ပါ။

၄။ ဖိုးရေခံသင်္ကန်းနှင့်စပ်၍ (က) ပရိယေသနခေတ်၊ (ခ) အဓိဋ္ဌာနခေတ်-တို့ကို ဖော်ပြ၍ ဘိက္ခုနီမများ ဒသိတင်းဝါလကျွတ်လျှင် ပြုလုပ်ဆောင်ရွက်ရမည့် ဝတ္တရာများ ကိုလည်း သိက္ခာပုဒ်အမည်များနှင့် တွဲစပ်ပြခဲ့ပါ။

၅။ အောက်ပါတို့ကို စိတ္တာဂါရဝဂ်၍ အဖြေထုတ်ပြပြီးလျှင် ရဟန်းမများ လခွဲတစ်ကြိမ် ရဟန်းတို့ထံမှ တောင်းအပ်သောတရားတို့ကိုလည်း ဖြေဆိုခဲ့ပါ။

(က) ရဟန်းမတို့သွားရောက်မကြည့်ရှုသင့်သော နေရာများ။

(ခ) ရဟန်းမများ ဘောဇဉ်မပေးမလှူကောင်းသော ပုဂ္ဂိုလ်များ။

၆။ ဘိက္ခုနီမတို့ ဥပဇ္ဈာယ်ဆရာမ လုပ်၍ ဘိက္ခုနီပြုပေးနိုင်ရန် လိုအပ်သော ဂုဏ်အင်္ဂါရပ်များကို ဖော်ပြ၍ နှစ်စဉ်နှစ်တိုင်း သိက္ခာမာန်များကို ဘိက္ခုနီပြုပေးခွင့် ရှိ/မရှိ ပါဠိ ထောက်၍

http://www.dhammadownload.com

ပြောဆိုပြီးလျှင် ပွတ်သပ်ဆုပ်နယ်မှု မပြုရိုင်းကောင်းသော သူများကို ဘိက္ခုနီပါစိတ်, ဆတ္တုပါဟနဝဂ်လာအတိုင်း သိက္ခာပုဒ်နှင့် တွဲစပ်ပြပါ။

၇။ သိမ်သမုတ်ရာတွင် သိမ်နိမိတ် ၈-မျိုးကို ဖော်ပြ၍ နိမိတ်လောက်သော ကျောက်၏ ပမာဏကိုလည်း ပြောဆိုခဲ့ပါ။

၈။ 'ဇာနံ ပဋိစ္ဆာဒေတိ'၌ ''ပဋိစ္ဆာဒေတိ'' အရ ဝိုးလွှမ်းကြောင်းလက္ခဏာများကို ကခီအလိုက် ဖော်ပြပါ။

၉။ အာဘယ်သက်နံးမျိုးကို 'အစ္ဆေကစိဝရ'ဟု ဆိုပါသနည်း ကခီအလိုက် ပြောဆို၍ ဇာတပထဝီ သုံးမျိုးသရုပ်ကို ဖော်ထုတ်ပြပြီးလျှင် သုရာမေရယပါနေ-တူသောစကားရပ်၌ သုရာနှင့် မေရယအထူးကိုလည်း ပြောဆိုပါ။

၁၀။ သိက္ခာမာန်မည်ခြင်း၏ ဓာတ်ကြောင်းရင်းကို ဖော်ပြ၍၊ ယင်းသိက္ခာမာန်တို့ နှစ်နှစ်ပတ်လုံး ကျင့်သုံးရမည့်တရား ခြောက်မျိုးကိုလည်း မှန်ကန်စွာ ရေးသားပြောဆိုပါ။

တနသ်ာရီတိုင်း
ဝထမကြီးတန်း။ ။ဒွေမာတိကာ ဘာသာ (အခြေ)

၁။ ဘိက္ခုနီ - ဥဿယဝါဒိကာ သိက္ခာပုဒ် ပါဠိရေးလေ။

၂။ အနာပုစ္ဆာပက္ကမနသိက္ခာပုဒ်နှင့် အနုပုစ္ဆာ သန္ဓရဏ သိက္ခာပုဒ် တို့ကို အနက်ရေးလေ။

၃။ **ဘိက္ခုနီဘာသာနှာ မရိတော့၍ လိုက်နာဖွယ်မလိုသည့် နိဿဋ္ဌိယပါစိတ် သိက္ခာပုဒ်တော် အမည်များ**

(၁) ပုရာဏစိဝရ သိက္ခာပုဒ်၊

(၂) စိဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်၊

(၃) ဇွေကလောမ ဓောဝါပန သိက္ခာပုဒ် တို့ဖြစ်ပါသည်။

http://www.dhammadownload.com

၃–ကြိမ် တောင်း, ၆–ကြိမ်ရပ်မှကြောင့် သတ်နှုံးဖိုးမရရှိပါတ ဆက်လက်ပြုကျင့်ရမည့် ဝတ္တရားများ

ရန်ကုန် နံပါတ် ၃–၌ အပြေးရှူး။

၄။ **ဖိုးရေခံသတ်နှုံးခွင့်စပ်၌ –**

(က) မန္တလေး နံပါတ် ၅– (က)၌ အပြေရှူး။

(ခ) အဓိဋ္ဌာန်ခေတ်ကား –

ဒုတိယဂါဆိုလပြည့်ကျော် ၁–ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၄–လ။

ဘိတ္ထုနီမများ သီတင်းဂါလတျွတ်လျှင် ပြုလုပ်ဆောင်ရွက်ရမည့် ဝတ္တရားများ

(၁) စာရိကနပက္ကမန သိက္ခာပုဒ်အရ – အယုတ်ဆုံးအားဖြင့် ၅–ယူဇနာ ၆–ယူဇနာ တိုင်အောင် ခရီးထွက်ရမည်။

(၂) အပဂါရဏာ သိက္ခာပုဒ်အရ – ဘိက္ခု, ဘိက္ခုနီ ဥာဘတောသံဃာ၌ ဒိဋ္ဌစသော အကြောင်း သုံးပါးတို့ဖြင့် ပဂါရဏာပြုရခြင်းတို့ဖြစ်ပါသည်၊

၅။ **စိတ္တာဂါရဝစ်တို ရှု၍ –**

(က) ရာဇာဂါရ – မင်းဏ်ကစားရာ အိမ်၊
စိတ္တာဂါရ – ကစားရာ ပန်ချီ ဆေးရေးသော အရပ်၊
အာရာမ – ကစားရာ အာရာမ်၊
ဥယျာန – ကစားရာ ဥယျာဉ်၊
ပေါက္ခရဏီ – ကစားရာ ရေကန်တို့ ဖြစ်ပါသည်။

(ခ) အဂါရိက – လူပုဂ္ဂိုလ်၊
ပရိဗ္ဗာဇက – ပရိဗိုဇ်၊
ပရိဗ္ဗာဇိကာ – ပရိဗိုဇ်မ တို့ကို ဘောဇဉ် မပေးလှူကောင်းပါ။

http://www.dhammadownload.com

ရထန်းမများ လခွဲတစ်ကြိမ် ရထန်းတို့ထံမှ တောင်းအပ်သောတရားများမှာ –

၁။ ဥပေါသထ ပုဏ္ဏက – ဥပုသ်မေးခြင်း၊

၂။ သြဝါဒုပသင်္ကမန – အဆုံးအမခံယူခြင်းဟု ကပ်ရခြင်းတို့ဖြစ်ပါသည်။

၆။ ဘိက္ခုနီမတို့ ဥပဇ္ဈာယ်ဆရာမ လုပ်၍ ဘိက္ခုနီပြုပေးနိုင်ရန် –

(၁) ၁၂-ဝါရပြီးခြင်း၊

(၂) ဝုဋ္ဌာနသမ္မုတိရပြီးခြင်း–ဟူသော ဂုဏ်အင်္ဂါရပ်များ လိုအပ်ပါသည်။

ယာပန ဘိက္ခုနီ အနုဝဿံ ဝုဋ္ဌာပေယျ ပါစိတ္တိယံ–ဟူသော အနုဝဿ သိက္ခာပုဒ်ပါဠိကို ထောက်၍ နှစ်စဉ်နှစ်တိုင်း သိက္ခမာန်များကို ဘိက္ခုနီပြုပေးခွင့် မရှိပါ။

ဘိက္ခုနီဝါစိတ် ဆတ္တုပါတနဝဂ်လာ
ပွတ်သပ်ဆုတ်နယ်မှု မပြုရိုင်းတောင်းသော သူများ

ဘိက္ခုနီ ဥပမ္ဗဒ္ဓါပန သိက္ခာပုဒ်အရ – ဘိက္ခုနီ၊

သိက္ခမာန ဥပမ္ဗဒ္ဓါပန သိက္ခာပုဒ်အရ – သိက္ခမာန်၊

သာမဏေရီ ဥပမ္ဗဒ္ဓါပန သိက္ခာပုဒ်အရ – သာမဏေမ၊

ဂိဟိနီ ဥပမ္ဗဒ္ဓါပန သိက္ခာပုဒ်အရ – လူဝိန်းမ–တို့ဖြစ်ပါသည်။

၇။ သိမ်သမုတ်ရာ၌ သိမ်နိမိတ် ၈–မျိုး

၁။ ပဗ္ဗတနိမိတ္တ – တောင်နိမိတ်၊

၂။ ပါသာဏ နိမိတ္တ – ကျောက်နိမိတ်၊

၃။ ဝနနိမိတ္တ – တောနိမိတ်၊

၄။ ရုက္ခနိမိတ္တ – သစ်ပင်နိမိတ်၊

၅။ မဂ္ဂနိမိတ္တ – လမ်းနိမိတ်၊

၆။ ဝမ္မိကနိမိတ္တ – တောင်ပို့နိမိတ်၊

http://www.dhammadownload.com

၇။ နဒီနဒိမတ္တ – မြစ်နဒိမတ်၊
၈။ ဥဒကနဒိမတ္တ – ရေနဒိမတ်–အားဖြင့် ၈–ပါးဖြစ်ပါသည်။

နိဗိတ်လောက်သော ကျောက်၏ ပမာဏ

အယုတ်ဆုံးအားဖြင့် ၇–တောင်ရှိသော ဆင်၏ ပမာဏအောက် ယုတ်လျော့သည်ကို အစဖြု၍ ၃၂–ပိုလ် တင်လဲခဲ့ ပမာဏတို့ဖြစ်သည်။

၈။ ဇာနံ ပဋိဘာဒေတိ–၌ ပဋိဘာဒေတိ အရ – ထိုးလွှမ်းကြောင်း လက္ခဏာများ

အာပတ္တိ – အာပတ်သင့်ခြင်း။
အာပတ္တိသညီ – အာပတ်သင့်၏တဲ့ အမှတ်ရှိခြင်း။
ပကတတ္တ – ပကတက်ရတန်းဖြစ်ခြင်း။
ပကတတ္တသညီ – ပကတတ်ရတန်း တဲ့ အမှတ်ရှိခြင်း။
အနန္တရာယိက – အန္တရာယ်မရှိခြင်း။
အနန္တရာယိကသညီ – အန္တရာယ်မရှိတဲ့ အမှတ်ရှိခြင်း။
ပတု – စွမ်းနိုင်ခြင်း။
ပတုသညီ – စွမ်းနိုင်၏တဲ့ အမှတ်ရှိခြင်း။
ဆာဒေတုကာမော – ထိုးထားလိုခြင်း။
ဆာဒေတိ – ထိုးထားခြင်း အားဖြင့် ၁၀–ပါး ဖြစ်ပါသည်

၉။ ခရိဆွားမည့်ပုဂ္ဂိုလ်, မကျန်းမာသော ပုဂ္ဂိုလ်, ကိုယ်ဝန်ဆောင်သော အမျိုးသမီး, အသစ်ဖြစ်သော သန္ဓိတရားရှိသော ပုဂ္ဂိုလ်တို့တွင် တစ်ယောက်ယောက်ဟဲ့သော ပုဂ္ဂိုလ်သည် “ ဝဿာဝါသိကံ ဒဿာမိ ” ဟု ပြောဆို၍ ပေးလှူအပ်သော သက်နံးကို **အစွေ့ကစိဝရ** ဟုခေါ်ပါသည်။

ဇာတပထဝီ ၃–မျိုးဆရပ်

၁။ သုဒ္ဓပထဝီ၊ ၂။ မိဿပထဝီ၊ ၃။ ပဋ္ဌ ပထဝီ ။

http://www.dhammadownload.com

သုရာနှင့်မေရယ အထူး

မူနဲ့မူ အစရှိသည်တို့ဖြင့် ပြုအပ်သော သေရည်သည် သုရာ မည်၏၊
ပန်းပွင့်အစရှိသည်တို့ဖြင့် ပြုအပ်သော အရက်သည် မေရယ မည်၏၊
ဤသို့ ထူးပါသည်။

၁၀။ **သိကွာမာန်မည်ခြင်း၏ အကြောင်းရင်းကား**

ပါဏာတိပါတာဝေရမဏိအစ ဝိကာလဘောဇနာဝေရမဏိ အဆုံးရှိသော ခြောက်ပါးသော သိက္ခာပုဒ်တို့၌ ကျင့်သောကြောင့် **သိကွာမာန်**– မည်သည်။

ယင်း သိကွာမာန်တို့ ၂–နှစ်ပတ်လုံး ကျင့်ရမည့် တရား ၆–မျိုး

၁။ ပါဏာတိပါတာ ဝေရမဏိ
၂။ အဒိန္နာဒါနာ ဝေရမဏိ
၃။ အဗြဟ္မစရိယာ ဝေရမဏိ
၄။ မုသာဝါဒါ ဝေရမဏိ
၅။ သုရာမေရယပါနာ ဝေရမဏိ
၆။ ဝိကာလဘောဇနာ ဝေရမဏိ–တို့ဖြစ်ပါသည်။

ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ– ဝဲခူးတိုင်း(အနောက်ဖိုင်း)
ပထမတြိုးတန်း ဒေါ်မာတီကာ ဘာသာ
၁၃၆၅–ခုနှစ် နှောင်းတန်ခူးလဆန်း(၂)ရက် (၂၂–၃–၂၀၀၄)တနလ်ာနေ့

၁။ ဘေးရန်ရှိမှန်းသိလျက် မိမိနိုင်ငံအတွင်း (အန္တောရဋ္ဌ) သူတစ်ပါးနိုင်ငံအတွင်း(တိရောရဋ္ဌ)သို့ အဖော် မပါဘဲ ခရီးသွားသော ဘိက္ခုနီမ, ဝါတွင်း၌ ခရီးသွားသော ဘိက္ခုနီမ, ဝါကျွတ်လျက် ခရီးမသွားသော ဘိက္ခုနီမတို့အား အာပတ်သင့်ရောက်ပုံကို ပြဆိုသော သိက္ခာပုဒ်တို့ကို ပို့ဆို ရေးခဲ့ပါ။

http://www.dhammadownload.com

၂။ အောက်ပါ ပေယျာလတို့ကို ဖော်ထုတ်၍ အနက်ယောဇနာခဲ့ပါ –

(က) ယော ပန ဘိက္ခု ဇာနံ တထာဝါဒိနာ (ပ) သဟဝါ သေယျံ ကပ္ပေယျ ပါစိတ္တိယံ။

(ခ) ယော ပန ဘိက္ခု ဇာနံ တထာနာသိတံ (ပ) သဟဝါ သေယျံ ကပ္ပေယျ ပါစိတ္တိယံ။

၃။ ဒုဗ္ဗစရဟန်းကို ရဟန်းကောင်းတို့က ပြောဆိုဆုံးမပုံပြု ပါဋိစကားရပ်နှင့် ရာဇသိက္ခာပုဒ်လာ သုံးကြိမ် တောင်းခြင်း, ခြောက်ကြိမ်ရပ်ခြင်း ပြုလုပ်သော်လည်း သက်ဒိုးဗိုးကို မပို့လာပါက နောက်ဆုံးပြုရမည့် ရဟန်းတော်၏ ကျင့်ဝတ်ပြု ပါဋိစကားရပ်ကိုလည်း မြန်မာစကားပြေဖြင့် ရေးသားခဲ့ပါ။

၄။ ပဒသောဓမ္မသိက္ခာပုဒ်နှင့် ပထမသဟဇေယျ သိက္ခာပုဒ်တို့၌ ပါသော ''အနုပသမ္ပန္န'' အရှင့် သပ္ပါဏကဝဂ်လာ ''ဇာနံ''ပုဒ်တို့၏ အထူးတို့ကိုလည်း အသီးသီး ရေးသားခဲ့ပါ။

၅။ တရားရုံးမှ သေဒဏ်ချထားသော ဝိုးသူမဟုသိပါလျက် ဘိက္ခုနီမ ပြုပေးလိုလျှင် ပန်ကြား ရမည့် ပုဂ္ဂိုလ်တို့ကို ဖော်ပြ၍၊ စိတ်ဆိုးအမျက်ထွက်သဖြင့် ဘုရားကိုစွန့်ပါ၏ စသည်ဖြင့် ပြောဆိုလာသော ဘိက္ခုနီမအား အခြားသော ဘိက္ခုနီမတို့က ပြောဆိုဆုံးမသောပါဋိစကား ရပ်ကိုလည်း မြန်မာ စကားပြေဖြင့် ရေးသားခဲ့ပါ။

၆။ ယောက်ျားရဘူး၍ အဘိုဖြစ်သော သိက္ခမာန်မနှင့် အပျိုစင်ဖြစ်သော သာမဏေမတို့ကို ရဟန်းခံပေးရာ၌ အပြစ်လွတ်ကင်းအောင် ဆောင်ရွက်ရမည့် စည်းကမ်းချက်တို့ကို ရေးသားခဲ့ပါ။

၇။ တတိယပါရာဇိက သိက္ခာပုဒ်အဖွင့်၌ (က) မနုဿဝိဂ္ဂဟ၊ (ခ) ပါဏ၊ (ဂ) ပါဏာတိပါတ၊ (ဃ) ပါဏာတိပါတိ–တို့၏ အရတို့ကို ဖော်ထုတ်၍၊ ပါဏာတိပါတသ ပယောဂေါ–၌ ပယောဂ ခြောက်ပါး၏ သရုပ်မျှကိုလည်း ရေးသားခဲ့ပါ။

http://www.dhammadownload.com

၈။ အမူလကေန ပါရာဇိကေန ဓမ္မေန-၌ အမူလက အပြား ၃-ပါး၏ အဓိပ္ပါယ်နှင့် ပါရာဇိက အရတို့ကို အသိုးသိုးဖော်ပြခဲ့ပါ။

၉။ ဘိက္ခုနီ ပါရာဇိက သိက္ခာပုဒ်များ၌ သိက္ခာသာဇိဝသမာပန္နာ - စသည်ပြင့် မဆိုဘဲ ယာပန ဘိက္ခုနီ ဆန္ဒသော မေထုနံ ဓမ္မံ ပဋိသေဝေယျ-ဟု ဆိုရခြင်း၏ အကြောင်းကို ဖော်ပြ၍၊ အလိုမတူဘဲ ဗလကြာရ အပြုခံရသော ဘိက္ခုနီမအား ပါရာဇိက အာပတ်သင့်/ မသင့် ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

၁၀။ ဥဇ္ဈာဏုမက္ခလိကာ သိက္ခာပုဒ်အရ ကခ်ီအဋ္ဌကထာနှင့်အညီ အောက်ပါတို့ကို အရ-ကောက်ပြခဲ့ပါ -

(က) ပုရိသပုဂ္ဂလဿ၊ (ခ) အဓွကေ၊ (ဂ) ဥဇ္ဈာဏုမက္ခလ၊ (ဃ) ဆုပန၊ (င) ပဋိဗိဇ္ဈန။

ဝဲခူးတိုင်း (အနောက်ပိုင်း)

ပထမကြိမ်တန်း ဒုဗေမာတိကာ ဘာသာ (အဖြေ)

၁။ အန္တောရဋ္ဌသိက္ခာပုဒ်၊ တိရောဋ္ဌသိက္ခာပုဒ်၊
အန္တောဝဿသိက္ခာပုဒ်၊ စာရိကနုပက္ကမနသိက္ခာပုဒ်။

၂။ ထင်ရှားပြီ။

၃။ ''အရှင်သည် မိမိကိုယ်ကို မပြောဆိုသင့်သည်ကို မပြုပါလင့်၊ အရှင်သည် မိမိကိုယ်ကို ဆိုသင့်သည်သာ ပြုပါလော့၊ အရှင်သည်လည်း ရဟန်းတို့ကို သိက္ခာပုဒ်ပြင့် ဆိုလော့၊ ရဟန်းတို့ကလည်း အရှင့်ကို သိက္ခာပုဒ်ပြင့် ဆိုလတံ့၊ ဤသို့ အချင်းချင်း ဆိုဆုံးမခြင်း အချင်းချင်း အာပတ်မှ ထင်ရောခြင်းပြင့်သာလျှင် ထိုဖြတ်စွာဘုရား၏ ပရိသတ်သည် ကြီးပွားခြင်းသို့ ရောက်နိုင်ရာ၏''ဟု ပြောဆိုရာ၏။

(ရန်ကုန် နံပါတ် ၃-၌ ပြေပြီး။)

http://www.dhammadownload.com

၄။ **အနုပသမ္ပန္နေ-အရ** ဘိက္ခု, ဘိက္ခုနီတို့မှ တစ်ပါး လူ, သာမဏေများကိုယူ။
(ပဒသောဓမ္မသိက္ခာပုဒ်)

အနုပသမ္ပန္နေ-အရ ဘိက္ခုမှ တစ်ပါး လူ, သာမဏေတို့နှင့် တိရစ္ဆာန်များကိုယူ။
(ပ-သဟသေယျ)

သပ္ပါဏကဝဓိဃာ ဇာနံ - ပုဒ်တို့၏ အဆုံး

သပ္ပါဏကံ သိက္ခာပုဒ် ဇာနံ-သည်		ဝိုးရှိသော ရေတုသိခြင်း၊
ဥက္ကောဋနံ	။	ငြိမ်းစေအပ်သော အဓိကရဏ်းတုသိခြင်း၊
ဒုဋ္ဌုလ္လေ	။	ရုန့်ရင်းသော သံဃာဒိသေသ်အာပတ်တု သိခြင်း၊
ဥနဝီသတိဝဿေ	။	ပဋိသန္ဓေမှ စ၍ အသက် ၂၀-မပြည့်သော ပုဂ္ဂိုလ်တုသိခြင်း၊
ထေယျသတ္ထေ	။	ကင်းကိုချောင်လှဲလိုသော သူခိုးကုန်သည် တုသိခြင်း၊
ဥက္ခိတ္တသမ္ဘောဂေ	။	ဥက္ခိတ္တ ရတန်းအဖြစ်ကို သိခြင်း၊
ကဏ္ဌကေ	။	ဒဏ္ဍကမ္မနာသနဖြင့် ဖျက်ဆီးအပ်သော သာမဏေတုသိခြင်းတို့ဖြစ်ပါသည်။

၅။ **ဝန်ကြားရမည့် ပုဂ္ဂိုလ်**

၁။ မင်း

၂။ ဘိက္ခုနီသံဃာ

၃။ မလွန်ဇာစသောဂိုဏ်း

၄။ ကုသိုလ်ကောင်းမှုပြုသောအသင်း

၅။ နှံသာကုန်သည် အထည်ကုန်သည်။

http://www.dhammadownload.com

သာကိုဝင်မင်းသမီး ဘုရားသမီးတော်ဖြစ်ကုန်သော ဤဘိက္ခုနီမတို့သည်သာလျှင် ဘိက္ခုနီမတို့လော၊ ထိုဘိက္ခုနီမှ တစ်ပါးကုန်သော ရဟန်တတ်သော ကုတ္တာစ္ဆရိသော အကျင့်သိက္ခာကို လိုလားကုန်သော ဘိက္ခုနီမတို့လည်း ရှိသေး၏၊ ဤသည် ထိုဘိက္ခုနီမတို့၏ အထံ၌ မြတ်သော အကျင့်ကို ကျင့်တော့အံ့-တု မပြောပါလင့်၊ အရှင်မမွေလျော်လော့၊ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောတော်မူ၏၊ ဆင်းရဲ၏အဆုံးကို ပြုရန်အလို့ငှါ အကျင့်မြတ်ကို ကောင်းစွာ ကျင့်လော့-တု ဆုံးမရာ၏။

၆။ (၁) အသက် ၁၂-နှစ်ပြည့်ပြီးခြင်း၊
(၂) ၂-နှစ်ပတ်လုံး သိက္ခာပုဒ် ၆-ပါးတို့၌ ကျင့်ပြီးခြင်း၊
(၃) သံဃာထံမှ ဥဒ္ဒါနသမ္မုတိရခြင်း။ (အဘိသိက္စမာန်မ)

၁။ အသက် ၂၀-ပြည့်ခြင်း၊
၂။ ၂-နှစ်ပတ်လုံး သိက္ခာပုဒ် ၆-ပါးတို့၌ ကျင့်ပြီးခြင်း၊
၃။ သံဃာထံမှ ဥဒ္ဒါနသမ္မုတိရခြင်း။ (အပ္ပိုင် သာမဏေမ)

၇။ (က) မနုဿဝိဂ္ဂဟ-အရ တလလရေကြည် တည်သောအခါမှ စ၍ အသက်ရှိသော လူဇာတ်ဖြစ်သော ကိုယ်ကို ရ၏။

(ခ) ပါဏ-အရ ဓါတ်ရအားဖြင့် သတ္တဝါ၊ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေရ၏၊

(ဂ) ပါဏာတိပါတ-အရ ဇီဝိတိန္ဒြေကို ဖြတ်တတ်သော လုံ့လပယောဂကိုဖြစ်စေတတ်သော စေတနာရ၏။

(ဃ) ပါဏာတိပါတိ-အရ ဇီဝိတိန္ဒြေကို ဖြတ်တတ်သော လုံ့လပယောဂကို ဖြစ်စေတတ်သော ဓစေတနာနှင့် ပြည့်စုံသော ပုဂ္ဂိုလ် ရ၏။

ပယောဇန ၆-ပါး (ကချင် ၆-ရူး)

http://www.dhammadownload.com

၈။ အဒိဋ္ဌ = မြင်မှုမရှိခြင်း၊
အသုတ = ကြားမှုမရှိခြင်း၊
အပရိသင်္ကိတ = ယုံမှားမှုမရှိခြင်း။

ပါရာဇိတ-အရ

ပါရာဇိက ၂၄-ပါးတို့တွင် ရဟန်းယောကျ်ားတို့နှင့်သာ ဆိုင်သော (၈) ဘိက္ခုနီ ပါရာဇိက ၄-ပါး၊ လူထွက်သော ဘိက္ခုနီ ၁-ပါးမှ ကြွင်းသော ကျန် ၁၉-ပါးရ၏။

၉။ ဘိက္ခုနီမများ၌ (ရဟန်းယောကျ်ားတို့လို) သိက္ခာချပွယ်မလိုသောကြောင့် ယာပန ဘိက္ခုနီ ဆန္ဒသော မေထုန် ဓမ္မံ-စသည်ဖြင့် ဟောတော်မူပါသည်။

ယာ ပန ဘိက္ခုနီ ဆန္ဒသော-ကို ထောက်၍ ပါရာဇိကအာပတ်မသင့်ပါ။

၁၀။ (က) ကာယသံသဂ္ဂ အမှုကို ပြုရန်နားလည်သော လူယောကျ်ားကို ယူရပါသည်၊
နွားနှစ်ကောင် (လေးကောင်) ကဲသောလှည်းဖြင့် လှည့်လည်လောက်သော ဥပစာရှိသော နေရာတို့ကို ညွှန်ပြခြင်းတို့ဖြစ်ပါသည်။

(ခ) ၁။ ပုံးလွှမ်းသမျှ ရက်တို့ပတ်လုံး ပရိဝါသ် ဆောက်တည်ရမည်၊
၂။ ပရိဝါသ် ဆောက်တည်ပြီးသော ရဟန်းသည် ရဟန်းတို့ မြတ်နိုးရန် ၆–ရက် မာနတ်ကျင့်ရမည်၊
၃။ ၆–ရက်မာနတ်ကျင့်ပြီးသော ရဟန်းကို အနည်းဆုံးနှစ်ကျိပ်ရှိသော သံဃာဖြင့် သိမ်ထည်း၌ အဗ္ဘာန်သွင်းရမည်။

၄။ (က) အစ္ဆိန္နဝိဝရ – ခိုးသူလုယက်သော သက်နှံးရှိသော အခါ၊
နဒ္ဒဝိဝရ – ပျော်သော သက်နှံးရှိသောအခါ။

http://www.dhammadownload.com

(ခ) မနက္ကလေး နံပါတ် ၅ (က) တွင် ဖြေပြီး။

(ဂ) နှစ်ကြိမ်တောင်းပြီးသော ရဟန်းသည် နောက်ထပ် ၈-ကြိမ် ရပ်နိုင်ပါသေးသည်။

၅။ (မွန်ပြည်နယ် နံပါတ် ၅- တွင် ဖြေပြီး။)

မဗ္ဘပိဋ္ဌ ပမာဏ မဇ္ဈိမ ပုရိသ လက် ၂၄-လက်သစ်၊
နိသီဒန ပမာဏ မဇ္ဈိမ ပုရိသ အလျား ၆-ထွာ၊ အနံ ၄-ထွာခွဲ၊ အပြိတ်အဆာ ၃-ထွာ၊
ကဏ္ဏပ္ပဋိစ္ဆဒိပမာဏ မဇ္ဈိမပုရိသ အလျား ၁၂-ထွာ၊ အနံ ၆-ထွာ၊
ဝဿိကသာဋိကပမာဏ မဇ္ဈိမပုရိသ အလျား ၁၈-ထွာ၊ အနံ ၆-ထွာခွဲ၊
သုဂတစီဝရပမာဏ မဇ္ဈိမပုရိသ အလျား ၂၆-ထွာ၊ အနံ ၁၈-ထွာ။

၆။ **အိက္ခုနိုတို့နှင့်သာ ဆက်ဆိုင်သော ပါရာဇိက**

၁။ ဥတ္တရာမဏ္ဏလိကာ သိက္ခာပဒ
၂။ ဝဇ္ဇိပုတ္တိစ္ဆာဒိကာ သိက္ခာပဒ
၃။ ဥက္ခိတ္တာနုဝတ္တိကာ သိက္ခာပဒ
၄။ အဋ္ဌဝတ္ထုကာ သိက္ခာပဒ

သံဃာဒိသေသ်

၁။ ဥဿယဝါဒိကာ
၂။ စောရီဝုဋ္ဌာပိကာ
၃။ ကေဝါမဉ္ဇရုဂမန
၄။ ဥက္ခိတ္တကာသြိသာရဏာ
၅။ ဘေဒနပဋိဂ္ဂဟဏာ ပထမ
၆။ ဘေဒနပဋိဂ္ဂဟဏာ ဒုတိယ
၇။ သိက္ခံပစ္စာစိက္ခဏာ
၈။ အဓိကရဏာ ကုပိတ
၉။ ပါပသမာစာရ ပဌမ
၁၀။ ပါပသမာစာရ ဒုတိယ သိက္ခာပဒ။

ဘိက္ခု , ဘိက္ခုနီ သံဃာဒိသေသ်အာပတ်ကုစားရာ၌ - ဘိက္ခုတို့မှာ ပရိဝါသ်ဆောက်တည်ရ၍ ဘိက္ခုနီတို့မှာ ပရိဝါသ်ဆောက်တည်ရန် မလိုတဲ့ ဥဘတောသံဃာ၌ ပက္ခမာနတ် ကျင့်မှုသာ ကွဲပြားသည်။

http://www.dhammadownload.com

ဂျ။ ၁။ မသိသော ရဟန်း၊
၂။ မသာယာသော ရဟန်း၊
၃။ သည်းခြေပျက်၍ ဆေးကုမရလောက်အောင် ရူးသွပ်သော ရဟန်း၊
၄။ ဘိလူးဖမ်းစား၍ စိတ်ပျံ့လွင့်သော ရဟန်း၊
၅။ ဒုက္ခဝေဒနာခံရခြင်းထန်စွာ နှိပ်စက်အပ်သော ရဟန်း။
၆။ အစဆုံး မေထုန်မှီ၍ ယှဉ်သော ရဟန်း – တို့ဖြစ်ပါသည်။

လူဝတ်ကြောင်သော်၎င်း၊ (သို့) ဥပါသကာ အာရာမ်စောင့် သာမဏေတို့တွင် တစ်ယောက် ယောက်သော်၎င်း၊ ပြုလုပ်၍ နေခြင်းဖြင့် ဈာန်အစရှိသော နိဗ္ဗာန်လမ်းကို ပြီးစေနိုင်သောကြောင့် လူအဖြစ် စသည်သည် ပါရာဇိက ကျူးလွန်အတွက် စင်ကြယ်ကြောင်း (ဝိသုဒ္ဓိ) ဖြစ်ပါသည်။

၈။ တစ်တောင်ဆစ်မှ လက်ဖျားအထိ ထတ္ထာ၊

ထုံဖွဲ့သည်ဖြစ်စေ မထုံဖွဲ့သည် ဖြစ်စေ ဆံပင်သက်သက်တို့ဖြင့်၎င်း၊ အဆင်းအမျိုးမျိုး ရှိသော ချည်+ပန်းမျိုးစုံ ငွေပန်း ရွှေကြိုး ပုလဲသွယ် စသည်တို့တွင် တစ်ပါးပါးနှင့် ရောနှော ပြုလုပ်ထားသော ဆံပင်အစည်းသည် **ဝေဏီ**

တာတ္ထ ဝေဏိမှ ကြွင်းသမျှ တစ်ကိုယ်လုံးသည် **အင်္ဂ**။

ဓာတုဝိဘင်္ဂ – ဟွေးပြီး၊ ဓါတုမှစ၍ အသက်ရှင်နေသမျှသော လူပိန်းမအားလုံးကို ယူရ ပါသည်။

၉။ (က) ရဟန်းတော်များ နေထိုင်ရန် သက်သက်ဆောက်လုပ်လှူဒါန်းအပ်သော သံဃိက ကျောင်း, ပုဂ္ဂလိကကျောင်းတို့သည် အကပ္ပိယကုဋိမည်၏။

(ခ) အကပ္ပိယကုဋိဝယ် သဟသေယျ အာပတ်သင့်နိုင်လောက်သော အရပ်၌ သိမ်းအပ်သော သံဃိကပုဂ္ဂလိကဖြစ်သော ယာဝကာလိက ယာမကာလိက ဥစ္စာသည် အန္တောဝုဋ္ဌ မည်၏။

http://www.dhammadownload.com

(ဂ) အကပ္ပိယကုဋိဌ် ချက်အပ်သော ယာဝကာလိကသည် အဇ္ဈောပဇ္ဇကမည်ပါသည်၊

(ဃ) အမှတ်မထား တစ်ပါးပါးသော အရပ်၌ ရတန်းကိုယ်တိုင်ချက်အပ်သော ယာဝကာလိကသည် သာမံပဇ္ဇကမည်၏။

(င) သပြေသရက်စသော အဖျော်ရည်တို့ကို ရတန်းတော်များ အာပစ်အောင် လူသာမဏေတို့သည် ရေအေးဖြင့် ဖျော်အောင်နှယ်၍ ဖျော်အပ်သော်ငှင်း၊ နေဖြင့် ချက်အပ်သော်ငှင်း ပြုလုပ်ရပါသည် (ဖျော်ရပါသည်)။

၁၀။ ဘိက္ခုနီမှာ သိက္ခာချဖွယ် မလိုသောကြောင့် "သိက္ခာသာဇီဝသမာပန္နော သိက္ခံ အပ္ပစ္စက္ခာယ နဒ္ဓလျံ အနာဝိကတ္တာ"တဲ့ တောတော်မမူ။

နုစ္ဆိ–အရ ဖေါင်းကြွင်းစသည်ကို ယူရပါသည်။
ဂိတ–အရ ဓမ္မကထိကတို့၏ သီချင်းသံစသည်ကို ယူရပါသည်။
ဏိဒိတ–အရ ရေထည့်ရာ စည်တီးသံစသည်ကို ယူရပါသည်။

အာပတ်မသင့်အောင် ဖြေဆိုနည်း
ဆည်းကပ်မှုကို ပြခြင်းမည်သည် ကောင်း၏–တဲ့ ဆိုရပါမည်။

ဝထမပြန်အထူးအောင်ရွေးချယ်ရေးစာမေးပွဲ
ဝထမကြီးတန်း ။ ဒွေမာတိကာဘာသာ
၁၃၆၆–ခုနှစ် နယုန်လပြည့်ကျော် (၁၂)ရက် (၁၄–၆–၂၀၀၄) တနင်္လာနေ့

၁။ မြတ်ဗုဒ္ဓ၏ အန္တရာယိကမဖြေ ဝေသာရဇ္ဇဉာဏ်ကို စွပ်စွဲသော ရတန်းဆိုးအား ရတန်းကောင်းတို့က ဆိုဆုံးမပုံပြ ပါဠိကို ရေးပါ။

၂။ ဘိက္ခုနီမတို့ ဘိက္ခုဩဝါဒဆိုမှ လွဲခဲတစ်ကြိမ် မျှော်လင့်ရသည့် ကိစ္စတို့ကို ပြဆိုသည့် သိက္ခာပုဒ်ကို အနက် မှန်မှန်သမှန်ပါ။

http://www.dhammadownload.com

၃။ ဘုရားသာသနာတော် ကြီးပွားတိုးတက်ကြောင်း နည်းလမ်းကောင်းတို့ကို ပို့ဆိုကိုးကား လျက် ဖော်ပြပါ။

၄။ ဘုရားရှင်ဟောကြားသော နတ်ရွာနိဗ္ဗာန် ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သော တရားတို့ကို ပို့ဆိုသာဓကပြလျက် ထုတ်ပြပါ။

၅။ သက်နှံးအသစ် ရရှိသဖြင့် ဝတ်ရုံအသုံးပြုလိုပါလျှင် လိုက်နာပြုကျင့်ရမည့် ဝိနည်းကံ တို့ကို သိက္ခာပုဒ်နာမည် ညွှန်ပြလျက် ဖော်ပြပါ။

၆။ အတူနေ တပည့်မကို ရဟန်းခံပေးပြီးနောက် ဥပဇ္ဈာယ်ဆရာ ဘိက္ခုနီမ ပြုကျင့်ရမည့် ဝိနည်းကျင့်ဝတ်တို့ကို သိက္ခာပုဒ်ပို့ဆို ထောက်ထားလျက် ရေးသားပါ။

၇။ ကပ္ပိယကာရက ပြုလုပ်ခွင့်ရှိသော ပုဂ္ဂိုလ်, မပြုလုပ်နိုင်သော ပုဂ္ဂိုလ်တို့ကို ခွဲခြားပြ၍ ဘဏ်၌အပ်နှံထားသော ချက်လက်မှတ် လွှဲဖိန်းသည်ကို လက်ခံသာယာပါက ဇာတရူပ သိက္ခာပုဒ်အရ အာပတ် သင့်/မသင့် စိစစ်ဆုံးဖြတ်ခဲ့ပါ။

၈။ (က) ဝေဟာသကဋ္ဌကျောင်း (ခ)ဇမတလ္လကဝိဟာရကျောင်း အမျိုးအစားကို သတ်မှတ် ပြ၍ မဟာလွှကဝိဟာရကျောင်း၌ ဆေးသုတ်နည်း အပိုးပိုးနည်းတို့ကိုလည်း ဖော်ပြပါ။

၉။ ဝိနည်းဒေသနာ၌ ထင်ရှားသော ဝဂ်ကြီး ၅-ဝဂ်၊ ကံကြီး ၅-ကံတို့ကို ရေတွက်ပြ၍ ကံကြီး ၅-ကံတွင် နောက်ဆုံးကံ၏ ရောက်ရှိရာ ဂု-ဌာနကိုလည်း အစဉ်ကျကျ ဖော်ပြပါ။

၁၀။ ကောဓိမန္တရဂမန သိက္ခာပုဒ်၌ ဘိက္ခုနီမအား တပြိုင်နက်သော ခဏ၌ အာပတ် ၄-ချက် သင့်ရောက်ပုံကို ရေး၍ ဂေါပကအဖွဲ့က "ပွဲလမ်းသဘင်ဖြင့် ဘုရားပွဲကို ပူဇော်ပါရစေ" ဟူ၍ လျှောက်ထားလာပါက အပြစ်လွတ်အောင် ပြေကြားနည်းကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com

ဝထဆဝပြဉ်အထူးအောင်ရွေးချယ်ရေးစာမေးပွဲ
ဝထမကြီးတန်း ။ ဒွေဓာတိကာဘာသာ (အဖြေ)

၁။ မာယသွာ ဇေဝံ အဝစ (ပ) အန္တရာယာဟာတိ။

၂။ ဩဝါဒုပသက်မနသိကွာပုဒ်ကို အနက်ရေးလေ။

၃။ ဆုရားဆာသနာ ကြီးပွားကိုးတက်ကြောင်း
အချင်းချင်း ဆိုဆုံးမခြင်း၊
အချင်းချင်း အာပတ်မှ ထစေခြင်း၊
ထိုင် – ဇေံ သံဝဒ္ဓါ တိ တသာ ဘဂဝတော ပရိသာ ယဒိဒံ အညမညဝစနေန
အညမညဝုဋ္ဌာပနေန။

၄။ သဗ္ဗဇာန မုသာဝါဒ
ဆာဇေတ – သဗ္ဗဇာနမုသာဝါဒေါ ဇေဋ္ဌမနာယသွာ အန္တရာယိကော ဇေယ္ယော ဝုတ္တော
ဘဂဝတာ။

မြတ်စွာဆုရား၏ ဇေဿာရဇ္ဇဉာဏ်ကို စွပ်စွဲခြင်း
ဆာဇေတ – အနေကပရိယာယေနာဝုသော အန္တရာယိကာ ဓမ္မာ အန္တရာယိကာ ဝုတ္တာ
ဘဂဝတာ၊ အလဉ္စ ပန တေ ပဋိသေဝတော အန္တရာယာယ၊

၅။ ရရိုလာသော သက်နံးအသစ်ကို ဖွဲ့ဏ္ဏကရဏသိကွာပုဒ် အရ အဆင်းပျက်စေခြင်းငှါ
စိမ်းဆိုရောင် ရှဉ်ညှန်ရောင် မည်းသောအဆင်းတို့တွင် တစ်ပျိုးပျိုးပြင့် ကပ္ပဗိန္ဒုထိုးရမည်၊

ဝိကပ္ပနာသိကွာပုဒ်အရ – ဝိကပ္ပနာပြု ပစ္စုဒ္ဓိရပြုရမည်။

http://www.dhammadownload.com

၆။ (၁) မကျန်းမမာ ဒုက္ခိတဖြစ်နေသော အတူနေတပည့်မကို ကိုယ်တိုင် ပြုစုလုပ်ကျွေးခြင်း၊ သူတစ်ပါးကို ပြုစုလုပ်ကျွေးစေခြင်း။
နေ ဥပဇ္ဈာပနသိက္ခာပုဒ် ပါဠိရေးလေ။

(၂) အတူနေတပည့်မကို ပဗ္ဗင်းခံပေးပြီး၍ နှစ်နှစ်တို့ပတ်လုံး ကိုယ်တိုင်ချီးမြောက်ခြင်း၊ သူတပါးကို ချီးမြောက်စေခြင်း။
ပဌမသဟဇိဝိနိသိက္ခာပုဒ် ပါဠိ ရေးလေ။

(၃) အတူနေတပည့်မကို ပဗ္ဗင်းခံပေးပြီး၍ အောက်ထစ်ဆုံး ၆- ယူဇနာ ၅-ယူဇနာဝေးသော အရပ်သို့ ကိုယ်တိုင်ဧါသွားခြင်း သူတပါးကိုမူလည်း ဧါသွားစေခြင်း။
ဒုတိယ သဟဇိဝိနိသိက္ခာပုဒ် ပါဠိ ရေးလေ။

၇။ **တပို့ယတာရတ ပြုလုပ်ခွင့်ရှိသော ပုဂ္ဂိုလ်**
သိတင်းသုံးဖော် ငါးဦးတို့မှ တစ်ပါး အခြားမည်သူ မဆို ကပ်ပို့ယကာရက ပြုလုပ်နိုင်ပါသည်။
ပြုလုပ်ခွင့်မရှိသော ပုဂ္ဂိုလ် - သိတင်းသုံးဖော် ၅- ဦး။

ချက်လက်မှတ် လူဖြန်းသည်ကို လက်ခံသာယာပါက ဇာတရူပသိက္ခာပုဒ်အရ နိဿဂ္ဂိ ပါစိတ် အာပတ်သင့်သည်။
ရောင်းဝယ်ရန်ငြင်းသော ကြေးပဲ သစ်သားပဲစသည်တို့ကို ရဇတအရ ယူရသောကြောင့် ဖြစ်သည်။

၈။ (က) ဝေတာသကုဋိကျောင်းဟူသည် -
အထက်ထပ်၌ ယုဉ်မခင်းရသေးသော ဘုံနှစ်ဆင့်, သုံးဆင့်ရှိသော ကုဋိကို ဆိုသည်၊

(ခ) မတလ္လကဝိဟာရကျောင်းဟူသည် -
ပိုင်ရှင်ရှိသောကျောင်းကို ဆိုသည်။

http://www.dhammadownload.com

တံခါးဘောင်၏ နှစ်တောင့်ထွာ အရပ်တိုင်အောင် တံခါးဘောင်နှင့် တကွ တံခါးကျည်ကို မြင်မိစွာ ထားခြင်းငှါ အထက်လေသာပြူတင်းကို အပြေအပြစ်ပြုခြင်းငှါ အထပ်ထပ်လိမ်းကြံရမည်၊ တင်းကို အပြေအပြစ်ပြုခြင်းငှါ အထပ်ထပ်လိမ်းကြံရမည်၊ စိမ်းသော ကောက်ပဲ မရှိသောအရပ်၌ ရပ်၍ နှစ်ထပ်သုံးထပ်နှင့် ငင်းအောက်လျော့၍ မိုးရမည်။

၉။ **ဝဂ်ကြီး ၅–ဝဂ်**

စတုဝဂ်၊ ပဉ္စဝဂ်၊ ဒသဝဂ်၊ ဇိသတိဝဂ်၊ အတိရေကဇိသတိဝဂ်။

ကံကြီး ၅– ကံ

ဥပသမ္ပဒကံ၊ ပဝါရဏာကံ၊ အဇ္ဈာနကံ၊
ဥတ္တိဒုတိယကံ၊ ဥတ္တိစတုတ္ထကံ။

နောက်ဆုံးကံ၏ ရောက်ရာ ၎– ဌာန

(၁) ဩသာရဏာ၊ (၂) နိဿာရဏာ၊ (၃) သမ္မုတိ၊ (၄) ဒါန၊ (၅) နိဂ္ဂဟ၊ (၆) သုမနုဘာသန၊ (၇) ကမ္မလက္ခဏာ။

၁၀။ **အာပတ် ၄– ဆွက်သင့်ပုံ**

အရဏ်မတက်မှီ, ဖိခိရွာမှ လွတ်၍ အရဏ်တက်သောအခါ ရွာတစ်ပါးဖြစ် အကျူးဝင်သော မြစ်တစ်ဘက်ကမ်းသို့ သက်ရောက်လျှင် ဂါမန္တရအာပတ်, နဒီပါရအာပတ်, ရတ္တိဝိပ္ပဝါသအာပတ်, ဂဏမှာ ညြဟိယနအာပတ် လေးချက်တပြိုင်နက်သင့်၏၊

"ဆည်းကပ်ပူဇော်မှုမည်သည် ကောင်း၏" ဟုပရိယာယ်ဖြင့် ဖြေကြားရမည်။

---

http://www.dhammadownload.com

ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်)
ပထမတြီးတန်း ။ ဓမ္မပဒအဘာသာ
ဘုဒ္ဓ၅-ခုနှစ် နောင်းတန်ခူးလဆန်း (၁၂)ရက် (၁-၄-၂၀၀၄)ကြာသပတေးနေ့

၁။ စစ်မက်ပြစ်ပွားရာတွင် မိုင်းသူ/ရုံးသူ နှစ်ဦးတို့၌ ပြစ်ပွားတတ်သော ဘေးတို့ကို ကောသလ ရာဇပရာဇာယ ဝတ္ထုကို ထောက်ရှုဖော်ပြ၍၊ မထင်မရှား အမျိုးသမီးငယ်တစ်ယောက်အား တောတော်မူသော (က) အတူမရှိသောမိ။ (ခ) အတူမရှိသောအပြစ်၊ (ဂ) အတူမရှိသော ဆင်းရဲ၊ (ဃ) အတူမရှိသောချမ်းသာ တို့ကိုလည်း ထင်ရှားစွာဖြေဆိုခဲ့ပါ။

၂။ အာဘယ်ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသူကို လူ့အပေါင်းတို့ ချစ်ခင်မြတ်နိုးကြပါနည်း ပဉ္စသတ အင်္ဂါရက ဝတ္ထုအရ ညွှန်ပြ၍၊ ဥဒ္ဒံသောတပုဂ္ဂိုလ်တူသည် အာဘယ်သို့သော ပုဂ္ဂိုလ်ပါနည်း ထင်ရှားအောင်ညွှန်ပြပါ။

၃။ မလဝဂ် ပဉ္စဥပါသကဝတ္ထု၌ မြတ်စွာဘုရားတရားဟောနေစဉ် တရားတော်ကို မနာယူတဲ့ ကိုယ်ထင်ရာ ကိုယ်လုပ်နေကြသော ဥပါသကာ လေးယောက်တို့၏ အမူအရာတို့ကို ဖော်ပြ၍ "နတ္ထိ အေသသမော ဂဟော" တူသော ဒေသနာတော်၌ အေသနှင့်တူသောဖမ်းစားခြင်း မရှိပုံကို အဋ္ဌကထာဆရာအလိုက္ခ ရှင်းလင်းပြပါ။

၄။ မဂ္ဂဝဂ်၌ ကိသာဂေါတမီအား ဟောတော်မူသော ဂါထာနှစ်ဂါထာတို့တွင် ဒုတိယဂါထာကို အနက်ယောဇနာခဲ့ပါ။

၅။ နိရယဝဂ် သမ္မဟုလဘိက္ခုဝတ္ထုလာ များစွာသော အာဂန္တုကရဟန်းတို့အား ဟောတော် မူသောဂါထာကို ပြင်ဆင်ခဲ့ပါ။

၆။ ဟိမဝန္တာတောကျောင်း၌ မာရ်နတ်မင်းအား ဟောတော်မူသော ချမ်းသာခြင်းအကြောင်း ၁၂-ချိုးကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၇။ အကျိုးကြီးမားလိုသော် ရွေးချယ်၍ လှူရမည်ဟု ဟောတော်မူရာ အာယပုဋ္ဌိလ်မျိုးကို ရွေးချယ်၍ လှူရပါမည်နည်း အကုံရဝတ္ထုလာ, ဥပမာနှင့်တကွ ရှင်းလင်းပြ၍ "စက္ခုနာ သံဝရော သာဓု" ဟူသော ဒေသနာတော်အရ စက္ခုဖွင့်၍ အပြစ်မမြင်အောင် စောင့်ရှောက်ပုံကိုလည်း ဖေါ်ပြပါ။

၈။ မဃရာဇ မထေရ်ဝတ္ထုလာ "သဇ္ဇယ နံ ပရိဟာယတိ" ဟူသော ဩသနာတော်၌ သဇ္ဇယတရားတို့ကို ဖေါ်ပြ၍၊ ပဉ္စဂဒိယကာပုဏ္ဏား၏ အလှူငါးဦးပျိုးကိုလည်း ရေတွက်ပြပါ။

၉။ သမ္မဟုလဘိက္ခုဝတ္ထုလာ –
ပဥ္စဆိန္နေ ပဥ္စဇေတော၊ ပဥ္စဒုတ္တရိ ဘာဝယေ။
ပဥ္စသင်္ဂီတိဂေါ် ဘိက္ခူ၊ ဩဃတိဏ္ဏောတိ ဝုစ္စတိ–ဂါထာ၌ ပဥ္စအရတို့ကို ဖေါ်လွင်အောင် ဖေါ်ပြပါ။

၁၀။ အန္ဓဘာရ မြက်ထမ်းသွားသည် မည်သူ၏ အလောင်းဖြစ်ပါသနည်း၊ ၎င်းမြက်ထမ်းသွားသည် ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအား ဆွမ်းလှူပြီး ဆုတောင်းပုံကိုလည်း ပြည့်စုံအောင်ဖေါ်ပြပါ။

တတိယပြဋ္ဌာန်

ပထမကြီးတန်း ။ ဓမ္မဝေဒနာသာ (အဖြေ)

၁။ စက်မက်ဖြစ်ဟူးရာတွင် နိုင်သူသည် ရန်ဟူးစေ၏၊ ရှုံးသောသူသည်(ကြာရိယာပုတ်တိုင်း၌) ဆင်းရဲစွာနေရ၏။ ၌– ၁၆၈။

(က) အတူမရှိသော မိဿကား – ရာဂ
(ခ) အတူမရှိသော အပြစ်ကား – ဒေါသ၊
(ဂ) အတူမရှိသော ဆင်းရဲကား – ခန္ဓာ၊
(ဃ) အတူမရှိသော ချမ်းသာကား – နိဗ္ဗာန်။ ၌– ၁၆၉။

http://www.dhammadownload.com

၅။ သမ္မဟုလဘိက္ခုဝတ္ထု ၈ထာ ၃၁၅၊ ၌– ၃၀၄။

၆။ **ရွမ်းဆာ ၁၂–မျိုး**

(ရရိုင်ပြည်နယ် ပုစ္ဆာ နံပါတ် ၆–၌ ကြည့်ပါလေ။)

ဂျ။ သမန်းစသော မြက်တို့ ပေါက်ရောက်၍ ကောက်ပဲလယ်ယာတို့ကို ဖျက်ဆီးကုန်ကြ၏၊ ထို့ကြောင့် အသီးများစွာ မသီးနိုင်ကြ၊ ထို့အတူ သတ္တဝါတို့၏ ကိုယ်တွင်း၌ ရာဂ, ဒေါသ, မောဟ, အလိုရမ္မက် ဖြစ်လသော် သတ္တဝါတို့ကို ဖျက်ဆီး၏၊ (ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့၌ လူသောအလူ အကျိုးမကြီး) ရဟန္တာတို့၌ လူသော အလူသည် အကျိုးကြီး၏ ဟူ၍ ဟောတော်မူသောကြောင့် ဖိဖိအလူ အကျိုးကြီးလိုသော် ရာဂ, ဒေါသ, မောဟ, အလိုရမ္မက်ကင်းသော ရဟန္တာတို့ကို ရွေးချယ်၍ လူရမည်။ ၌– ၃၅၆။

စက္ခုဒ္ဒိရ၌ အပြစ်မဖြစ်အောင် –

စက္ခုဒ္ဒိရ၌ ရူပါရုံထင်ခြင်းသို့ရောက်သောအခါ ကွာဋ္ဌာရုံ၌ မတပ်နှစ်သက်ဘဲ, အနိဋ္ဌာရုံ၌ မပြစ်မှား (ဒေါသမဖြစ်ပွားဘဲ)၊ အညီအမျှ မလူသဖြင့် တွေဝေခြင်းကို မဖြစ်စေဘဲ စက္ခုဒ္ဒိရ၌ စောင့်ရှောက်ရမည်၊ ပိတ်ဆို့ရမည်၊ လုံခြုံအောင် ပြုရမည်။ ၌– ၃၅၉။

၈။ သဒ္ဒမ္မတရားများ

၁။ မောဓိပက္ခိယတရား ၃၇–ပါး၊

၂။ လောကုတ္တရာတရား ၉–ပါး– တို့ဖြစ်သည်။ ၌– ၃၅၆။

အလူဦးပါးမျိုး

၁။ ကောက်ခင်းလယ် ရိတ်သိမ်းသောကာလ၌ လယ်ဦးအလူ၊

၂။ တလင်းဝယ် နယ်သောကာလ၌ တလင်းဦးအလူ၊

၃။ တလင်းတွင် စုပုံသော ကာလ၌ တလင်းဘဏ္ဍာဦးအလူ၊

၄။ ထမင်းအိုးတွင် ချက်သောကာလ၌ ထမင်းအိုးဦးအလူ၊

၅။ ခွက်၌ ထမင်းခူးထည့်သောကာလ၌ ခွက်ဦးအလူ။ ၌– ၃၆၇။

http://www.dhammadownload.com

၂။ ၁။ စတုပါရိသုဒ္ဓိသီလ, မင်ဉာဏ်, ဗိုလ်ဉာဏ်အပြင်နှင့် ပြည့်စုံခြင်း၊
၂။ လောကုတ္တရာတရား ကိုးပါးနှင့် တည်ခြင်း၊
၃။ သစ္စာဉာဏ်ဖြင့် အမှန်ကိုဆိုလေ့ရှိခြင်း၊
၄။ သိက္ခာသုံးရပ် မိမိအမှုကို ပြုလုပ်ပြည့်ကျင့်တတ်ခြင်း။
ဤအင်္ဂါတို့နှင့် ပြည့်စုံသူကို လူအပေါင်းတို့ ချစ်ခင်မြတ်နိုးကြသည်။ ၌- ၁၈၇။

ဥဒ္ဒဲသောတာဂုဗျိုလ်တူသည် -

နိဂ္ဂန်ဥ (ကို) အားကြီးစွာလိုလားသည် ဖြစ်၍ (အောက်မင် အောက်ဗိုလ်) စိတ်ဖြင့် တွေ့ထိကာ ကာမဆုံတို့၌ ကပ်ငြိစိတ်မရှိသူကို "ဥဒ္ဒဲသောတ" အထက်အကနိဋ္ဌဘုံသို့ အစဉ်အတိုင်း သွားမည်သူ ဟုဆိုအပ်သည်။

ကော်အနောဂါမိတ္ထေရဝတ္ထု ဂါထာ ၂၁၈၊ ၌- ၁၈၉။

၃။ **တရားမနာဘဲ ကိုယ်ထင်ရာကိုယ်လုပ်နေကြသော ဥဒါသတာလေးယောက်**
၁။ တစ်ယောက်သောသူသည် ထိုင်လျက်သာလျှင် ငိုက်မျဉ်းနေ၏၊
၂။ တစ်ယောက်သောသူသည် လက်ချောင်းဖြင့် မြေ၌ ရေးခြစ်နေ၏၊
၃။ တစ်ယောက်သောသူသည် သစ်ပင်တစ်ပင်ကို လှုပ်လျက်နေ၏၊
၄။ တစ်ယောက်သောသူသည် ကောင်းကင်ကို မော့ကြည့်လျက်နေ၏၊ ၌- ၂၃၀။

နတ္ထိ အဒါသသမော ဝဏ္ဏော

ဘီလူးဖမ်းခြင်း, စပါးကြီးမြွေဖမ်းစားခြင်း, မိကျောင်းလိပ်ဖမ်းခြင်း စသည်တို့သည် တစ်ခုသောအတ္တဘောဌ် (တစ်ဘဝ) သာလျှင် ဖမ်းယူခြင်းငှါ စွမ်းနိုင်ကြသည်၊ ဒေါသဖမ်းခြင်းကား အလုံးစုံ ဘဝတို့၌ တဖမ်းတည်းသာ ဖမ်းသောကြောင့် ဒေါသနှင့်တူသော ဖမ်းစားခြင်း မရှိလေ။

(ဒေါသဖမ်းခြင်းကား ဘဝအားလုံးတို့၌ အမြဲတမ်းဖမ်းနေမည် တူလို) ၌- ၂၃၁။

၄။ ကိသာဂေါတမိဝတ္ထု ဂါထာ ၂၈၃၊ ၌- ၂၇၀။

http://www.dhammadownload.com

၉။ ပဠဆိန္နဒ္ဒ ပဠအရ – ဩရမ္ဘာဂိယ သံယောဇဉ် ငါးပါး။
ပဠဇဟော–ဒ္ဒ ပဠသရုပ် – ဥဒ္ဓမ္ဘာဂိယ သံယောဇဉ် ငါးပါး၊
ပဠစုတ္တရိ ဘာဝယော–ဒ္ဒ ပဠ သရုပ် – သဒ္ဓါစသော ဂုဏ်နှစ်ငါးပါး၊
ပဠသဂီတိဂေါ–ဒ္ဒ ပဠသရုပ် – ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ –ငါးပါး။
ဒ္ဒ– ၃၅၇။

၁၀။ အန္ဓဘာရမြက်ထမ်းသမားသည် အရှင်အနုရုဒ္ဓါ လောင်းလျှာဖြစ်သည်။

ဆုတောင်း –

''အရှင်ဘုရား ဤသို့ဆက်ကပ်လှူဒါန်းရသော ဒါနကုသိုလ်စေတနာကြောင့် ဘဝငယ် ဘဝကြီးဒ္ဒ တပည့်တော်အား သူဆင်းရဲမျိုးဒ္ဒ မဖြစ်ပါစေသတည်း၊ မရှိဟူသော စကား မကြားရသည့်ကိုယ်ဖြစ်ရပါလိုပါ၏'' ဟူ၍ ဆုတောင်းသည်။ ဒ္ဒ– ၃၈၃။

ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)
ပထမကြိုးတန်း ။ဝမ္မပဒဘာသာ
၁၃၆၅–ခုနှစ် နှောင်းတန်ခူးလဆန်း(၁၂)ရက် (၁–၄–၂၀၀၄)ကြာသပတေးနေ့

၁။ ကောသလမင်းကြီးက မြတ်စွာဘုရားအား ယခုအခါ တပည့်တော် ရောဂါကင်းပြီးရ၏၊ စစ်တိုက်ခြင်းပြီးရ၏၊ သံယာတော်တို့နှင့် အကျွမ်းတဝင်ဖြစ်ရ၏ –ဟု လျှောက်ထားရာ၌ ဟောကြားအပ်သော မြတ်စွာဘုရား၏ ဓမ္မဒေသနာတော်ကို ပြည့်စုံစွာ ဖော်ပြပါ။

၂။ အရက်သောက်ခြင်းကြောင့် ကျရောက်မည့် အပြစ်ပြဂါထာကို မလပဂ်၊ သတ္တမမြောက် ပဠဥပသကဝတ္ထု လာရှိသည့်အတိုင်း အနက်ပေးပြပါ။

http://www.dhammadownload.com

၃။ နတ်ပြည်ရောက်ခြင်း၏ အကြောင်းသုံးပါးတို့ကို ကောဓဝဂ်၊ မဟာမောဂ္ဂလာန၏ဝတ္ထုကို မှီး၍ ဖြေဆိုပါ။

၄။ (က) အဆင်းလှသူ၏ အညစ်အကြေး၊ (ခ) ပစ္စယုန်ဘဝ တစ်မလွန်ဘဝ နှစ်ရပ်လုံး၏ အညစ်အကြေးကို ဖော်ပြ၍၊ သူတော်ပါးတို့၏ အပြစ်ကို ရှု၍ ကဲ့ရဲ့ရွှတ်ချလေ့ရှိသော ရဟန်းအား တိုးပွားလာသော တရားတို့ကို ဖော်ပြပါ။

၅။ ''ဝနံ ဆိန္ဒ''အရ တကယ့်တောကို ခုတ်ဖြတ်ရမည်လော အဘယ်ကို ခုတ်ဖြတ်ရမည်နည်း ဖော်ပြခဲ့ပါ။

၆။ အမေအဖေကိုသတ်လျှင် ပဉ္စာနန္တရိယကံကြီး ထိုက်သည်မဟုတ်ပါလော အဘယ့်ကြောင့် ''မာတရံ ပိတရံ တန္နာ''တု မြတ်ဗုဒ္ဓက ဟောကြားတော်မူအပ်ပါသနည်း ဥာဏ်အဟုန်သွင်း၍ ဖြေရှင်းခဲ့ပါ။

၇။ မွတ်သိပ်ခြင်းသည် အဘယ့်ကြောင့် အကြီးဆုံးရော်ဂါဖြစ်သနည်း ရှင်းလင်းပြီးလျှင် ဗိဘန်ပါးသည် အမြတ်ဆုံး ဆွေမျိုးဖြစ်ပါသလော အဘယ်သူသည် အမြတ်ဆုံး ဆွေမျိုးဖြစ်ပါသနည်း ပသေနဒိကောသလဝတ္ထုမှ ထုတ်နုတ်၍ ရှင်းလင်းရေးသားပါ။

၈။ လောကလူသား အပေါင်း၏ ချစ်ခင်မြတ်နိုးမှု၊ တွေ့မြင်လိုမှု၊ ပူဇော်လိုမှု စသည်ကို ခံထိုက်သော ပုဂ္ဂိုလ်မျိုးကို ပဉ္စသတဒါရကဝတ္ထုမှ ထုတ်နုတ်၍ ပြည့်စုံအောင် ရေးသားပါ။

၉။ အမျိုးသမီး ငါးရာနှင့် အတူ သီရိမာပြည့်တန်ဆာမ သောတာပန်တည်သော အောင်နိုင်ကြောင်း တရားများကို ရေး၍၊ ရဟန်းတို့ သုံးစွဲသော ပစ္စည်းများက ရဟန်းတို့ကို အဘယ့်ကြောင့် အပါယ်လေးပါးသို့ ဆောင်တတ်သည်ကို ဥပမာနှင့်တကွ ရှင်းလင်းပြပါ။

၁၀။ ရာဂနှင့်တူသော မီးမရှိ တဏှာနှင့်တူသော မြစ်မရှိ–ဟု ဟောတော်မူရခြင်း အကြောင်းကို ရှင်းလင်းပြပါ။

http://www.dhammadownload.com

ကယားပြည်နယ်

ပထမကြိုးတန်း ဒေမွပဒဘာသာ (အဖြေ)

၁။ ပသေနဒိကောသလဝတ္ထု ဂါထာ – ၂၀၄၊ ၌– ၁၇၃၊

၂။ မလဝဂ် ပဉ္စဥပါသကာဝတ္ထု ဂါထာ – ၂၄၇၊ ၌– ၂၂၇၊

၃။ **နှတ်ပြည်ရောက်ကြောင်း**

၁။ မှန်သောစကားကို ပြောဆိုခြင်း၊

၂။ အမျက်မထွက်ခြင်း၊

၃။ တောင်းလာသည် ရှိသော် အနည်းငယ်မျှကိုသော်လည်း လှူဒါန်းခြင်း

တို့ဖြစ်သည်၊ ၌– ၂၀၄။

၄။ (က) ပျင်းရိခြင်း၊ (၂၂၂)။

(ခ) ယုတ်မာသော အကုသိုလ်တရားများ၊ ၌– ၂၂၃။

တိုးပွားသောတရားများ – အာသဝေါတရား

ဝေးသောတရား – အာသဝေါတရားကုန်ကြောင်း အရဟတ္တဖိုလ်။

၌– ၂၃၉။

၅။ 'ဝနံ ဆိန္နထ' အရ တကယ်တောကို ခုတ်ဖြတ်ရမည် မဟုတ်ပါ၊ ရာဂအစရှိသော ကိလေသာကိုသာ ခုတ်ဖြတ်ရမည်။ ၌– ၂၆၅။

၆။ **'မာတရံ ပိတရံ တန္နာ' တုကြောင်း**

'တဏှာ ဇနေတိ ပုရိသံ' ဟုဟောသောကြောင့် ဘဝသုံးပါးနှင့် သတ္တဝါတို့ကို ဖြစ်စေတတ်သော ဓာဏှာသည် အမိမည်၏၊ အဖကိုမှီ၍ ဖြစ်ပွားသော မာနဖြစ်တတ်သောကြောင့် မာနသည် အဖေမည်၏၊ ထိုတဏှာမာနသည် သတ်ထိုက်သောကြောင့် မာတရံ ပိတရံ ဟန္နာ–ဟု ဟောသည်။ ၌– ၂၈၃။

http://www.dhammadownload.com

၇။ အခြားရောဂါသည် တစ်ကြိမ်ဆေးကုသည်ရှိသော် ပျောက်မူလည်းပျောက်၏၊ တဒင်္ဂ၏ အစွမ်းဖြင့်လည်း ပယ်နိုင်၏၊ ဇော်မွတ်ဆာလောင်ခြင်းသည်ကား အမြဲဆေးကုထိုက်သောကြောင့် မွတ်သိပ်ခြင်းသည် အကြီးဆုံးရောဂါဖြစ်သည်။ ၌- ၁၇။

အဓိအဗပင်ဖြစ်စေ အကျွမ်းမဝင်လျှင် ဆွေမျိုး မမည်၊ ဆွေမျိုးမတော်သော်လည်း အကျွမ်းဝင်လျှင် အမြတ်ဆုံး ဆွေမျိုးမည်၏။ ၌- ၁၇၃။

၈။ ၁။ စတုပါရိသုဒ္ဓိသိလ မဂ်ဖိုလ်ဉာဏ်အမြင်နှင့် ပြည့်စုံခြင်း၊
၂။ လောကုတ္တရာတရားကိုးပါးကို တည်ခြင်း၊
၃။ သစ္စာဉာဏ်ဖြင့် အမှန်ကို ဆိုလေ့ရှိခြင်း၊
၄။ သိက္ခာသုံးခု ဓိဓိအမှုကို ပြုလုပ်ပြည့်ကျင့်တတ်ခြင်း၊
ထိုအင်္ဂါတို့နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် လူအပေါင်း၏ ချစ်ခင် မြတ်နိုးမှု စသည်ကို ခံထိုက်သော ပုဂ္ဂိုလ်ဖြစ်သည်။ ၌- ၁၈၅။

၉။ **အောင်နိုင်ကြောင်းတရားများ**
၁။ အမျက်ထွက်သူကို အမျက်မထွက်ကြောင်း မေတ္တာဖြင့်လည်းကောင်း၊
၂။ မကောင်းသော သူကို ကောင်းခြင်းဂုဏ်ဖြင့်လည်းကောင်း၊
၃။ ဓိဓိဉစ္စာကို ဝန်တိုသူကို ပေးကမ်းခြင်းဖြင့်လည်းကောင်း၊
၄။ မုသားပြောဆိုသူကို မှန်ကန်စွာပြောဆိုခြင်းဖြင့်လည်းကောင်း အောင်နိုင်ရာ၏
၌- ၂၀၂။

သံမှအညစ်အကြေးဖြစ်၍ ထိုအညစ်အကြေးသည် ဖြစ်ပေါ်လာရာ သံကိုသာလျှင် စားသကဲ့သို့ ပစ္စည်း ၄-ပါးတို့ကို ပညာဖြင့် မဆင်ခြင်ဘဲ သုံးစွဲသော ရဟန်းကို ဓိဓိဉစ္စာဖြစ်ကုန်သော အကုသိုလ်ကံတို့သည် ဓိဓိ၌တည်သောကြောင့် အပါယ်လေးပါး (ဒုဂ္ဂတိ) သို့ ဆောင်တတ်သည်။ ၌- ၂၁၉။

http://www.dhammadownload.com

၁၀။ အဝိုးအစရှိသည်တို့တွင် တစ်စုံတစ်ခုကို မပြုမူ၍ အတွင်းဌာသာလျှင် ထ၍ လောင်တတ်သောကြောင့် ရာဂနှင့်တူသော ဝိးမရှိ–ဟု ဟောတော်မူသည်။

ဂဏိအစရှိသော မြစ်တို့၏ ပြည့်သောကာလ, ယုတ်သောကာလ, ခြောက်သောကာလသည် ထင်ရှား၏၊ တဏှာသည်ကား ပြည့်သောကာလ ခြောက်သောကာလဟူ၍ မရှိ၊ အမြဲ ယုတ်လျော့မှုသည်သာ ထင်ရှား၍ ပြည့်နိုင်ခဲသောကြောင့် တဏှာနှင့်တူသော မြစ်မရှိ – ဟု ဟောတော်မူသည်။ ၌– ၂၃၁။

ပထမပြန်စာပေးပွဲတျင်းပရေးဗတိုအတွဲ၌ (တရင်ပြည်နယ်)

ပထမကြိးတန်း ။ ဓမ္မဝဒ ဘာသာ

၁၃၆၅–ခု၊ နှောင်းတန်ခူးလဆန်း (၁၂)ရက် (၁–၄–၂၀၀၃) ကြာသပတေးနေ့

၁။ သူတစ်ပါးအလှူပေးနေသည်ကို မဆင်မခြင်ကဲ့ရဲ့သော တိသရဟန်းငယ်အား မြတ်စွာဘုရား ဟောကြားတော်မူသော မလဝဂ် တိသဿဟာရဘိက္ခုဝတ္ထုလာ–ဂါထာတို့ကို အနက်ပေးခဲ့ပါ။

၂။ နွားရောဂါ စွဲကပ်နေသဖြင့် မောင်တော်ထံမလာဝံ့သော ရောဟိနီ မင်းသမီးအား မြတ်စွာဘုရားဟောကြားတော်မူသော ကောဓဝဂ်, ရောဟိနီခတ္တိယကညာဝတ္ထုလာ ဂါထာကို ပါဠိသက်သက်ရေးခဲ့ပါ။

၃။ ''မချစ် ဒုက္ခ၊ ချစ် ဒုက္ခ''ဖြစ်ရပုံနှင့် ချစ်ခြင်း မုန်းခြင်း မရှိလျှင် အဘယ်တရားများလည်း မရှိနိုင်သနည်း ဝိယဝဂ် တယောဇနဝတ္ထုလာ ဂါထာနှင့်အညီ ရှင်းလင်းပြခဲ့ပါ။

၄။ မလဝဂ်, သုဘဒ္ဒပရိဗ္ဗာဇက ဝတ္ထုလာ ''မရှိ'' တရားလေးမျိုးကို ဖေါ်ပြပြီးလျှင် ပညာရှိသူနှင့် ပညာမရှိသူကို မည်သို့ခွဲခြား သိမြင်ရမည်နည်း မေ့ဌဝဂ်, ဆဗ္ဘင်္ဂိယဝတ္ထုကို အဖြေခံ၍ ခွဲခြားပြခဲ့ပါ။

http://www.dhammadownload.com

၅။ မိမိ၏ ဘဝအာမခံချက်သည် စောင့်ထိန်းခြင်းသီလသာ ဖြစ်သည် မိဘရွှေမျိုးများ မဟုတ်ကြောင်း ပြဆိုသော မဂ္ဂဝဂ် ပဌာစာရဝတ္ထုလာ-၇ထောကို မြန်မာလို ဖြေဆိုပါ။

၆။ ''သံကို သံဖျက် သံချေးတက်'' ဟူသောစကားသည် အဘယ်ကိုဆိုလိုပါသနည်း မဂ္ဂဝဂ်, တိဿတ္ထေရဝတ္ထုလာ ၇ထောနှင့်အညီ ရှင်းပြပြီးလျှင် မဂ္ဂဝဂ်ပဉ္စဥပါသကဝတ္ထု၌ လာသော အဂ္ဂိ, ကဟ, ဇာလ, နဒီ ဟူသောပါဠိဥပမာပုဒ်များ၏ ဥပမေယျတို့ကို ရေးခဲ့ပါ။

၇။ ''တစ်သိန်းပေးတောင်မှ မိန်းကလေးမလာရ''ဟူသော ဆိုင်းဘုတ်ကို ဆွဲထားသည့်သတို့သားအမည် ထိုသတို့သား၏ အာဒါဟ မင်္ဂလာပြုရှိန်အထိ ဘဝဖြစ်စဉ်အကျဉ်း ရွှေရုပ်ထက်လှသပြင့် ရွှေနှင့်စက်၍ တောင်းယူရသော မိန်းမချောလေး၏ ဇာတိဖြစ်သော တိုင်းနှင့် မြို့များကို ဖေါ်ပြခဲ့ပါ။

၈။ အနာထပိဏ်သူဌေး၏ သမီး စူဠသုဘဒ္ဒါက ယောကျ္ဍမများအား ပြောပြသော ဗုဒ္ဓနှင့်တပည့် ရဟန်းတော်တို့၏ ကြည်ညိုဖွယ်ရာ ဂုဏ်များစွာတို့အနက် ၎းခုသာ ဖြေဆိုခဲ့ပါ။

၉။ ''ဘဝဇာတ်ခုံ''ဝယ် ကံဇာတ်ဆရာအလိုကျ အခန်းစုံကပြခဲ့ရသည့် သုမနာ အမည်ရှိ ရဟန္တာထေရိမတစ်ဦး၏ ရာဇဂြိုဟ်ဝက်မလေးဘဝမှသည် ထေရိမ ဘဝတိုင်အောင် ကျင်လည် ခဲ့ရသည့် ဘဝများကို ရေတွက်ပြ၍ ပရိနိဗ္ဗာန်ပြုခါနီး ဟောသွားသော တရားအကျဉ်းကိုလည်း ဖေါ်ပြခဲ့ပါ။

၁၀။ ဓမ္မဒိန္နာထေရိမ၏ ခင်ပွန်းဖြစ်သူက ပစ္စည်းအားလုံးလွှဲအပ်လာစဉ် ပြန်လည်ပြောဆိုသော စကားများကို ဖေါ်ပြ၍ ရာဇဂြိုဟ်မှ ဇနပုဒ်သို့ သွားရခြင်းအကြောင်း ဇနပုဒ်၌ ရခဲ့သော တရားထူး, မည်သို့ နှလုံးသွင်း၍ ရာဇဂြိုဟ်သို့ တစ်ဖန်ပြန်လာပုံများကိုလည်း ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

တရင်ပြည်နယ်

ပထမတိုးတန်း ။ မွေပဒ အာသာ

၁။ တိသဒဟရဝဂ္ဂ ဂါထာ ၂၄၉၊ ၂၅၀၊ ၌- ၂၂၉။

၂။ ရောဟိနိ ခတ္တိယကညာဝတ္ထု ဂါထာ ၂၂၁၊ ၌- ၁၉၃။

၃။ ချစ်သောသူတို့ကို မမြင်ရခြင်းသည်လည်း ဆင်းရဲ၏၊ မုန်းသောသူတို့ကို မြင်ရခြင်း သည်လည်း ဆင်းရဲ၏၊ (ထို့ကြောင့် လူကိုဖြစ်စေ, ပစ္စည်းဥစ္စာကိုဖြစ်စေ ချစ်ခင်စွဲလမ်း ခြင်းကို မပြုရာ၊) ချစ်ခင်စွဲလမ်းဖွယ်ရာတို့နှင့် ကွေကွင်းရခြင်းသည် မကောင်းသည်သာ။

ချစ်ခြင်း မုန်းခြင်းမရှိလျှင် အန္တောအဖွဲ့ ''ဂန္ထတရားများ'' မရှိနိုင်ပေ။

ဂါထာ ၂၁၀၊ ၁၊ ၌- ၁၇၉။

၄။ **မရှိတရားလေးချီး**

၁။ ကောင်းကင်၌ ခြေရာမရှိ၊

၂။ သာသနာပြင်ပ၌ မဂ်ရ ဖိုလ်ရ ရဟန်းမရှိ၊

၃။ မြဲကုန်သော သင်္ခါရတရားတို့မရှိ၊

၄။ ဘုရားရှင်တို့အား (တဏှာ, မာန, ဒိဋ္ဌိ)တို့ဖြင့် တုန်လှုပ်ခြင်းမရှိ။

ဂါထာ ၂၅၅၊ ၌- ၂၄၀။

ဝညာရှိသူနှင့် မရှိသူ

သံဃာ့အလယ်စသည်တို့၌ စကားများစွာ ပြောဆိုကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ၊ ရန်မလာ၊ သူတစ်ပါးတို့အား ဘေးရန်မပြုတတ်သော သူကိုသာ ပညာရှိဟူ၍ ဆိုအပ်သည်။

ဂါထာ ၂၅၈၊ ၌- ၂၄၂။

၅။ သေမင်းနှိပ်စက်ခံရသူအား သေမင်းမှ စောင့်ရှောက်ရန်အတွက် သားသမီးတို့မရှိကုန်၊

http://www.dhammadownload.com

အပိအဟတို့လည်း မရှိကုန်၊ အဆွေခင်ပွန်းတို့လည်း မရှိကုန်၊ ဆွေမျိုးတို့တွင် စောင့်ရှောက်နိုင်မည့်သူလည်း မရှိ။

ဤအကြောင်းအထူးကိုသိ၍ ပညာရှိပုဂ္ဂိုလ်သည် သီလစောင့်စည်းလျက် နိဗ္ဗာန်ရောက်ကြောင်း အဌကထာကို လျင်မြန်စွာသာလျှင် သုတ်သင်ရမည်။

ဂါထာ ၂၈၈၊ ၉၊ ၌- ၂၇၁.

၆။ **သံကိုဇျက်လျှင် သံချေးတက်**

သံချေးသည် သံမှသာလျှင် ဖြစ်လာ၍ သံချေးတက်ပြီးလျှင် ထိုသံကိုပင် (ပြန်၍) ခဲစား သကဲ့သို့ ဤအတူ ပစ္စည်းလေးပါးကို မဆင်ခြင်မူ၍ သုံးဆောင်သော ရဟန်းကို မိမိ၌ ဖြစ်၍ မိမိဉစ္စာဖြစ်ကုန်သော အကုသိုလ်ကံတို့ကပင် နဂ္ဂတိဘဝသို့ ဆောင်ပို့ကြသည်။ ဤသည်ကိုပင် ''သံကိုသံဖျက် သံချေးတက်'' ဟူ၍ ဆိုလိုသည်။

ဂါထာ ၂၄၀၊ ၌- ၂၁၉။

အဂ္ဂိ, ဂတာ, ဇာလ, နဒီ –ထူသော ပါဠိဥပမာတို့၏ ဥပမေယျများတား

ရာဂ, ဒေါသ, မောဟ, တဏှာ တို့ဖြစ်သည်၊

မှတ်ချက်။ ။ ပုဏ္ဏဒ္ဝီ မဂ္ဂဝဂ် ဇာစား မလဝဂ်ဟုပြင်ဆင်ဟု။

ဂါထာ ၂၅၁၊ ၌- ၂၃၁။

၇။ သတ္တိသားအမည် – အနိတ္ထိဂန္ဓသတ္တိသား။

အနိတ္ထိဂန္ဓသတ္တိသား သည် ပြဟ္မာပြည်မှ စုတေလာခဲ့သော သတ္တဝါဖြစ်၍ များစွာစည်းစိမ်ရှိသော အမျိုး၌ ဖြစ်လာရ၏၊ ဖွားမြင်သော နေ့မှစ၍ မိန်းမ၏ အနီးသို့ကပ်ခြင်းငှါ အလိုမရှိ၊ မိန်းမပွေ့ချီသော်ပင် ငိုဖျိ၊ အဝတ်ခေါင်းခုပြင့် ယူ၍ နို့တိုက်ရသည်။

သတ္တိသားအရှယ်ရောက်သောအခါ မိဘတို့က ထိမ်းမြားမင်္ဂလာပြုရန် ပြောဆိုသော် အိမ်ထောင်မပြုလိုကြောင်း ပြောဆိုငြင်းဆန်ခဲ့သည်၊ မိဘတို့ကလည်း အဖန်ဖန်တလဲလဲ

http://www.dhammadownload.com

တောင်းပန်သည်၊ သတို့သားက ရွှေပန်းတိမ်သည် ငါးရာတို့ထံ ရွှေနိုးကွတစ်ထောင်တန်ကြည်လင်နှစ်သက်ဖွယ်ရှိသော မိန်းမရုပ်ကို ပြုလုပ်စေပြီး ''ဤသို့ သဘောရှိသော သတို့သမီးကို အကယ်၍ ဆောင်နိုင်ကြပါလျှင် မိဘတို့ စကား လိုက်နာပါအုံ'' ဟူ၍ ပြောဆိုပြီး မိဘတို့အား ရွှေစင်ရုပ်ကို ပြသည်။

မိဘတို့သည်လည်း ပုဏ္ဏားတို့ကို ခေါ်၍ ''ဤရွှေဖြင့်ပြီးသော မိန်းမရုပ်ကိုယူ၍ ဤသို့ သဘောရှိသော သတို့သမီးကို ယူဆောင် ခဲ့ကြကုန်လော့'' ဟူ၍ စေလွှတ်ကြသည်၊ ပုဏ္ဏားတို့သည် မဒ္ဒတိုင်း သာကလမြို့သို့ ရောက်သောအခါ ရွှေစင်ရုပ်နှင့်တူသော သူဌေးသမီးတစ်ဦးကို ရေချိုးဆိပ်အနီး၌ တွေ့မြင်ရ၍ ထိုသူဌေး သမီးကလေး၏ မိဘတို့အား အကြောင်းစုံပြောကြားခဲ့ပြီးနောက် သားဝတ္ထိမြို့သို့ ပြန်လာကာ အနိတ္ထိဂန္ဓသတို့သားနှင့် သူ၏ မိဘတို့အား အဖြစ်မှန်ကို ပြောပြခဲ့သည်၊ သတို့သား သည်လည်း ရွှေစင်ရုပ်ထက် သာလွန်သော သတို့သမီးရှိသတဲ့ဟု ကြားသည်မှ စ၍ ချစ်ခြင်းကို ဖြစ်စေလျက် လျင်မြန်စွာပင် ဆောင်ယူနိုင်းသည်၊ သတို့သမီးသည် အလွန်သိမ်မွေ့နူးညံ့သည့် အတွက် ယာဉ်တောက်သဖြင့် ဖြစ်စေအပ်သော အနာရောဂါဖြင့် လမ်းခရီးအကြား၌ပင်လျင် ကွယ်လွန်ရလေတော့သည်၊ ထိုအကြောင်းကြားရသော အနိတ္ထိဂန္ဓသတို့သားမှာလည်း စိတ်မချမ်းမသာဖြစ်ရလေတော့သည်။

မိန်းမရောလေး၏ ဇာတိ

တိုင်း – မဒ္ဒတိုင်း၊
မြို့ – သာကလမြို့ (၄– ၁၈၃၊ ၄။)

၈။ ဗုဒ္ဓနှင့် တပည့်ရတန်းတော်တို့၏ ကြည်ညိုဖွယ်ရာ – ဂုဏ်များစွာ

(၁) အကြင်သို့ သဘောရှိကုန်သော ရဟန်းတို့သည် ငြိမ်သက်သော ကွန်ဒြေရှိကုန်၏၊ ငြိမ်သက်သော စိတ်နလုံးရှိကုန်၏၊ ထိုရဟန်းတို့၏ သွားခြင်း ရပ်ခြင်းသည် ငြိမ်သက်၏၊ ချသောမျက်လွှာရှိကုန်၏၊ နှိုင်းယှဉ်၍ ဆိုလေ့ရှိကုန်၏၊ ထိုသို့ သဘောရှိကုန်သော ရဟန်းတို့သည် ကျွန်တော်မ၏ ရဟန်းတော်တို့ပါတည်း။

http://www.dhammadownload.com

(၂) ထိုရဟန်းတို့၏ ကိုယ်ဖြင့် ပြုအပ်သော အမှုသည် စင်ကြယ်၏၊ နှုတ်ဖြင့်ပြောအပ်သော စကားသည် နောက်ကျခြင်းမရှိ၊ စိတ်ဖြင့် ကြံအပ်သောအကြံသည် အလွန်စင်ကြယ်၏၊ ထိုသို့ သဘောရှိကုန်သော ရဟန်းတို့သည် ကျွန်တော်မ၏ ရဟန်းတော်တို့ပါတည်း။

(၃) အကြင်သို့သော သဘောရှိသော ရဟန်းတို့သည် အညစ်အကြေးကင်းကုန်၏၊ ပွတ်သစ်စ ခရုသင်းနှင့်တူကုန်၏၊ အတွင်းအပဋ္ဌ ဖြစ်သော သဘောတရားတို့သည် စင်ကြယ်ကြကုန်၏၊ စင်ကြယ်ကုန်သော တရားတို့နှင့် ပြည့်စုံကုန်၏။ ထိုသို့ သဘောရှိသော ရဟန်းတို့သည် ကျွန်တော်မ၏ ရဟန်းတော်တို့ပါတည်း။

(၄) လူအပေါင်းသည် လာဘ်ရသဖြင့် ထောင်လွှားတက်ကြွတတ်၏၊ လာဘ်မရသဖြင့် အောက်သို့ ညွှတ်ကျတတ်၏၊ အကြင်သို့ သဘောရှိသော ရဟန်းတို့သည် လာဘ်ရခြင်း လာဘ်မရခြင်းဖြင့် တူမျှသောဩဘောဋ္ဌ တည်ကုန်၏၊ ထို့သို့သဘောရှိသော ရဟန်းတို့သည် ကျွန်တော်မ၏ ရဟန်းတော်တို့ပါတည်း။

(၅) လူအပေါင်းသည် အခြံအရံဖြင့် ထောင်လွှားတက်ကြွတတ်၏၊ အခြံအရံမရှိသဖြင့် အောက်သို့ ညွှတ်ကျတတ်၏၊ အကြင်သို့ သဘောရှိသော ရဟန်းတို့သည် အခြံအရံရှိခြင်း မရှိခြင်း တူသောသဘောဋ္ဌ တည်ကုန်၏၊ ထိုသို့ သဘောရှိသော ရဟန်းတို့သည် ကျွန်တော်မ၏ ရဟန်းတို့ပါတည်း။

၌- ၂၉၂။

၉။ သူဌေးမျိုးမှ စုတေပြီးနောက် ဝက်မျိုးသို့ ရောက်သည်၊
ထိုဝက်မျိုးမှစုတေသော်သုဝဏ္ဏဘူဝိအရပ်၌ဉဒင်း၊
ထိုမှစုတေပြီးနောက် ဗာရာဏသီပြည်၌ဉဒင်း၊
ထိုမှစုတေပြီးနောက် သုပ္ပါဒကသဘော်ဆိပ်၌ဉဒင်း၊
ထိုမှစုတေပြီးနောက် ကာဝိရသဘော်ဆိပ်၌ဉဒင်း၊
ထိုမှစုတေပြီးနောက် အနုရာပြည်၌ဉဒင်း၊
ထိုမှစုတေပြီးနောက် ဘောဂ္ဂနဂရာ၌ဖြစ်ခဲ့ရသည်။

http://www.dhammadownload.com

တရားအဘျဉ်း

''အလုံးစုံသော အရှင်ကောင်းတို့သည်လည်း မမေ့မလျော့ခြင်းဖြင့် ပြည့်စုံတော်မူကြပါ''ဟု တိုက်တွန်းမြွက်ဆိုပြီးလျှင် ပရိသတ်တို့ကို ထိတ်လန့်ခြင်းကို ဖြစ်စေလျက် ပရိနိဗ္ဗာန်စံဝင်တော်မူလေသည်။ ၌- ၃၃၅။

၁၀။ ''အရှင်တို့ စွန့်ပစ်အပ်သော တံတွေးပေါက်ကို အဘယ်သူသည် လက်ခံသိမ်းပိုက်ပါလတ္တံ့ နည်း၊ ဤသို့ ဖြစ်လျှင် ကျွန်မအား ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူကြပါကုန်လော့'' တု ဓမ္မဒိန္နာကဆိုသည်။

ဆိတ်ငြိမ်ရာ၌ နေခြင်းပါ အလိုရှိသောကြောင့် ဘိက္ခုနီမတို့နှင့်တကွ ဇနပုဒ်သို့သွားသည်။

တရားထူး

ထိုဇနပုဒ်၌ နေစဉ် မကြာမြင့်မီသာလျှင် ပဋိသမ္ဘိဒါလေးပါးတို့နှင့် တကွ အရဟတ္တဖိုလ်ဆို ရောက်သည်။

''ယခုအခါ ငါ့ကို အမှီပြု၍ ဆွေမျိုးဥာတိအပေါင်းတို့သည် ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ကြကုန်လတ္တံ့'' ဒုလုံးပြုလျက် ရာဇဂြိုဟ်ပြည်သို့ တစ်ဖန်ပြန်လာခဲ့သည်။

၌- ၄၅၁။

ဝထမပြန်စာမေးပွဲကျင်းပရေး ဗတိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်း)

ဝထမကြီးတန်း ။ ။ဓမ္မပဒဘာသာ

၁၃၆၅-ခုနှစ် နှောင်းတန်ခူးလဆန်း (၂)ရက်၊ (၂၂-၃-၂၀၀၄) တနင်္လာနေ့

၁။ မိမိမယားလင်ငယ်ထားသဖြင့် ရှက်အားဝိုကာ အများရှေ့မှာမျက်နှာမပြနိုင်ဖြစ်နေရှာသော အမျိုးကောင်းသား တစ်ယောက်ကို အကြောင်းပြု၍ ဘုရားရှင်ဟောကြားတော် မူအပ်သော အညတရကုလပုတ္တ ဝတ္ထုလာဂါထာတို့ကို ပင်ဒြသက်သက်ရေးခဲ့ပါ။

http://www.dhammadownload.com

၂။ မြတ်ဗုဒ္ဓသည် ဘဒ္ဒိယမြို့ကို အမှီပြု၍ မုလေးတောနေတော်မူသောအခါ ''အရှင်ဘုရား၊ တိတ္ထိတို့သည် အရှင်ဘုရားထံသို့ တပည့်တော် ဆည်းကပ်လာသည်ကို တားမြစ်ကြ ကုန်၏'' တုံ့လျှောက်ထားသော မေဏ္ဍကသူဌေးကို အကြောင်းပြု၍ ဟောတော်မူသော ဂါထာအဋ္ဌနာပါဠိကို မှန်ကန်စွာအနက်ပေါဇနာပါ။

၃။ မလဝဂ် သုဘဒ္ဒဝတ္ထုလာ ဂါထာ၌ ''ပပဉ္စာဘိရတာ ပဇာ'' ဝယ် ပပဉ္စအရဖြစ်သင့်သောပရမတ္ထသရုပ်ကိုထုတ်ပြ၍ ''နိပ္ပပဉ္စာ တထာဂတာ'' ၌ ဘုရားရှင်တို့၏ နိပ္ပပဉ္စမည်တော် မူဝင်း၏ အကြောင်းကိုလည်း ရှင်းလင်းပြပါ။

၄။ ရုပ်ရည်အဆင်းလှပ၊ စကားပြောကောင်းရုံမျှဖြင့် ''သာဓုရူပ'' ကောင်းသောသဘောရှိသူ ဟုခေါ်ဆိုနိုင်ပါသလော၊ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်မျိုးကို ''သာဓုရူပ'' ကောင်းသော သဘောရှိသူဟု ခေါ်ဆိုထိုက်ပါသနည်း၊ ဓမ္မဒဝဂ် သမ္မဟုလ ဘိက္ခုဝတ္ထုကိုရှုလျက် ဖြေရှင်းချက်ပြုပါ။

၅။ ဘိက္ခု အစစ်အမှန်ကို ညွှန်ပြထားသည့် အညတရဗြာဟ္မဏဝတ္ထုလာ မြတ်ဗုဒ္ဓ၏ ဒေသနာတော်ကို သေချာစွာ ရှင်းလင်းပြပါ။

၆။ သဗ္ဗေ သခ္ခါရာ အနိစ္စာတိ၊ သဗ္ဗေ ဓမ္မာ အနတ္တာတိ–အစရှိသော ဂါထာတို့၌ ရုပ်နာမ် ဓမ္မသခ္ခါရ–တရားတို့၏ အနိစ္စ၊ အနတ္တ–မည်ခြင်း၏ အကြောင်းများကို အကျဉ်းမျှ ဖြေဆိုပါ။

၇။ သားငယ်အသေကို ပွေ့ချီမလျက် ဆေးကုသပေးတော်မူရန် တောင်းပန်လျှောက်ထားလာသော ကီသာဂေါတမီအား သောကမီးငြိမ်းအေးစေရန် ဟောကြားညွှန်ပြတော်မူသောဘုရားရှင်၏ တရားရေအေးအမြိုက်ဆေးဂါထာ၏ သဘောဓိပ္ပါယ်ကို ပမာ–ပမေယျလွင်စေလျက် ရှင်းလင်းချက်ပြုပါ။

http://www.dhammadownload.com

၈။ ပကိဏ္ဏကဝဂ်, ဒါရသာကဋ္ဌကပုတ္တဝတ္ထုလာ ဂါထာ၌ "နိစ္စံ ကာယဂတာသတိ" ဝယ် ကာယဂတာသတိ၏ သဘောအဓိပ္ပါယ်ကို အဋ္ဌကထာကျမ်းလာအတိုင်း ပြည့်စုံအောင် ဖော်ပြပါ။

၉။ စိတ္တဂဟပတိဝတ္ထုလာ ဂါထာ၌ "သန္တေ့ သိလေန သမ္မန္နော" ဝယ် သိလအပြားကိုဖော် ထုတ်ပြ၍ ဤ၌အလိုရှိအပ်သော သိလကိုလည်း ဖော်ညွှန်းပြပါ။

၁၀။ လူနတ်တို့၏ ဆရာ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌သီတင်းသုံး နေတော်မူစဉ် သုန္ဒရိပရဗိုဇ်မကို အကြောင်းပြု၍ ဟောတော်မူအပ်သော အေသနာတော် ဂါထာ၏ သဘောအဓိပ္ပါယ်ကို ပေါ်လွင်ထင်ရှားအောင် မြန်မာမှုပြုပါ။

စစ်တိုင်းတိုင်း

ပထမကြိုးတန်း ။ ။ဓမ္မပဒဋ္ဌကထာ (အဖြေ)

၁။ အညတရကုလပုတ္တဝတ္ထု ဂါထာ ၂၄၂၊ ၃၊ ၆- ၂၂၃။

၂။ မေဏ္ဍကသေဋ္ဌိဝတ္ထု ဂါထာ ၂၅၂၊ ၆- ၂၃၈။

၃။ **ဝဗ္ဗအရ ဖြစ်သင့်သော ဝရမတ္ထသရုပ်**

တဏှာ, မာန, ဒိဋ္ဌိ။

ဗောဓိပင်ရင်း၌ ပင်လျှင် အလုံးစုံကုန်သော ပဗ္ဗတရာဇတို့ကို ကောင်းစွာဖြိုတော်မူပြီးသည်၏ အဖြစ်ကြောင့် ဘုရားရှင်တို့သည် နိပ္ပပဉ္စ မည်သည်။

ဂါထာ ၂၅၄၊ ၆- ၂၄၀။

၄။ ရုပ်ရည်အဆင်းလှပ, စကားပြောကောင်းရုံမျှဖြင့် "သာဓုရူပ" ကောင်းသော သဘောရှိသူ-ဟု မခေါ်ဆိုနိုင်။

http://www.dhammadownload.com

အကြင်သူသည် ပြုစုခြင်း ဝန်တိုခြင်း စဉ်းလဲခြင်း သဘောကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်၏၊ အမြစ်ပြတ်ပယ်နှုတ်ပြီးဖြစ်၏၊ ကိလေသာအမြစ်ကို ထွေးအန်ပြီးသောသဘောရှိသော ပုဂ္ဂိုလ်မျိုးကို ''သာဝုရူပ'' ကောင်းသော သဘောရှိသူ – ဟု ခေါ်ဆိုထိုက်သည်။

ဂါထာ ၂၆၂၊ ၃၊ ၌– ၂၄၆။

၅။ **ဘိက္ခုအစစ်အမှန်**

ဤသာသနာတော်၌ မြတ်သောအကျင့်ရှိသည်ဖြစ်၍ ကောင်းမှု မကောင်းမှုကို ပယ်နှုတ်လျက် စန္ဓာဝါးပါးဟူသောလောကကို ဉာဏ်ဖြင့် ဆင်ခြင်၍ကျင့်သောသူကို ''ရဟန်း'' ဟု ဆိုရသည်။ ဂါထာ ၂၆၇၊ ၌– ၂၄၈။

၆။ ကာမဘဝစသည်တို့၌ ဖြစ်ကုန်သော ခန္ဓာတို့သည် ထိုထိုဘဝတို့၌သာလျှင် ချုပ်တတ်သောကြောင့် အနိစ္စမည်၏၊

''မအိုပါစေနှင့် မသေပါစေနှင့်'' ဟူသော အလိုရှိ ဖြစ်ခြင်း၌ မစွမ်းနိုင်မှု၍ မိမိအလိုသို့ မလိုက်ပါတတ်သော အနက်သဘောကြောင့် အနတ္တမည်၏၊

ဂါထာ ၂၇၃၊ ၂၇၉၊ ၌– ၂၅၅၊ ၆။

၇။ သားသမီးကျွဲနွားဥစ္စာတို့ဖြင့် ယစ်မူးမေ့လျော့လျက် ကာမဂုဏ်တို့၌ မရသေးသည်ကို တောင့်တ, ရပြီးသည်ကို တွယ်တာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသောရေအလျှဉ်သည် အိပ်ပျော်နေသော ရွာကို လွှမ်းမိုးတိုက်ယူသကဲ့သို့ သေမင်းသည် သိမ်းယူသွားသည်။

ဂါထာ ၂၈၇၊ ၌– ၂၇၀။

၈။ ဒွတ္တိသာကာရ၏ အစွမ်းဖြင့်သော်၎င်း၊ နဝသိဝထိကာ၏ အစွမ်းဖြင့်သော်လည်းကောင်း၊ စတုဓာတု ဝဝတ္ထာန်၏ အစွမ်းဖြင့်သော်လည်းကောင်း၊ အဇ္ဈတ္တာနိလကသိုဏ်းစသော ရူပဈာန်တို့၏ အစွမ်းဖြင့် သော်လည်းကောင်းဖြစ်ပေါ်သော သတိကို ''ကာယဂတာသတိ'' ဟု ဆိုသည်။ ၌– ၂၈၇။

http://www.dhammadownload.com

၉။ ၁။ အာဂါရိယသီလ (လူတို့ကျင့်သုံးအပ်သောသီလ)
၂။ အနာဂါရိယသီလ (ရှင်ရဟန်းတို့ ကျင့်သုံးအပ်သောသီလ)
ဤ၌ လိုရှိအပ်သော သီလကား – အာဂါရိယသီလဖြစ်သည်။ ၌– ၂၉၀။

၁၀။ : မဟုတ်မမှန်ပြောဆိုသောသူသည် ငရဲသို့ ရောက်ရ၏၊ မိမိပြုလုပ်လျက် မပြုမလုပ်ဟု ပြောဆိုသောသူသည်လည်း ငရဲသို့ရောက်ရ၏၊ ထိုသူနှစ်ယောက်တို့သည်လည်း ယုတ်မာသော အမှုရှိကုန်သည်ဖြစ်၍ နောက်တမလွန်ဘဝ၌ (ငရဲခံရခြင်း)တူကုန်၏။
၌– ၂၉၇။

ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်း)
ပထမကြိုးတန်း ။မမ္မပဒ ဘာသာ
၁၃၆၅–ခုနှစ် နှောင်းတန်ခူးလန်း (၁၂)ရက် (၁–၄–၂၀၀၄)ကြာသပတေးနေ့

၁။ 'လာဘ်ပေးလာဘ်ယူ ဒို့ရန်သူ' ဟူသောစကားနှင့်အညီ လက်ဆောင်ပေးသောသူတို့ကို အနိုင်ပေးကာ တရားဆုံးဖြတ်တတ်သော အာမတ်တို့အား အကြောင်းပြု၍ ဟောတော်မူသည့် ဓမ္မပဒဂါထာတို့ကို ပါဠိဖွင့်ပြပါ။

၂။ ဆင်ရိုင်းကို ချွန်းပြင့်နှိပ်သကဲ့သို့ မကောင်းသော စိတ်ကို နှိပ်ရမည်–ဟု သာနုသာမဏေအား ဟောတော်မူသည့် ဓမ္မပဒပါဠိကို ဆရာနည်းကျကျ အနက်ပေးပြပါ။

၃။ (က) မီး၊ (ခ) အပြစ်၊ (ဂ)ဆင်းရဲ၊ (ဃ) လွန်မြတ်သောချမ်းသာ၊ (င) အလွန်ကဲဆုံးသော ရောဂါ–တို့နှင့်တူသောတရား တို့ကို သုခဝဂ်နှင့်အညီ ဖော်ပြပါ။

၄။ ကောဓဝဂ်၊ ရောဟိနီခတ္တိယကညာဝတ္ထု၌ ဆင်းရဲဒုက္ခမကျရောက်နိုင်သောသူ–ကိုညွှန်ပြ၍ ပုဏ္ဏဒါသီဝတ္ထုလာအာသဝေါတရားတို့ ချုပ်ငြိမ်းကြသူများ–ကိုလည်း ရေးပြပါ။

http://www.dhammadownload.com

၅။ မလာဝဂ်၊ သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထုဌ် 'မရှိတရား'တို့ကို ဖော်ပြ၍ အဘယ်သို့သော သူတို့ကို 'သာဓုရူပ–ကောင်းသောသဘောရှိသူ' တု ဆိုထိုက်ပါသနည်း ဖြေဆိုပါ။

၆။ တဏှာဝဂ်၊ သက္ကပဉ္ဉဝတ္ထုဌ် 'အောင်နိုင်ရေးတရား'များကို ရေးပြ၍ 'ရဟန်းစစ်–ရဟန်းမှန်'ကို ဘိက္ခုဝဂ်၊ ပဉ္စင်္ဂဒိယကဗြာဟွဏဝတ္ထုမှ တင်ပြရေးသားပါ။

၇။ 'ပုညာနိ ပဋိဂဏှန္တိ'တူသော အေသနာတော်အရ ကောင်းမှုရှင်ကို ကောင်းမှုတို့ကကြို ဆိုကြပုံ–ကို ရေးပြ၍ ရောဟိနိခတ္တိယကညာဝတ္ထုဌ် နာမ်ရပ်၌ ငြိတွယ်ပုံ–ကိုလည်း အဋ္ဌကထာအလိုကျ ရှင်းပြပါ။

၈။ ကောဓဝဂ်၊ ဆဇ္ဇဝိဝတ္ထုဌ် သစ်သားဖိနပ်စီးမှုကို ဘုရားရှင်တားမြစ်ခြင်းအကြောင်းကို ရေးပြ၍ အဘယ်ပုဂ္ဂိုလ်ကို 'အတိဓေါနစာရီ' ဟုဆော်သည်ကိုလည်း ရှင်းပြပါ။

၉။ ပဉ္စဥပါသကဝတ္ထုဌ် ပုဂ္ဂိုလ် ၅–ဦးတို့၏ နေထိုင်ပုံ အပြုအမူထူးခြားချက်တို့ကိုမေ့ပဒ 'အဋ္ဌကထာလာရှိသည့်အတိုင်း ရေးပြပါ။

၁၀။ ''တေ ဒွေဓာပထံ ဥတ္တာ''၌ 'ဒွေဓာပထ'အရကို ကောက်ပြ၍၊ အဘယ်ကြောင့် 'နတ္ထိ ဉာတီသု တာဏတာ'ဟု ဘုရားရှင်ဟောတော်မူပါသနည်း? ဖြေဆိုပါ။

တနင်္သာရီတိုင်း

ပထမကြိုးတန်း ဓမ္မပဒ ဘာသာ (အဖြေ)

၁။ ဝိနိစ္ဆယမဟာမတ္တဝတ္ထု ဂါထာ ၂၅၆၊ ၇၊ ၌– ၂၄၁။

၂။ သာနုသာမဏေရဝတ္ထု ဂါထာ ၃၂၆၊ ၌– ၃၂၀။

http://www.dhammadownload.com

၃။ (က) မိုးနှင့်တူသော တရားကား - ရာဂ၊
(ခ) အပြစ်နှင့်တူသော တရားကား - ဒေါသ၊
(ဂ) ဆင်းရဲနှင့်တူသော တရားကား - ခန္ဓာ၊
(ဃ) အလွန်မြတ်ဆုံးသော ချမ်းသာကား - နိဗ္ဗာန်၊
(င) အလွန်ကဲဆုံးသော ရောဂါကား - ဆာလောင်မွတ်သိပ်ခြင်း။

(ဂါထာ ၂၀၂၊ ဋ္ဌ- ၁၆၉၊) (ဂါထာ ၂၀၂၊ ဋ္ဌ- ၁၇၁။)

၄။ **ဆင်းရဲဒုက္ခမကျရောက်စေနိုင်သောသူ**

နာမ်ရုပ်တရား၌ တွယ်တာတပ်ငြိခြင်း မရှိသောသူဖြစ်သည်။

ဂါထာ ၂၂၁၊ ဋ္ဌ-၁၉၃

အာသဝေါတရားတို့ ချုပ်ငြိမ်းသူများ

အခါခပ်သိမ်း နိုးကြားထကြွကုန်သည်ဖြစ်၍၊ နေ့ညဥ့်ပတ်လုံး သိက္ခာသုံးပါးကို ကျင့်ကြကုန်လျက် နိဗ္ဗာန်သို့ စိတ်ညွတ်သူတို့သည် အာသဝေါတရား ချုပ်ငြိမ်းသူများ ဖြစ်ကြသည်။ ဂါထာ ၂၂၆၊ ဋ္ဌ- ၂၀၈။

၅။ **မရှိတရားများ**

ကောင်းကင်၌ ခြေရာမရှိ၊ သာသနာပြင်ပ၌ မင်္ဂလာ ဗိုလ်ရ ရဟန်းမရှိ၊ ဘုရားရှင်တို့သည် သံသရာခဲ့ထွင်တတ်သော တရားတို့မှ ကင်းကုန်၏၊ (မရှိကုန်ဟူလို)

မြဲသောသခါရတရားတို့ မရှိကုန်၊

ဘုရားရှင်တို့အားတဏှာမာနဒိဋ္ဌိတို့ဖြင့်တုန်လှုပ် ခြင်းမရှိ။

ဂါထာ ၂၄၅၊ ၅၊ ဋ္ဌ- ၂၄၀။

တောင်းသော သဘောရှိသူ

အကြင်သူသည် ငြူစူခြင်း ဝန်တိုခြင်း စဉ်းလဲခြင်း ဟူသောသဘောကို အကြွင်းမဲ့ပြတ်အံ့ပြီး၊ အမြစ်ပြတ် ပယ်နှုတ်အံ့ပြီး၊ ကိလေသာအမြစ်ကို ထွေးအန်ပြီးသော ထိုပညာရှိကို "သာဓုရူပ-ကောင်းသော သဘောရှိသူ" ဟု ဆိုထိုက်သည်။ ဂါထာ ၂၃၆၊ ဋ္ဌ- ၂၄၆။

http://www.dhammadownload.com

၆။ တရားအလှူသည် အလှူအားလုံးကို-အောင်နိုင်၏၊ တရားအရသာသည် အရသာအားလုံးကို အောင်နိုင်၏၊ တရား၌ မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏၊ တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အလုံးစုံသော ဆင်းရဲကို အောင်နိုင်၏။

ဂါထာ ၃၅၃၊ ၌- ၃၅၂။

ရတဲ့နန်းစစ် ရတနာမှန်

နာမ်တရား ရုပ်တရားအားလုံး၌ ငါ, 'ငါ၏ ဥစ္စာတူ၍ မြတ်နိုးစွဲလမ်းမှုမရှိသော' ထိုနာမ်ရုပ် ပျက်စီးသော်လည်း မစိုးရိမ်သောပုဂ္ဂိုလ်ကို "ဘိက္ခု အစစ်"ဟူ၍ ဆိုအပ်သည်။

ဂါထာ ၃၆၇၊ ၌- ၃၆၉။

၇။ **ကောင်းမှုရှင်ကို ကောင်းမှုတို့တ ကြိုဆိုကြပုံ**

ကြာမြင့်စွာကွဲကွာ၍ ရပ်ဝေးမှ ချမ်းသာစွာ ပြန်ရောက်လာသူကို (မြင်၍) ဆွေမျိုးမိတ်ဆွေချစ်ကျွမ်းဝင်သူတို့သည် ပြန်လာပြီဟု နှစ်သက်ဝမ်းမြောက်ကြသည်။

ထိုနည်းတူစွာပင် ဤပစ္စုပ္ပန်ဘဝမှ တမလွန်ဘဝသို့ သွားသော ပြုပြီးသော ကုသိုလ်ကောင်းမှုရှိသူကိုလည်း ဆွေမျိုးတို့သည် ပြန်ရောက်လာသော ချစ်ခင်သူကို ကြိုဆိုကြသကဲ့သို့ နတ်၌ဖြစ်သော အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ အခြွေအရံအကျော်အစော ရှိခြင်း၊ အိုးရသူ၏ အဖြစ်ရှိခြင်း၊ နတ်၌ဖြစ်သော ရူပါဒိ စသောအာရုံငါးပါး အပေါင်းဟူသော ၁၀-ပါးသော လက်ဆောင်ပဏ္ဏာကိုယူ၍ မိဘအရာ၌ တည်ကုန်သော ကောင်းမှု တို့က ကြိုဆို ကြသည်။ ၌- ၁၉၁။

နာမ်ရုပ်၌ ငြိတွယ်ပုံ

"ငါ၏ ရုပ်၊ ငါ၏ ဝေဒနာ" အစရှိသောနည်းဖြင့် နာမ်ရုပ်ကို သိမ်းပိုက်လက်ခံထား၏၊ ထိုနာမ်ရုပ် ပျက်စီးသော် စိုးရိမ်ပင်ပန်း၏၊ ဤသည်ကား နာမ်ရုပ်ကိုငြိတွယ်ခြင်းမည်၏။

၌- ၂၁၁။

http://www.dhammadownload.com

၈။ **အတိမောနစာရီ ပုဂ္ဂိုလ်**

ပစ္စည်းလေးပါးတို့ကို "ဤပစ္စည်းလေးပါးတို့သည် ဤမည်သော အကျိုးရှိ၏" ဟု ဆင်ခြင်၍ သုံးဆောင်ကြောင်းပညာကို ကျော်လွန်၍ ကျင့်သော ပုဂ္ဂိုလ်သည် "အတိစောန-စာရီ" ပုဂ္ဂိုလ်ဖြစ်သည်။ ၌- ၂၂၀။

၉။ **ပုဂ္ဂိုလ် ဇီးယောက်တရားနှာကြုံ**

တစ်ယောက်သောသူသည် ထိုင်လျက်သာလျှင် ငိုက်မျဉ်းနေ၏၊
တစ်ယောက်သောသူသည် လက်ချောင်းဖြင့် မြေ၌ ရေးခြစ်လျက် နေ၏၊
တစ်ယောက်သောသူသည် သစ်တစ်ပင်ကို လှုပ်လျက်နေ၏၊
တစ်ယောက်သောသူသည် ကောင်းကင်ကို မော့ကြည့်လျက်နေ၏၊
တစ်ယောက် သောသူသည်ကား တရားကို ရိုသေစွာနာနေ၏။ ၌- ၂၆၄။

၁၀။ **ဒွေဓာပထ- အရ**

(၁) ဥဓ-ပါးသော ကမ္မဋ္ဌာန်းအာရုံတို့၌ အသင့်အတင့် နှလုံးသွင်းခြင်း ဟူသော ယောဂ၊
(၂) အသင့်အတင့်နှလုံးမသွင်းခြင်း ဟူသော အယောဂ တို့ဖြစ်၏။ ၌- ၂၆၄။

နတ္ထိ ဉာတိသု တာဏာတာ -

အစဉ်မပြတ်ဖြစ်နေသော ပဝတ္တိအခါ၌ သားသမီးစသော သူတို့သည် ထမင်းအဖျော်စသည်ပေးသဖြင့်၎င်း၊ ဖြစ်ပေါ်လာသော ကိစ္စကို ထုတ်ဆောင်ခြင်းဖြင့်၎င်း၊ အားထားရာဖြစ်ကြကုန်သော်လည်း သေခါနီးအခါ၌ တစ်စုံတစ်ခုသောအကြောင်းဖြင့် သေခြင်းကို တားဆီးပိတ်ပင် ခြင်း၌ မစွမ်းနိုင်သောကြောင့် "နတ္ထိ ဉာတိသု တာဏာတာ" ဟု ဟောတော်မူသည်။ ၌- ၂၇၁၊ ၂။

http://www.dhammadownload.com

ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ – ဝဲခူးတိုင်း(အနောက်ပိုင်း)
ပထမကြိုးတန်း ဒေမွပဒ၊ ဟိန္ဒို၊ အဋ္ဌကထာ သာသာ
၁၃၆၅–ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၂)ရက် (၂၂– ၃–၂၀၀၄)တနင်္လာနေ့

၁။ အောက်ဖော်ပြပါ ဂါထာများကို ပါဠိသက်သက် ရေးပြပါ –
(က) သတိ, သမ္ပဇဉ်ဉာဏ်ရှိသူတို့အား အာသဝေါတရားများ ချုပ်နိုင်ပုံပြဂါထာ၊
(ခ) ကောင်းမှုကုသိုလ်ကို ပြုခြင်းကြောင့် နောင်တ တဖန် မပူပန်ရပုံပြဂါထာ။

၂။ အောက်ပါဂါထာများကို အနက်မှန်မှန်ပေးပြပါ –
(က) ယဉ်ကျေးပြီးဖြစ်သူသာ မရောက်ဘူးသေးသော နိဗ္ဗာန်အရပ်သို့ မုချရောက်နိုင်ပုံ ဂါထာ၊
(ခ) တဏှာရာဂကင်းသူတို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏ဟု မိန့်ဆိုပုံပြဂါထာ။

၃။ မည်သူသည် တရား၌ တည်သူ တရားသူကြီးဟုတ်သည်–မဟုတ်သည်တို့ကို ကွဲပြားအောင် ရှင်းလင်းဖော်ပြ၍၊ မဂ္ဂဝင်္ဂလာ အမြတ်ဆုံးဟုဆိုအပ်သောအရာများကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။

၄။ အခါခပ်သိမ်း ဘေးရန်မရှိ ကောင်းစွာနိုးကြားသောအားဖြင့် နိုးကြားသူများဖြစ်နိုင် ရန်ပွားများရမည့်တရားများကို ပြည့်စုံစွာအောင် ဖော်ပြပါ။

၅။ မိမိကိုယ်ကိုအံတွင်း, အပြင်လုံခြုံအောင် စောင့်ရှောက်ကုန်လော? အခွင့်အခါကောင်းသည် မလွှင့်ပါဝေလွန်–ဟု တိုက်တွန်းရခြင်းအကြောင်းကို ဖော်ပြပြီ၊ သတ္တဝါများ တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားရခြင်း၏ အကြောင်းကိုလည်း ဥပမာနှင့်တကွ ဖော်ပြခဲ့ပါ။

၆။ ''သံသရာ ဝဲသြဃကို ကူးမြောက်ပြီးသူ''ဟုဆိုနိုင်ရန် ပြည့်စုံရမည့် အင်္ဂါများကို ဖော်ပြပြီး၊ မည်သို့သော သူသည် နိဗ္ဗာန်နှင့် ကောန်းနီးသူဖြစ်နိုင်သည်ကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၇။ နတ္ထိ ရာဂသမော အဂ္ဂိ–ဠ္ဟ ရာဂနှင့်တူသောဓိးမရှိဟု ဟောရခြင်း၏အကြောင်းနှင့် ''အာရောဂျံ ပရမာ လာဘာ''၌ အနာရောဂါမရှိ ကျန်းမာသည်၏ အဖြစ်ကို အမြတ်ဆုံးသော လာဘ်ရခြင်းဟု ဟောရခြင်း၏ အကြောင်းများကိုလည်း ပြည့်စုံစွာ ဖော်ပြပါ။

၈။ ပိယဝဂ် အညတရကုဋုမ္ဗိကဝတ္ထုလာ သားသေဆုံးခြင်းကြောင့် စိုးရိမ်ပူဆွေးမှုသောက နှိပ်စက်အပ်သော သူကြွယ်အား သောကငြိမ်းခြင်းငါဘုရားရှင်ဟောကြားအပ်သော ဆင်ခြင်ရန်တရား စကားများကို ပြည့်စုံစွာဖော်ပြခဲ့ပါ။

၉။ မောင်ပုဏ္ဏားတို့ ဇနီးမောင်နှံသည် မည်သည့်မထေရ်အား မည်သည့်လှူဖွယ်ဝတ္ထုတို့ကို ပေးလှူခြင်းကြောင့် များစွာသော ရွှေတို့ကို ရ၍ ဗဟုဇနသူဌေးမောင်နှံ ဖြစ်ကြရသည်ကို ဖော်ပြပြီး၊ ယုတ်မာသော သီရိမာ၏ ပူလောင်သော ထောပတ်ရည်တို့ဖြင့် သွန်းလောင်းရာ၌ သမီးအလိမ္မာဥတ္တရာ၏ အမျက်ဒေါသမထား မေတ္တာဘာဝနာပွားများပုံကိုလည်းတိကျစွာ ဖော်ပြခဲ့ပါ။

၁၀။ ဓမ္မောဇပညာနှင့် ပြည့်စုံသော ပညာရှိတို့၏ အစဉ်သဖြင့် မိမိ၏ ရာဂအစရှိသောအညစ်အကြေးများ ထုတ်ပယ်ပုံကို အဋ္ဌကထာနှင့်အညီ ဥပမာဆောင်၍ ထင်ရှားစွာ ဖော်ပြပါ။

ဇဲခူးတိုင်း (အနောက်ပိုင်း)

ဝထမကြီးတန်း။ ။မေမြဝဒ၊ ပါဠိ၊ အဋ္ဌကထာ ဘာသာ (အဖြေ)

၁။ (က) ဘဒ္ဒိယ ဘိက္ခုဝတ္ထု ဂါထာ ၂၉၃၊ ဋ္ဌ– ၂၈၂။
(ခ) ကုသသာပကတိတ္ထိ ဝတ္ထု ဂါထာ ၃၁၃၊ ဋ္ဌ– ၃၀၃။

၂။ (က) ဟတ္ထာဝရိယ ပုဗ္ဗကဘိက္ခုဝတ္ထု ဂါထာ ၃၂၃၊ ဋ္ဌ– ၃၁၀။
(ခ) အက်ိုရဝတ္ထု ဂါထာ ၃၅၆၊ ဋ္ဌ– ၃၅၆။

http://www.dhammadownload.com

၃။ ဆုံးဖြတ်အပ်သော (အမှု)သဘောကို နှိုင်းထက်စီးနင်း ဆုံးဖြတ်ခြင်းကြောင့် တရား၌ တည်သူ မဟုတ်ဖေ၊ ပညာရှိသည် ဟုတ်မှန်သောအကြောင်း, မဟုတ်မမှန်သောအကြောင်း နှစ်ပါးစုံကို (စုံစမ်းမေးမြန်း၍) ဆုံးဖြတ်ရမည်။

မချုတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို နိုင်ခြင်း, ရှုံးခြင်းသို့ ရောက်စေသော ပညာရှိကို တရားစောင့်သော တရား၌တည်သူ တရားသူကြီးဟု ဆိုအပ်သည်။

ဝိနိစ္ဆယမဟာမတ္တဝတ္ထု ဂါထာ ၂၅၆၊ ရ၊ ၌- ၂၄၁၊

အမြတ်ဆုံးသောအရာများ

၁။ လမ်းခရီးအားလုံးတွင် အဂ္ဂိရှစ်ပါးရှိသောလမ်း "မဂ်" ခရီးသည် အမြတ်ဆုံးဖြစ်သည်၊
၂။ သစ္စာအားလုံးတို့တွင် အရိယသစ္စာလေးပါးသည် အမြတ်ဆုံးဖြစ်သည်၊
၃။ သဘောတရားအားလုံးတို့တွင် ရာဂကင်းရာ နိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်သည်၊
၄။ ခြေနှစ်ချောင်းရှိသတ္တဝါအားလုံးတို့တွင် စက္ခုပါးပါးရှိသော်မူသော မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သည်။

၄။ နေ့ရောညပါ ပွားများရမည့် တရားများ

၁။ ဗုဒ္ဓဂတာသတိ
၂။ ဓမ္မဂတာသတိ
၃။ သံဃဂတာသတိ
၄။ ကာယဂတာသတိ
၅။ ကရဏာဘာဝနာ
၆။ မေတ္တာဘာဝနာ -တို့ဖြစ်ကြသည်။

အဋ္ဌသာလိနီကပုတ္တဝတ္ထု ၌- ၂၈၆။

၅။ ဘုရားပွင့်ခြင်းစသော အခွင့်အခါကောင်းကို လွန်သူတို့သည် ငရဲ၌ ကျရောက်ကုန်သည် ဖြစ်၍ ဝိုးဝိုးမြင်ရကုန်သောကြောင့် အခွင့်အခါကို မလွန်ပါစေလင့်-ဟု တိုက်တွန်းပါသည်။

သမ္မဟုလဘိကျဝတ္ထု ၌- ၃၀၄။

http://www.dhammadownload.com

မေ့မေ့လျော့လျော့ကျင့်သော သတ္တဝါအား မာလော(ပေါက်)နွယ်ကဲ့သို့ တဏှာသံသည် တိုးပွားနေ၏၊ သစ်သီးကိုအလိုရှိသောမျောက်သည် တောတွင်း၌ တစ်ပင်မှ တစ်ပင် ခုန်လွှား ကူးသန်းသကဲ့သို့ ထိုတဏှာတိုးပွားသူသည် တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွား နေရသည်၊ ကဝိလမဿဝတ္ထု ၌- ၃၃၀။

၆။ ဩရမ္ဘာဂိယသံယောဇဉ်ငါးပါးကို ဖြတ်ရခြင်း၊ ဥဒ္ဓမ္ဘာဂိယသံယောဇဉ် ငါးပါးကို ပယ်စွန့်ရခြင်း၊ သဒ္ဓါစသော ငါးပါးသောတရားတို့ကို အလွန်ပွားများရခြင်း၊ လောဘစသော ငြိတွယ်ခြင်းငါးပါးမှ လွန်မြောက်ရခြင်း၊ ဤအဂါတို့နှင့် ပြည့်စုံသူကို "သံသရာ ဝဲသြဃကို ကူးမြောက်ပြီးသူ"ဟု ဆိုနိုင်သည်။

သမ္မဟုလတိကဝဏ္ဏဝတ္ထု ၌- ၃၇၄

သဟဓိစ္စာန်း ဝိပဿနာပညာရှိသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်နှင့် ကော်နီးသူဖြစ်သည်။

၌- ၃၇၄၊

၇။ (ရာဂမီးလောင်သည်ရှိသော်) မီးခိုးကို သော်လည်းကောင်း၊ အလျှံကိုသော်လည်းကောင်း၊ မီးကျီးခဲကို သော်လည်းကောင်း၊ မပြူမူ၍ (ရာဂမီးလောင်နေသူ၏ခန္ဓာကိုယ်) အတွင်း၌သာလျှင် တောက်လောင် စေ၍ ပြာဖြစ်အောင် ပြုခြင်း၌ စွမ်းနိုင်သောကြောင့် "ရာဂနှင့်တူသောမီးမရှိ" ဟု တောတော် မူသည်။

အညတရကုလဒါရိကာဝတ္ထု ၌- ၁၆၉၊

ရောဂါရှိနေသူအား လာဘ်များထင်ရှားရှိနေပါသော်လည်း လာဘ်မမည်ပေ၊ အစစ် မဟုတ်ပေ၊ ရောဂါမရှိသောသူအား လာဘ်အားလုံး ရောက်လာတတ်သောကြောင့် "အာရောဂျ ပရမာ လာဘာ"ဟု ဟောတော်မူသည်။

ပသေနဒိကောသလဝတ္ထု ၌- ၁၇၃။

http://www.dhammadownload.com

၈။ သောတပ္ပိမ်းစေရန်

"အိယကာကြံစည်တွေးတောခြင်း မပြုလင့်၊ ဤသေခြင်း မည်သည်ကား တစ်ခုတည်းသော အရပ်၌သာလျှင်, တစ်ယောက်တည်းသော သူအားသာလျှင် ဖြစ်သည် မဟုတ်၊ ဘဝ၏ ဖြစ်ခြင်းရှိသလောက် ခပ်သိမ်းသော သတ္တဝါတို့အား ဖြစ်သည် သာလျှင်တည်း။ မြေသောတစ်ခုသောသဖြင့် မည်သည်လည်းမရှိ၊ ထို့ကြောင့် သေခြင်းသဘော ရှိသော အရာဝတ္ထုဟူသမျှသည် သေတတ်၏၊ ပျက်စီးခြင်းသဘောရှိသော အရာဝတ္ထုဟူသမျှသည် ပျက်စီးတတ်၏ တကား-ဟူ၍ သင့်သောအားဖြင့် ဆင်ခြင်သင့်၏၊ စိုးရိမ်ပူဆွေးခြင်း မပြုသင့်" တူ၍ ဆင်ခြင်ရန် ဟောတော် မူသည်။

၌- ၁၉၀။

၉။ (မောင်ပုဏ္ဏာတို့ ဇနိးမောင်နှံသည်) အရှင်သာရိပုတ္တရာမထေရ်အား မောင်ပုဏ္ဏာက မျက်နှာ သစ်ရေနှင့် ဒန်ပူ, ဇနိးဖြစ်သူက ဆွမ်းတို့ကိုအသီးသီးလှူဒါန်းခဲ့ခြင်းကြောင့် များစွာသော ရွှေအိုးတို့ကို ရ၍ ဗဟုဇနသူဌေးမောင်နှံ ဖြစ်ကြရသည်။ ၌- ၁၉၇။

မေတ္တာဘွားပုံ

(ပဲခူး ပုဏ္ဏာနံပါတ် ၇-၏ အဖြေကိုကြည့်ပါ။)

၁၀။ ရွှေပန်းတိမ်သည်သည် တစ်ကြိမ်တည်းဖြင့်သာလျှင် ရွှေကို အပူပေးကာ ထောင်းထုကာဖြင့် အညစ်အကြေးကို ထုတ်ဆောင်၍ တန်ဆာအထူးပြုလုပ်ခြင်းငှါ မစွမ်းနိုင်ပါပေ၊ ထပ်ကာ ထပ်ကာ အပူပေးကာ ထောင်းထုကာဖြင့် အညစ်အကြေးကို ထုတ်ဆောင်မှသာ မြောက်များစွာသော တန်ဆာအထူးကို ပြုလုပ်နိုင်၏။

ထို့နည်းတူစွာပင် ထပ်ကာထပ်ကာ ကုသိုလ်ကောင်းမှုကို ပြုလုပ်လျက် ပညာရှိသည် ပိဝိ၏ ရာဂစသော အညစ်အကြေးကို ထုတ်ဆောင်ရမည်၊ ဤသို့ထုတ်ဆောင်မှသာ ကိလေသာ အညစ်အကြေး ကင်းရှင်းမည်။ ၌- ၂၁၇၊ ၈။

http://www.dhammadownload.com

ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့၌ (ပဲခူးတိုင်း) အရှေ့ပထမကြီးတန်း ။ ဓမ္မပဒ ဘာသာ ၁၃၆၅-ခုနှစ် နှောင်းတန်ခူးလဆန်း(၂)ရက် (၂၂-၃-၂၀၀၄)တနင်္လာနေ့

၁။ မလဝဂ် မေဏ္ဍကသေဋ္ဌိဝတ္ထုလာ သူတစ်ပါးအပြစ်များသာမြင်၍ မိမိအပြစ်ကို ခဲယဉ်းစွာမြင်သော ပုဂ္ဂိုလ်၏ ထုံးစံသဘောကို ပြဆိုသည့် ဂါထာကို အနက်ယောဇနာခဲ့ပါ။

၂။ ရင့်ကျက်သောပညာရှိအဆွေခင်ပွန်းကို မရရှိက မည်သို့ကျင့်ကြံနေထိုင်ရမည်ကို ဖော်ပြထားသည့် ဂါထာကို ပို့ဆိုရေးသားခဲ့ပါ။

၃။ ယှဉ်တွဲကင်းသော မိုး, အပြစ်, ဆင်းရဲ, ချမ်းသာတို့ကို ဖော်ပြ၍ တရားဥဒ္ဒေသ(တရားသူကြီးကောင်း) ဖြစ်အောင် ကျင့်ကြံနည်းကိုလည်း ဖြေဆိုခဲ့ပါ။

၄။ ရောက်လေရာအရပ်တိုင်းမှာ ပူဇော်ခံရသော ဥပါသကာဖြစ်အောင် ပြည့်စုံရမည့်တရားတို့ကို ဖော်ပြ၍ သူတစ်ပါး၏မယားကို ကျူးလွန်ပြစ်မှားက ရရှိခံစားရမည့် ဆိုးကျိုးတို့ကိုလည်း ရေးသားပြခဲ့ပါ။

၅။ အနှောင်အဖွဲ့တို့တွင် အခိုင်မြဲဆုံးအနှောင်အဖွဲ့တို့ကို ဖော်ပြပြီး ယင်းအနှောင်အဖွဲ့၌ ပညာရှိတို့ပြုလုပ်ကျင့်ကြံပုံကိုလည်း ဖြေဆိုပြီးလျှင် ဘဝသံသရာ၏ တစ်ဘက်ကမ်း ရောက်အောင် ဥဂ္ဂါသေနအား မြတ်စွာဘုရားပေးသော ဩဝါဒကိုလည်း ရေးသားပြပါ။

၆။ ''ဘိက္ခု'' ဟုခေါ်ဆိုရမည့် ပုဂ္ဂိုလ်မျိုးကို ဘိက္ခုဝဂ်၊ ပဉ္စဝဂ္ဂိယကဝတ္ထုကိုရှု၍ ဖြေဆိုပြီး ''ဗြဟ္မဏ'' မည်ရသော ပုဂ္ဂိုလ်ကိုလည်း ဗြဟ္မဝဂ်၊ ရေဝတတ္ထေရဝတ္ထုအလိုက်ဖြေဆိုပါ။

၇။ ရောဟိနီနတ်သမီးကိုမြင်ရသောကြောင့် နတ်သား ၄-ယောက်နှင့် သိကြားမင်းတို့၌ ဖြစ်ပေါ်လာသော ခံစားချက်တို့ကို ဖော်ပြ၍ မိမိကို ထောပတ်ပူဖြင့် လောင်းရန်လာသော သီရိမာ၌ ဥတ္တရာ၏ မေတ္တာပြန့်ကိုပုံကိုလည်း ရေးသားခဲ့ပါ။

http://www.dhammadownload.com

၈။ မြတ်စွာဘုရားသည် တိသရဟန်း၏ သင်္ကန်းကို ရ-ရက်ထားစေ၍ ဓ-ရက်မြောက်သော နေ့မှ ယူစေရခြင်းအကြောင်းကို ဖြေဆို၍ စန္ဒပဒုမာ၏ လက်ျာခြေဖျားခွ် လလက္ခဏာ, လက်ဝဲဘက်ခြေဖဝါးခွ် ပဒုမ္မာကြာလက္ခဏာ ဖြစ်ပေါ်ရခြင်းအကြောင်း ကောင်းမှုကိုလည်း ဖေါ်ပြပါ။

၉။ ဝက်ပြိတ္တာ၏ ပမာဏနှင့်ပုံသဏ္ဌာန်ကို ဖော်ပြပြီးလျှင် တိပိဋကဓရ အရှင်ပေါ်ဠိလအား ရ-နှစ်သား သာမဏေလေးက ဟောကြားသောတရားတော်ကိုလည်း ဖေါ်ပြပါ။

၁၀။ ကပိလဝါးကြီး၏ ရွှေအဆင်းရှိခြင်း, ခံတွင်းမှ အပုတ်နံ့ထွက်ခြင်းတို့၏ အကြောင်းကို ရေးသား ပြ၍ ပဉ္စဂ္ဂါယကဟု ခေါ်တွင်ခံရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

ဝဲခူးတိုင်း (အရှေ့ပိုင်း)
ပထမကြီးတန်း ။ ဗမ္မာစာ အဖြေ

၁။ မေဇ္ဈကသေဋ္ဌိဝတ္ထု ဂါထာ ၂၅၂။ ၌- ၂၃၈။"

၂။ သမ္မဟုလဘိက္ခုဝတ္ထု ဂါထာ ၃၂၉၊ ၌- ၃၂၂။"

၃။ ရာဂ၊ ဒေါသ၊ ခန္ဓာ၊ နိဗ္ဗာန်။

အညတရကုလဒါရိကာဝတ္ထု ဂါထာ ၂၀၂၊ ၌- ၁၆၉၊

ပညာရှိသည် ဟုတ်မှန်သောအကြောင်း မဟုတ်မှန်သောအကြောင်း နှစ်ပါးစုံကို (စုံစမ်းပေးမြန်း၍) ဆုံးဖြတ်ရမည်။

မချွတ်မယွင်း တရားနှင့်အညီ သူတစ်ပါးတို့ကို နှိပ်ခြင်း ရှုံးခြင်းသို့ ရောက်စေရမည်၊ ဤသို့ကျင့်မှ တရား၌တည်သူ (တရားသူကြီးကောင်း) ဖြစ်မည်။

ဝိနိစ္ဆယမဟာမတ္တဝတ္ထု ဂါထာ ၂၅၆၊ ရ၊ ၌- ၂၄၁။

http://www.dhammadownload.com

၄။ ပြည့်စုံရမည့် တရားများ

၁။ လောကုတ္တိရလောကီ နှစ်လိသော သန္ဓိတရားနှင့် ပြည့်စုံရခြင်း၊

၂။ သီလနှင့် ပြည့်စုံရခြင်း၊

စိတ္တဂဟပတိဝတ္ထု ဂါထာ ၃၀၃၊ ဋ္ဌ- ၂၈၉။

ဆိုးတို့ကျိုးများ

မကောင်းမှု အကုသိုလ်ကို ရခြင်း၊

အလိုရှိတိုင်း မအိပ်ရခြင်း၊

သူတစ်ပါးတို့ အကဲ့ရဲ့ခံရခြင်း၊

ငရဲသို့ ရောက်ခြင်း။

ခေမကာသေဋ္ဌိပုတ္တဝတ္ထု ဂါထာ ၃၀၉၊ ဋ္ဌ- ၃၀၀။

၅။ **အဆိုင်အပြဆုံးသော အနှောင်အဖွဲ့**

ပတ္တမြား နားတောင်းစသော ရတနာတို့၌လည်းကောင်း၊သားသမီးမယားတို့၌ လည်းကောင်း၊ အလွန်တပ်နှစ် သက်သော ငဲ့ကွက်မှုတရား အနှောင်အဖွဲ့ ဖြစ်သည်။

ပညာရှင်တို့သည် အပါယ်လေးပါး တည်းဟူသော ယုတ်နိမ့်ရာသို့ ဆွဲငင်ဆောင်ယူတတ်သဖြင့် (ဖွဲ့မှုန်းမသိ ဖွဲ့ခြင်း) လျော့ရဲဟန်ရှိသော်လည်း လွတ်မြောက်နိုင်ရန် ခဲယဉ်းသော တရားတည်းဟူသော အနှောင်အဖွဲ့ကို ဉာဏ်သန်လျက်ဖြင့် ဖြတ်၍ မငဲ့ကွက်ပဲ ကာမချမ်းသာကို စွန့်လျက် ရဟန်းပြုတောထွက်ကြသည်။

ဗန္ဓနာဂါရဝတ္ထု ဂါထာ ၃၄၅၊ ၆၊ ဋ္ဌ- ၃၃၈။

ဆြတ်ခါးစကား

လွန်လေပြီးသော ခန္ဓာ၌ တဏှာကို စွန့်လော့၊ နောင်ဖြစ်ပေါ်မည့် ခန္ဓာ၌ တဏှာကို စွန့်လော့၊ အလယ်ဖြစ်သော ပစ္စုပ္ပန်ခန္ဓာ၌ တဏှာကို စွန့်လော့၊ အလုံးစုံ (ပစ္စုပ္ပန် အတိတ် အနာဂတ်) ခန္ဓာ၌ တဏှာမှလွတ်သော စိတ်ရှိလျက် ဘဝသုံးပါး၏ အဆုံးသို့ရောက်သည် ဖြစ်၍ တစ်ဖန် အိုခြင်း နာခြင်းသို့ မကပ်လေလင့်။

ဥဂ္ဂသေနဝတ္ထု ဂါထာ ၃၄၈၊ ဋ္ဌ- ၃၄၃။

http://www.dhammadownload.com

၆။ အကြင်ပုဂ္ဂိုလ်အား နာမ်တရား ရုပ်တရားအားလုံး၌ ငါ, ငါ၏ ဥစ္စာဟူ၍တို့ဖွဲ့လမ်းမူမရှိ၊ ထိုနာမ်ရုပ်ပျက်စီးသော်လည်း မစိုးရိမ်၊ ထိုပုဂ္ဂိုလ်ကို "ဘိက္ခု" ဟု ခေါ်ဆိုရမည်။
၌- ၃၆၉။

လောကဌ် ကုသိုလ် အကုသိုလ် ကံနှစ်ပါးစုံတို့ကိုလည်းကောင်း၊ ကပ်ငြိတတ်သော တဏှာ ကိုလည်းကောင်း၊ လွန်မြောက်သော စိုးရိမ်ခြင်းမရှိသော ကိလေသာမြုံကင်းဆေးသော စင်ကြယ်သော ပုဂ္ဂိုလ်ကို "ဗြဟ္မဏ" ဟု တောတော်မူသည်။ ၌- ၄၂၁။

ရ။ ပထမနတ်သား – အရှင်သိကြားမင်း ကျွန်တော်မျိုး၏ သန္တာန်၌ ဖြစ်သော စိတ်ကား စစ်မြေပြင်၌ စည်ကြိုးကဲ့သို့ ငြိမ်သက်ခြင်းငှါ မတတ်နိုင်ပါ–ဟု ဆိုသည်။

ဒုတိယနတ်သား – ကျွန်တော်မျိုး၏ စိတ်ကား တောင့်ကျပြစ်တဲ့သို့ လျင်မြန်စွာ ဖြစ်လျက် ရှိပါသည်–ဟု ဆိုသည်။

တတိယနတ်သား – ကျွန်တော်မျိုး၏ မျက်စိတို့သည် ဤရောဟိန် နတ်သမီးကို မြင်ရသော ကာလမှစ၍ ပုဇွန်၏ မျက်စိကဲ့သို့ ထွက်ကုန်ပါသည်–ဟု ဆိုသည်။

စတုတ္ထ နတ်သား – ကျွန်တော်မျိုး၏ စိတ်သည် စေတီ၌ စိုက်အပ်သော တံခွန်ကဲ့သို့ မတုန်မလှုပ်တည်တံ့ခြင်းငှါ မတတ်နိုင်ပါ–ဟု ဆိုသည်။

သိကြားမင်း – အမောင်နတ်သားတို့ သင်တို့၏ စိတ်တို့သည် နှိမ်နင်းနိုင်သော သဘောရှိကုန်သေး၏၊ ငါသည်ကား ဤနတ်သမီးကို ရသည်ရှိသော် အသက်ရှင်အံ့၊ မရသည်ရှိသော် ဇီအား သေရခြင်း ဖြစ်ပေလတ္တံ့ဟု ဆိုသည်။ (၌- ၁၉၄။)

http://www.dhammadownload.com

မေတ္တာဖြန့်ပုံ

ဇိုသူငယ်ချင်းမသည် ဇိုအား များစွာကျေးဇူးရှိသောသူ ဖြစ်ပေ၏၊ စကြာဝဠာသည် အလွန်ကျဉ်းမြောင်းလှသော်၏၊ ငြဟ္ဘာပြည်သည် အလွန်နိမ့်လှသော်၏၊ ဇိုသူငယ်ချင်းမ၏ ဂုဏ်ကျေးဇူးကား များလှပေ၏၊ ဇိသည် ဤသီရိမာကိုမှီ၍ လူဒိန်းခြင်း တရားနာခြင်းဟို ရပေ၏၊ဤသီရိမာ၏အပေါ်၌ ဇိ၏ အမျက်ထွက်ခြင်း အကယ်၍ရှိအုံ၊ ဤထောပတ်သည် ဇိုကို ပူလောင်ပါစေ၊ အကယ်၍ မရှိသည်ဖြစ်အုံ မပူလောင်ပါစေသတည်း- ဟု မေတ္တာဖြင့် ပျံ့နှံ့စေသည်။ ၌- ၂၁၀။

၈။ ''ချစ်သားရဟန်းတို့ တိဿရဟန်းသည် မိမိသက်နှံ့၌ သန်းတိရစ္ဆာန်ဖြစ်နေသည်၊ သင်တို့သည် သက်နှံးကို ဝေဖန်အပ်သည်ရှိသော် ''ဤရဟန်းတို့သည် ဇိုဥစ္စာကို လုယက်ကုန်၏'' ဟု အော်ဟစ်မြည်တမ်းလျက် ထိုမှ ဤမှ ပြေးသွားလေသည်။

သန်းဖြစ်နေသော တိဿရဟန်းသည် သင်တို့ သက်နှံးကို ယူအပ်သည်ရှိသော် သင်တို့၌စိတ်ပြစ်မှား၍ ငရဲ၌ ဖြစ်ရာသောကြောင့် သက်နှံးဝေဖန်မှု ဆိုင်းငံ့ထားစေသည်၊ ယခုအခါကား တိဿရဟန်းသည် တုသိတာနတ်ပြည်၌ ဖြစ်လေပြီ၊ ထို့ကြောင့် ရှစ်ရက်မြောက်နေ့မှ သက်နှံးယူပို့ရန် ခွင့်ပြုတော်မူပေသည်''ဟု မိန့်တော်မူလေသည်။ ၌- ၂၁၉။

၉။ ဓမကရိက် ရေစစ်ကိုကိုင်လျက် ရဟန်းသံဃာတော်အပေါ်းအား ရေကို စစ်၍ လူဒိန်း ဆက်ကပ်ကာ ထိုမှ ဤမှ အဖန်ဖန်လှည့်လည်ခဲ့တူးသောကြောင့် သူဌေးကတော် စန္ဒုပဒုမာ၏ လက်ယာခြေဖဝါးပြင်၌ လဝန်းလက္ခဏာ, လက်ဝဲခြေဖဝါး၌ ပဒုမာကြာလက္ခဏာ ဖြစ်ပေါ်လာသည်။ ၌- ၂၃၇။

၉။ **ဝက်ပြိတ္တာ၏ ပမာဏနှင့် ပိုသဏ္ဌာန်**

ဝက်ပြိတ္တာ၏ ကိုယ်သည် သုံးဂါဝုတ်မျှ အတိုင်းအရှည်ရှိသည်၊ ထိုကိုယ်သည် လူ၏ ကိုယ်နှင့်တူသည်၊ ဦးခေါင်းကား ဝက်၏ ဦးခေါင်းနှင့်တူ၏၊ ခံတွင်း၌ အမြီးပေါက်(ဖြစ်)နေ၏၊ ခံတွင်းမှ ပိုးလောက်တို့သည် ယိုစီးထွက်ကျကုန်၏၊ ၌- ၂၅၈။

http://www.dhammadownload.com

အရှင်ပေါဠိဂိုလအား တောဇသာတရား

အရှင်ဘုရား ကယ်ပေါက်ခြောက်ခုရှိသော်တောင်မှ တစ်ခုသောကယ်ပေါက်ပြင့် အတွင်းသို့ ဝင်သွားသော ဖွတ်ကို ဖမ်းယူလိုသူသည် ငါးခုကုန်သော ကယ်ပေါက်တို့ကို ပိတ်၍ ခြောက်ခုမြောက်ဖြစ်သော ကယ်ပေါက်ကို ဖျက်ပြီးလျှင် ဝင်ပေါက်ပြင့်သာလျှင် ဖမ်းယူနိုင်သည်။

ဤအတူ အရှင်ဘုရားတို့သည် ခြောက်ဒွါရ၌ ဖြစ်ကုန်သော အာရုံတို့တွင် (မနောဒွါရမှ ကြွင်းကုန်သော) စက္ခုစသော ငါးပါးသောဒွါရ, ထိုငါးပါးသော ဒွါရ၌ ပြုအပ်သောအမှုကို ဖြစ်စေတော်မူပါ- ဟူ၍ ပောကြားတော်မူသည်။ ၌- ၂၃၆။

၁၀။ ကပိလသည် ရှည်ကြာစွာသောကာလပတ်လုံး မြတ်စွာဘုရား၏ စကားတော်ကို ပို့ချခဲ့ခြင်း၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ပြောဟောခဲ့ခြင်း၊ ထိုကောင်းမှု၏ကျိုးအဆက်ကြောင့် ရွှေအဆင်းရှိသည်။

ရဟန်းတို့အား ဆဲရေးရေရွတ်ခြင်းကို ပြုခဲ့သော မကောင်းမှုကံကြောင့် ငါး၏ ခံတွင်းမှ အပုတ်နံ့ထွက်သည်။ ၌- ၃၂၉။

ပဉ္စင်္ဂဒိယက ပုဏ္ဏား

ပုဏ္ဏားကြီးသည် ကောက်စင်းလယ်၌ သုတ်သင်ရိတ်သိမ်းသော ကာလ၌ပင်လျှင် လယ်ဦးမည်သည်ကို လူ၏၊ တလင်းဝယ် နယ်သောကာလ၌ တလင်းဦးအလှူ, တလင်းတွင် (အရင်းအနှီး ဘဏ္ဍာပြုသော) စုပုံသောကာလ၌ တလင်းဘဏ္ဍာဦးအလှူ, ထမင်းအိုးတွင် ချက်သောကာလ၌ ထမင်းအိုဦးအလှူ, ခွက်၌ ထမင်းခူးထည့်သော ကာလ၌ ခွက်ဦးအလှူကို လူ၏၊ ဤသို့ငါးပါးသော အဦးအဖျားအလှူဒါနတို့ကို ပေးလေ့ရှိ၏၊ ရောက်လာသော်သူအား မပေး မကမ်းမူ၍ စားသည်မည်သည်မရှိ၊ ထို့ကြောင့် "ပဉ္စင်္ဂဒိယကာ" ဟု ခေါ်တွင်သည်။

၌- ၃၆၇။

http://www.dhammadownload.com

ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း)
ပထမတြီးတန်း ။ ဓမ္မပဒဘာသာ
၁၃၆၅-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၂) ရက်၊ (၂၂-၃-၂၀၀၄)တနင်္လာနေ့

၁။ မည်သို့သောသူများနှင့် ပေါင်းဖော်ရလျှင် ဆင်းရဲမှု, ချမ်းသာမှု ဖြစ်ရကြောင်းနှင့် မည်သို့သောသူများနှင့် ပေါင်းဖော်သင့်ကြောင်းပြ သုခဝဂ်လာ ဓမ္မဒေသနာ ဂါထာတော် ပါဠိတို့ကို ရေးသားခဲ့ပါ။

၂။ အညစ်အကြေးဆိုး အမျိုးမျိုးနှင့် အဆိုးဆုံးနှင့်အညစ်အကြေးမှ ကင်းဝေးစေရန် လမ်းညွှန်ပြ အညတရကုလပုတ္တ ဝတ္ထုလာဂါထာတို့ကို အနက်ပေးခဲ့ပါ။

၃။ အပူဆုံးမိုး, အကြီးဆုံးအပြစ်မျိုး, အဆိုးဆုံးရောဂါ, အံ့သာဆုံးဆင်းရဲ, အကဲဆုံးလာဘ်, အမြတ်ဆုံးဥစ္စာ, အကောင်းဆုံးဆွေညာ, အချမ်းသာဆုံးတရားတို့ကို စိစစ်ရွေးချယ်ပြ၍ ပူပန်မှုကင်းဝေးရန် ကျင့်ကြံနေထိုင်နည်းကိုလည်း သုခဝဂ်လာ ဒေသနာတော်များအရ ညွှန်ပြခဲ့ပါ။

၄။ လူအများ၏ ချစ်ခင်မြတ်နိုးမှုကို ရရှိနိုင်ရန် ပြည့်စုံရမည့်တရားများကို ဗိယဝဂ်, ပဠဝသတ္ထဂါရကဝတ္ထု ဒေသနာတော်အရ ညွှန်ပြခဲ့ပါ။

၅။ အဘယ်ပုဂ္ဂိုလ်မျိုးမှာ အာသဝတရားတို့ပွားများ၍၊ အဘယ်ပုဂ္ဂိုလ်မျိုးမှာ အာသဝတရား ကင်းကွာသွားနိုင်ကြောင်းကို ပကိဏ္ဏကဝဂ်ဘဒ္ဒိယဘိက္ခုဝတ္ထု ဒေသနာတော်အရ တင်ပြခဲ့ပါ။

၆။ အဘယ်ပုဂ္ဂိုလ်မျိုးကို "မဟာပညာ၊ မဟာပုရိသ" ဟု ခေါ်ဆိုကြောင်း တဏှာဝဂ်၊ မာရဝတ္ထု ဒေသနာတော်အရ ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၇။ မလဝဂ်၊ အညတရ၊ ဗြာဟ္မဏဝတ္ထုလာ ပုဏ္ဏားကြီးပြုလုပ်သော ကောင်းမှုအဆင့်ဆင့် တို့ကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၈။ ပကိဏ္ဏကဝဂ်မှ စူဠသုဘဒ္ဒါ သူဌေးသမီး ညွှန်ပြသော ဗုဒ္ဓနှင့်တပည့်သာဝကတို့၏ ကြည်ညိုဖွယ် ဂုဏ်ပုဒ်တို့ကို ထုတ်နုတ်ဖော်ပြခဲ့ပါ။

၉။ "မြို့ကိုအတွင်းအပြင် လုံခြုံစေသကဲ့သို့ မိမိကိုယ်ကို လုံခြုံစေရမည်" ဟူသောစကားတော်ကို အဋ္ဌကထာအလိုက္ခ အဓိပ္ပါယ်ဖွင့်ဆိုပြခဲ့ပါ။

၁၀။ ဗြာဟ္မဏဝဂ်၊ ဒွေဗြာဟ္မဏဝတ္ထုလာ "ဆေတွာ နဒ္ဒီ ဝရတ္တာဠ" စသောဂါထာ၌ "နဒ္ဒီ ၊ ဝရတ္တာ၊ သန္ဒာန၊ ပလိဃ၊ ဗုဒ္ဓ" တို့၏ အဓိပ္ပါယ်နှင့်အရကောက်ဖော်ပြခဲ့ပါ။

မကွေးတိုင်း

ပထမကြိုးတန်း ။ မွေပဒဘာသာ (အရေ)

၁။ သက္ကဝတ္ထု ဂါထာ ၂၀၆၊ ရ ၌- ၁၆ရ။

မှတ်ချက်။ မေးခွန်းသဘောအရ ပြေဆိုရလျှင် ဂါထာ ၂၀၈-လည်း ပါဝင်စရာရှိသည်၊ သို့သော် ၂၀၈-ကို ထည့်ရေးလျှင်လည်း များသွားနိုင်သည်။

၂။ အညတရကုလပုတ္တဝတ္ထု ဂါထာ ၂၄၂၊ ဥ၊ ၌- ၂၂၃။

၃။ အပူဆုံးမီး - ရာဂ၊
အကြီးဆုံးအပြစ် - ဒေါသ၊
အဆိုးဆုံးရောဂါ - ဆာလောင်မွတ်သိပ်ခြင်း၊
အသာဆုံးဆင်းရဲ - ခန္ဓာငါးပါး သဒ္ဒါရတနား။

http://www.dhammadownload.com

အကဲဆုံးလာဘ် – အနာရောဂါကင်းခြင်း၊
အမြတ်ဆုံး ဥစ္စာ – မိမိရအပ်သော ပစ္စည်းနှင့် ရောင့်ရဲမှု၊
အကောင်းဆုံး ဆွေညာ – အကျွမ်းဝင်သူ၊
အသာဆုံး တရား – နိဗ္ဗာန်။ (ဂါထာ ၂၀၂၊ ၃၊ ၄၊)

ပူဇနိယပုဂ္ဂလဝေးဝေးစေရန်– တရားတည်းဟူသော ဝိတိ အရသာကို သောက်စို့ရသူသည် (၁) ငြိမ်သက်ရာ၌ တစ်ယောက်တည်း နေသဖြင့် ရအပ်သော ချမ်းသာခြင်း အရသာကိုလည်း၊ (၂) ကိလေသာငြိမ်းအေးခြင်း၏ ဝါ နိဗ္ဗာန်၏ အရသာကိုလည်း၊ (၃) လောကုတ္တရာတရားကိုးပါး၏ အစွမ်းဖြင့် ဖြစ်သော ဝိတိအရသာကိုလည်း သောက်သုံးရမည်။

(တိသဿတ္ထေရဝတ္ထု ဂါထာ ၂၀၅၊ ဋ္ဌ– ၁၇၄။)

၄။ လူအများ၏ ချစ်ခင်မြတ်နိုးမှု ရရှိနိုင်ရန်

၁။ စတုပါရိသုဒ္ဓိသီလ, မဂ်ဉာဏ်ဖိုလ်ဉာဏ်အမြင်နှင့် ပြည့်စုံခြင်း၊
၂။ လောကုတ္တရာတရားကိုးပါး၌ တည်ခြင်း၊
၃။ သစ္စာဉာဏ်ဖြင့် အမှန်ကို ဆိုလေ့ရှိခြင်း
၄။ သိက္ခာသုံးရပ် မိမိအမှုကို ပြုလုပ်ဖြည့်ကျင့်တတ်ခြင်း၊
ဤအဂါတို့နှင့် ပြည့်စုံရမည်၊ ဂါထာ ၂၁၅၊ ဋ္ဌ– ၁၈၅။

၅။ ပြုသင့်ပြုထိုက်သောအမှုကို (မပြုလုပ်ပဲ) စွန့်ပစ်၍ မပြုသင့် မပြုထိုက်သောအမှုကို ပြုလုပ်ကာ မာန ထောင်လွှားလျက် မေ့လျော့သူတို့အား အာသဒေါတရားတို့ တိုးပွားကုန်၏၊

ကာယဂတာသတိကို အမြဲကောင်းစွာ အားထုတ်ကြကုန်သော သူတို့သည် မပြုသင့် မပြုထိုက်သောအမှုကို မပြုမိဝဲကုန်၊ ပြုသင့်ပြုထိုက်သောအမှု၌ မပြတ်ပြုလုပ်ကုန်၏၊ သတိရှိသူ ကောင်းစွာ အပြားအားဖြင့် သိမှု သမ္မဇဉ်ဉာဏ်ရှိသူတို့အား အာသဒေါတရားတို့ ချုပ်ကုန်၏၊ ဂါထာ ၂၉၂၊ ၃၊ ဋ္ဌ– ၂၈၂။

http://www.dhammadownload.com

၆။ အကြင်သူသည် တဏှာကင်း၏၊ ခန္ဓာစသည်တို့၌ ခွဲလမ်း၍ ယူခြင်းမရှိ၊ နိဂ္ဂဟိတ်ပြီးသည်၏ (သန္ဓိ-ပုဒ်)၌ လိမ္မာ၏၊ အက္ခရာတို့၏ အပေါင်းကိုလည်း သိ၏၊ ရှေ့အက္ခရာဖြင့် နောက်အက္ခရာ, နောက်အက္ခရာဖြင့် ရှေ့အက္ခရာတို့ကိုလည်း သိ၏၊ အဆုံးစွန်၌တည်သော ခန္ဓာကိုယ်ရှိ၏၊ ထိုပုဂ္ဂိုလ်မျိုးကို "မဟာပညာ, မဟာပုရိသ" ဟု ခေါ်ဆိုသည်။

မာရဝတ္ထု ဂါထာ ၃၅၂၊ ၌- ၃၄၈။

၇။ **ကောင်းမှုအဆင့်ဆင့်**

ရဟန်းတို့၏ သက်နှံရုံရာအရပ်၌ -

(၁) သက်နှံးအနာများ နှင်းပေါက်စိုစွတ်မှုမရှိအောင် ပေါက်တူးဖြင့် ခုတ်ရွေကာ ကောက်နယ် တလင်းဝန်းနှင့်တူသော နေရာဖြစ်အောင်ပြုလုပ်သည်။

(၂) နောက်တစ်နေ့၌ ရဟန်းတစ်ပါး၏ သက်နှံးအနာသည် မြေ၌ကျ၍ မြေမှုန့်, အလိမ်းလိမ်းကပ်ငြိသည့်အတွက် သဲများ ဖြန့်ကြဲသည်။

(၃) နောက်တစ်နေ့၌ ဆွမ်းမစားမီ သက်နှံးရုံသောအခါ ရဟန်းတို့၏ ကိုယ်မှ ချွေးများ ယိုစီးသည့်အတွက် မလွှာပ်ဆောက်လုပ်သည်။

(၄) နောက်တစ်နေ့၌ နံကံစောစော ပိုးရွာသဖြင့် ရဟန်းတို့၏ သက်နှံးများစိုစွတ်သည့် အတွက် သက်နှံးရုံရာအရပ်၌ ဇရပ်ဆောက်လုပ်သည်။

(၅) ဇရပ်ဆောက်လုပ်ပြီး ဇရပ်ပူဇော်ပွဲပြုလုပ်ကာ ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းကျွေးကျိုလိုပြုသည်၊ ၌- ၂၁၅။

၈။ ပြိမ်သက်သော စက္ခုစသော ဣန္ဒြေ, ပြိမ်သက်သောစိတ်နှစ်လုံး ရှိကုန်သော သွားခြင်း ရပ်ခြင်း ပြိမ်သက်သော, ချသော မျက်လွှာရှိကုန်သော, နှိမ်းယှဉ်၍ ဆိုအပ်လေ့ရှိကုန်သော ရဟန်းတို့သည် ကျွန်တော်မ၏ ရဟန်းတို့ပါတည်း။

http://www.dhammadownload.com

ထိုရဟန်းတို့၏ ကိုယ်ဖြင့် ပြုအပ်သောအမှုသည် စင်ကြယ်၏၊ နှုတ်ဖြင့် ပြောအပ်သော စကားသည် နောက်ကျွန်ုခြင်းမရှိ၊ စိတ်ဖြင့်ကြံအပ်သော အကြံသည် အလွန်စင်ကြယ်၏၊ ထိုသဘောရှိသော ရဟန်းတို့သည် ကျွန်တော်မ၏ ရဟန်းတို့ပါတည်း။

လူအပေါင်းသည် လာဘ်, ယသစသော ကောင်းသော လောကဓံဖြင့် ထောင်လွှားတက်ကြွတတ်ကြသည်၊ အလာဘ်, အယသ စသော မကောင်းသော ၈ ကကဓံဖြင့် အောက်သို့ ညွတ်ကျတတ်ကြသည်။

အကြင်သို့သဘောရှိသော ရဟန်းတို့သည်ကား လာဘ်ရခြင်း၊ လာဘ်မရခြင်းဖြင့် တူမျှသော သဘော၌ တည်ကုန်၏၊ ထို့သို့ သဘောရှိကုန်သော ရဟန်းတို့သည်ကား ကျွန်တော်မ၏ ရဟန်းတို့ပါတည်း။ ၌- ၂၉၂။

၉။ ချစ်သားရဟန်းတို့ လူတို့သည် အစွန်ဖြစ်သော မြို့ကို တံတိုင်းစသည်ပြုကုန်လျက် အတွင်းနှင့်တကွငင်း၊ ပြအိုး ကျိုးစသည်တို့ကို ခိုင်ခံ့အောင်ပြုကုန်လျက် အပြင်အပနှင့်တကွငင်း၊ ဤသို့ အတွင်းအပြင်နှင့်တကွ ကောင်းစွာလုံခြုံညကဲ့သို့ ထို့အတူ သင်ချစ်သားတို့သည်လည်း သတိကို ဖြစ်စေလျက် အဖျတ္တိက ခြောက်ဒွါရတို့ကို ပိတ်သဖြင့် တံခါးစောင့်သတိကို မလွတ် မူချင်း၊ အဖျတ္တိကဒွါရတို့သည် ထိုထိုအာရုံအဖြစ်ဖြင့် ယူအပ်ကုန်သော ခြောက်ပါးသော ဗာဟိရ အာယတနတို့ကိုလည်း ခိုင်ခံ့အောင်ပြုလျက် ဗာဟိရ အာယတနတို့ ဝင်မလာ စိမ့်သောဌါ တံခါးစောင့်သတိကို မပယ်မူချင်း၊ လှည့်လည်ကာ မိမိကိုယ်ကို လုံခြုံအောင် စောင့်ရှောက်ကြရမည် – ဟူလို။ ၌- ၃၀၄။

၁၀။ နဒ္ဒိ – ရန်ပြုဖွဲ့သောအားဖြင့် ဖြစ်သော အမျက်ဒေါသကြီး၊
ဝရတ္တ – ချည်နှောင်တတ်သောအားဖြင့် ဖြစ်သော တဏှာတည်းဟူသော လွန်ကြီး၊
သန္ဓာန – (အနုသယ အစဉ်ကျခြင်းနှင့် တကွဖြစ်သော) ဒိဋ္ဌိ ၆၂-ပါးဟူသောလှည်း။
ပလိဃ – အဝိဇ္ဇာတည်းဟူသော တံခါးကျည်၊
ဗုဒ္ဓ – သစ္စာလေးပါးကို သိပြီးသူ။ (၌- ၄၀၇။)

http://www.dhammadownload.com

ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း)
ပထမကြီးတန်း ဓမ္မဝဒ ဘာသာ
၁၃၆၅-ခုနှစ် ဇန်နဝါရီလဆန်း (၂)ရက် (၂၂-၃-၂၀၀၄)တနင်္လာနေ့

၁။ ဖေါ်ပြပါ ဂါထာပါဠိတို့ကို ရေးသားခဲ့ပါ -

(က) ရွှေပန်းတိမ်သည်အလား၊ ညစ်ကြေးများ၊ ကြိုးစားထုတ်ရမည်-ဟူသောဂါထာ၊

(ခ) သတ္တဂါတို့ပေါ်မှာ ပွားမေတ္တာ၊ အရိယာဓေါ်ရမည်-ဟူသော ဂါထာ။

၂။ ဖေါ်ပြပါ ဂါထာပါဠိတို့ကို အနက်ယောဇနာပါ -

(က) သိရိမာ သောတာပန်ဖြစ်သော ဂါထာ၊

(ခ) ကိသာဂေါတမီ သောတာပန်ဖြစ်သော ဂါထာ၊

၃။ ပညာရှိနှင့် ပေါင်းသင်းရခြင်းအကျိုးကို ဥပမာနှင့်တကွ ဖြေဆို၍ ရထားထိန်းနှင့်တူသော ပုဂ္ဂိုလ်ကို ဖေါ်ပြပါ။

၄။ အဘယ်သူသည် ဓမ္မဓရပုဂ္ဂိုလ် ဖြစ်ပါသနည်း ဘုရားရှင်အလိုကျ ဖြေဆို၍ "မုနိ" အမည် ရရှိပုံကို ပါဠိတော်နှင့်အညီ ရေးသားပါ။

၅။ အကောင်းဆုံးသော သစ္စာတရားကို ရှာဖွေတင်ပြ၍ "ဗုဒ္ဓပါဒ နဝမဂၢ" ကိုလွန်မြောက်သူ၏ အပြစ်တို့ကို ရေးသားပါ။

၆။ ငြိမ်းချမ်းမှု အစစ်အမှန် ရရှိသော ရဟန်းကို ဖြေဆို၍ ရှိသေစွာ ရှိခိုးထိုက်သော ပုဂ္ဂိုလ်ကို ဖေါ်ပြပါ။

၇။ သိကြားမင်း သောတာပန်ဖြစ်သော နေရာကို ရေးသား၍ သိရိမာအပေါ် ထားရှိသော ဥတ္တရာ၏ စိတ်ကောင်းစိတ်မြတ်ကို အတုယူဖွယ် ဖေါ်ပြပါ။

http://www.dhammadownload.com

၈။ ဘုရားရှင်လက်ထက် ကြီးကျယ်သော အစည်းအဝေးတို့ကို သရုပ်ထုတ်၍ သာဒုကိုရင် အကြောင်းပြုပြီး မိခင်တို့ "မြင့်မြတ်သော အထံတ်တန်းပုဂ္ဂိုလ်" အဖြစ်သို့ ရောက်နိုင်ပါသလော အထောက်အထားခိုင်လုံစွာ စိစစ်ဝေဖန်ပြပါ။

၉။ ဘုရားစကားတော် ဟောပြောပို့ချခြင်း၏ အကျိုးကို သာဓကပြုင့် ပြေဆို၍ ခုနစ်နှစ်အရွယ် ရတနာသာမဏေအတို့ကို ရေတွက်ပြပါ။

၁၀။ "ဗုဒ္ဓေါ တပတိ တေဇသာ"၌ တေဇ–သရုပ်ကို ဖော်ထုတ်တင်ပြ၍ အရှင်အနုရုဒ္ဓါ၏ဟွားရာ ဇာတိနှင့် ဗခင်အမည်တို့ကို ရေးသားခဲ့ပါ။

မန္တလေးတိုင်း

ပထမကြိုးတန်း ။ခမ္မပဒ ဘာသာ (အရေး)

၁။ (က) အညတရပြာဟ္မဏဝတ္ထု ဂါထာ ၂၃၉၊ ဋ္ဌ– ၂၁၇၊

(ခ) ဗာလိသိကဝတ္ထု ဂါထာ ၂၇၀၊ ဋ္ဌ– ၂၅၁။

၂။ (က) သိရိမာဝတ္ထု ဋ္ဌ– ၆၆။

(ခ) ကိသာဂေါတမီဝတ္ထု ဂါထာ ၂၈၇၊ ဋ္ဌ– ၂၇၀။

၃။ ပညာရှိနှင့် အတူတကွ နေခြင်းသည် ဆွေမျိုးတို့နှင့်အတူတကွနေထိုင်ရသကဲ့သို့ ချမ်းသာသည်၊ ထို့ကြောင့် တည်ကြည်လည်း တည်ကြည်သော, ပညာလည်းရှိသော, အကြားအမြင်လည်း များသော, မဂ်ဖိုလ်ဟူသော ဝန်ကိုလည်း ဆောင်လေ့ရှိသော သီလဆုတောင် ပြုစင် သော အကျင့်လည်းရှိသော မြတ်သောသဘောရှိသော သူတော်ကောင်းကို လမ်းသည်ဆုံ နက္ခတ်တို့ သွားရာလာရာလမ်းရရီးကို ချဉ်းကပ်သကဲ့သို့ ချဉ်းကပ်ရမည်၊

(သက္ကဝတ္ထု ဂါထာ ၂၀၇၊ ၈။ ဋ္ဌ– ၁၇၆။)

http://www.dhammadownload.com

ဖြစ်ပေါ်လာသော အမျက်ဒေါသကို တားမြစ်နိုင်သောပုဂ္ဂိုလ် (လိမ္မာသော ရထားထိန်းသည် လျင်မြန်စွာပြေးသွားသော ရထားကို လမ်းမလွဲအောင် စောင့်ရှောက်နိုင်သကဲ့သို့ပင် အမျက်ဒေါသကို တားမြစ်နိုင်သူကိုလည်း ရထားထိန်းဟူ၍ ဟောတော်မူသည်)။

(အညတရဘိက္ခုစတ္ထု သဂါထာ ၂၂၂၊ ဋ္ဌ- ၁၉၅။)

၄။ အနုည်းငယ်မျှသော တရားကိုလည်း နာကြားရ၍ သစ္စာလေးပါးတရားကို နာမကာယဖြင့် မြင်သိသူ, တရားကို မမေ့မလျော့သူ ထိုသူနှစ်ယောက်သည် ဓမ္မဓရပုဂ္ဂိုလ် ဖြစ်သည်။

(ဇောဒါနဓိဏာသဝတ္ထေရဝတ္ထု ဂါထာ ၂၅၉၊ ဋ္ဌ- ၂၄၄။)

ပညာရှိသည် ချိန်ခွင်ကိုကိုင်၍ ချိန်သကဲ့သို့ ကောင်းမှုတည်းဟူသော အမြတ်တရားကို ယူ၍ မကောင်းမှုအကုသိုလ်တရားတို့ကို ရှောင်ကြဉ်သောကြောင့် မုနိ- မည်သည်။

အဇ္ဈတ္တ, ဗဟိဒ္ဓ ခန္ဓာနှစ်ပါးတို့ကို သိသောသူသည်လည်း **မုနိ** မည်သည်။
(ဓာတ္ထိယဝတ္ထု ဂါထာ ၂၆၈၊ ၉၊ ဋ္ဌ- ၂၄၉၊)

၅။ ဒုက္ခသစ္စာစသော အရိယသစ္စာလေးပါးဖြစ်သည်။ (ဂါထာ ၂၃၇၊ ဋ္ဌ- ၂၅၃။)

ဗုဒ္ဓပါဒနုပမခန္ဓာ-ဟူသော အခွင့်အခါကောင်းကို လွန်သူတို့သည် ငရဲ၌ ကျရောက်ကုန်သည် ဖြစ်၍ စိုးရိမ်ကြရသည်။ (ဂါထာ ၃၁၅၊ ဋ္ဌ- ၃၀၄။)

၆။ မေတ္တာတရားကို ပွားများလေ့ရှိသော မြတ်စွာဘုရားသာသနာတော်၌ ကြည်ညိုသော ရဟန်း ဖြစ်သည်။ (ဂါထာ ၃၆၈၊ ဋ္ဌ- ၃၇၃။)

မှတ်ချက် - ဝက္ကလိဝတ္ထု ဂါထာ ၃၈၁၊ ဋ္ဌ- ၃၈၁၊ ၌ လာသော မြတ်စွာဘုရား၏ သာသနာတော်၌ ကြည်ညိုမြတ်နိုးရ၍ ဝမ်းမြောက်ခြင်းများသောရဟန်း-ကဲ့သို့ ပြောဆိုနိုင်သည်။

http://www.dhammadownload.com

ရှိသေစွာ ရှိခိုးထိုက်သော ပုဂ္ဂိုလ်

အကြင်ဆရာ့ထံမှ မြတ်စွာဘုရားဟောကြားအပ်သော တရားကိုသိရာ၏၊ (ပုဏ္ဏားသည် မိုးကို ပူဇော်သကဲ့သို့) ထိုဆရာကို ရိုသေစွာ ရှိခိုးရမည်။

(ဂါထာ ၃၉၂၊ ၌- ၄၀၁။)

ဂ။ ဣန္ဒသာလလိုဏ်ဂူ (နတ်ပရိသတ်အလယ်)၌ သိကြားမင်း သောတာပန်ဖြစ်သည်။

(၌- ၁၇၅၊ ၆၊)

သိရိမာအဝေါ်ထားရှိသော ဥတ္တရာ၏ စိတ်တောင်း

(ပဲခူးတိုင်း အဖြေမေးခွန်းနံပါတ် ရ-၌ ကြည့်ပါ။)

ဃ။ **ကြီးတျယ်သော အစည်းအဝေးဆိုးခု**

၁။ ယမကပါဋိဟာရိယသမာဂမ

၂။ ဒေဝေါရောဟဏ သမာဂမ

၃။ ဂင်္ဂါရောဟဏ သမာဂမ -တို့ဖြစ်ကြသည်၊ (၌- ၂၇၅။)

သားကိုရင်ကို အကြောင်းပြုပြီး မိခင်တို့ "မြင့်မြတ်သော အထက်တန်း ပုဂ္ဂိုလ်" အဖြစ်သို့ ရောက်နိုင်သည်။

အထောက်အထား

ကိုရင်သာနု၏ ရှေး(အရင်) ဘဝက မိခင်သည် ဘီလူးမဖြစ်နေသည်၊ ကိုရင်သာနုကို နတ်အများက ချစ်ခင်လေးစား အရေးထားကြသည်၊ ကိုရင်သာနု၌ ရှိသေခြင်းဖြင့် ထိုမိခင်ဟောင်း ဘီလူးမကိုလည်း အလေးအမြတ်ပြု၍ ချီးမွမ်းစကား ပြောကြားကြသည်၊ ထိုနတ်တို့သည် တရားနာခြင်းဟု ဘီလူးအပေါင်းတို့၏ အညီအညွတ်စည်းဝေးခြင်းစသည် တို့၌ "သာနုသာမဏေ၏ မယ်တော်" ဟူ၍ ဘီလူးမအား မြတ်သောနေရာဦး, ရေဦး, ထမင်းဦး တို့ကို ပေးကြသည်၊ တန်ခိုးကြီးသော ဘီလူးကြီးတို့သည်လည်း ထိုဘီလူးမကို မြင်လျှင် လမ်းခရီး မှ ဖဲသွားကြခြင်း, ဓနုရာမှ ထပေးကြခြင်းများ အပြုခံရသည်၊

(၌- ၃၁၅။)

http://www.dhammadownload.com

၉။ ကသဿပမြတ်စွာဘုရား၏ သာသနာတော်၌ ကပိလရတန်းသည် ကာလကြာရှည်စွာ ဘုရား စကားတော်ကို ပို့ချခြင်း, ဘုရားဂုဏ်တော်ကို ဟောပြောခဲ့ခြင်းကြောင့် ဂေါတမ မြတ်စွာဘုရား သာသနာတော်၌ (အကုသိုလ်ကံတစ်ခုကြောင့်) ငါးဖြစ်ရပါသော်လည်း ရွှေအဆင်းရှိသော ငါးဖြစ်ရသည်။ (၌– ၃၂၉။)

ခုနစ်နှစ်အရွယ် ရတနာသာမဏေများ

သံကိစ္စ, ပဏ္ဍိတ, သောပါက, ရေဝတသာမဏေ တို့ဖြစ်ကြသည်။

(၌– ၄၁၆။)

၁၀။ **တေဇဿရုပ်**

၁။ သီလတေဇ

၂။ ဂုဏတေဇ

၃။ ပညာတေဇ

၄။ ပုညတေဇ

၅။ မေ့တေဇ – ငါးမျိုးဖြစ်ပါသည်။ (၌– ၃၉၇။)

အရှင်အနုရုဒ္ဓါ၏ –

ဗွားရောဇာတိကား – ကပိလဝတ်မြို့၊

ဖခင်အမည်ကား – အမိတောဒနသာကိုဝင်မင်း။ (၌– ၃၈၄။)

ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)

ပထမကြိုးတန်း ဓမ္မပဒဘာသာ

၁၃၆၅–ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၂)ရက် (၁–၄–၂၀၀၃)ကြာသပတေးနေ့

၁။ အရှင်အာနန္ဒာအား မြတ်ဘုရားဟောကြားသည့် မလဝဂ်–ပဉ္စဂုပါသကဝတ္ထုလာ ရာဂ, ဒေါသ စသည်တို့၏ ဥပမာကိုပြဆိုသော ဂါထာကိုသာ ပါဠိရေးပါ။

http://www.dhammadownload.com

၂။ ပိဓိသန္တာန်၌ ဖြစ်ပေါ်လာသော ချစ်ခြင်းမေတ္တာသံယောဇဉ်ကြိုးတို့ကို ဖြတ်သင့်ကြောင်း ပြဆိုသည့် မဂ္ဂဝဂ်-သုဝဏ္ဏကာရတွေ့ရဝတ္ထုလာ ဂါထာကို အနက်ယောဇနခဲ့ပါ။

၃။ မြတ်စွာဘုရား ဥတ္တရာအားဟောကြားတော်မူအပ်သော အောင်မြင်ခြင်းအကြောင်းတရား လေးပါးကို ကောဓဝဂ်-ဥတ္တရာဥပါသိကာဝတ္ထုလာသည့်အတိုင်း ရေး၍၊ မြတ်စွာဘုရား ဂေါဃာတကပုတ္တအား ဟောကြားတော်မူအပ်သော တရားစကားကိုလည်း ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

၄။ လူ, နတ် ဦးခိုက် ပညာရှိတို့ ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်ကို ဖော်ပြ၍၊ ၎င်းပုဂ္ဂိုလ်သည် မည်သည့် ဝတ္ထုနှင့်တူပါသနည်း? တူပုံကိုဖော်ပြခဲ့ပါ။

၅။ ပိဋကတ်သုံးပုံကို နှုတ်တက်အာဂုံဆောင်နိုင်ရုံမျှဖြင့် ဓမ္မဓရအမည်ရနိုင်/မရနိုင်တို့ကို သေချာစွာ ရှင်းပြခဲ့ပါ။

၆။ အာသဝေါတရားများ တိုးပွားနေသောပုဂ္ဂိုလ်နှင့် ချုပ်ငြိမ်းနေသောပုဂ္ဂိုလ်တို့၏ ကျင့်ဝတ်တို့ကို ပကိဏ္ဏကဝဂ်-ဘဒ္ဒိယဘိက္ခုဝတ္ထုလာသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၇။ ရောဟိနီနတ်သမီးကို အလိုရှိကြတုန်းဟော နတ်သားလေးယောက်တို့ သိကြားမင်းအား လျှောက်တင်ကြသော စကားရပ်တို့နှင့် သိကြားမင်း ပြန်လည်ပြောပြသော စကားရပ်တို့ကို အစဉ်အတိုင်း ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

၈။ ကုက္ကုဋအဏ္ဍဝါဒိကာ-ဝတ္ထုလာ အမျိုးသမီးနှင့်ဘိလူးမတို့၏ ရန်ပြိုး စဉ်ဖြစ်ပေါ်လာပုံကို ပြည့်စုံစွာ ရေးသားတင်ပြခဲ့ပါ။

၉။ ဘုရားလောင်းသခ်ပုဏ္ဏားဖြစ်စဉ်က သားတော်သုသိမပဋ္ဌေကဗုဒ္ဓါ၏ စေတီတော်၌ ပြုဘူးသော ကုသိုလ်အထူးကို ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၁၀။ မြတ်စွာဘုရားလက်ထက်တော်က လာဘ်လာဘပေါ်များသူတို့တွင် တေဒင်္ဂါထွဲထူးဆွတ်ခူးခဲ့သော ရှင်သိဝလိမထေရ်၏ (က) မယ်တော်အမည်၊ (ခ) အမျိုးအနွယ်၊ (ဂ) ပဋိသန္ဓေနေခဲ့ရာ အချိန်ကာလ၊ (ဃ) ဖွားမြင်ရာအချိန်ကာလ၊ (င) မယ်တော်အတွက် ဘုရားရှင်က မေတ္တာပို့ပုံတို့ကို ဖြေဆိုခဲ့ပါ။

မွန်ပြည်နယ်

ပထမကြိမ်တန်း ။ ဓမ္မပဒဘာသာ (အဖြေ)

၁။ ပဋ္ဌဉ္ဉပါသကဝတ္ထု ဂါထာ ၂၅၁၊ ၌– ၂၃၁။

၂။ သုဝဏ္ဏကာရဝတ္ထုရဝတ္ထု ဂါထာ ၂၈၅၊ – ၂၆၈။

၃။ **အောင်မြင်ခြင်းအကြောင်းတရား ၄–ပါး**

(၁) အမျက်ထွက်သောသူကို အမျက်မထွက်ခြင်း၊ (မေတ္တာ)ဖြင့် အောင်ရာ၏၊

(၂) မကောင်းသော သဘောရှိသူကို ကောင်းသော သဘောဖြင့် အောင်ရာ၏၊

(၃) နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊

(၄) မတရားမှုန်ပြောသောသူကို အဟုတ်အမှန်ပြောဆိုခြင်းဖြင့် အောင်ရာ၏။

(ဂါထာ – ၂၂၃၊ ၌– ၂၀၂။)

(ဥပါသကာ) သင်သည် ယခုအခါ ဖျော့တော့သော ဗက်ရွက်လျော်ကဲ့သို့ ဖြစ်ခဲ့ပြီ၊ သေမင်းတမန်တို့သည်လည်း သင်၏ အနီး၌ တည်ကုန်ပြီ၊ ဆုတ်ယုတ်ပျက်စီးခြင်း၏ အစ၌လည်း တည်ခဲ့ပြီ၊ သင့်အား (ဘဝတစ်ပါးသို့ သွားရန်ကောင်းမှု) ရိက္ခာလည်းမရှိ၊ သင်သည် မိမိ၏မိုရာကျွန်းနှင့်တူသော ကောင်းမှုကို ပြုလော့၊ လျင်စွာအားထုတ်၍ ပညာရှိသူဖြစ်လော့၊ အညစ်အကြေးကို ပယ်ထုတ်၍ ကိလေသာ မရှိခဲ့မူ အရိယာတို့နေရာ သုဒ္ဓါဝါသဘုံသို့ ကပ်ရောက်ရလတ္တံ့။

မှတ်ချက်။ ။ ဥပနိတဝယောစ အိနိသိ စသောဂါထာကိုလည်း ရေးနိုင်သည်။

(၌– ၂၁၅၊ ၆၊)

http://www.dhammadownload.com

၄။ **ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်**

မကျိုးမပြတ်သော အကျင့်သိက္ခာရှိသော (တစ်နည်း) မပျက်စီးသော အသက်မွေးခြင်း ရှိသော, ထက်မြက်သော ဓမ္မာဇီဝပညာရှိသော, လောကီလောကုတ္တရာပညာ, စတုပါရိသုဒ္ဓိ သီလနှင့် ပြည့်စုံသော ရဟန်းဖြစ်သည်။

ဂင်းပုဂ္ဂိုလ်သည် ဓမ္မရာဇ်ရွေနှင့် တူသည်။ (ဂါထာ - ၂၂၉၊ ၂၃၀၊ ၌- ၂၁၀။)

၅။ ဝိဋ္ဌကတ်သုံးပုံကို နှုတ်တက်အာဂုံဆောင်နိုင်ရုံမျှဖြင့် ဓမ္မဓရ အမည်မရနိုင်ပေ။ အနည်းငယ်မျှသော တရားကိုလည်း ကြားနာရ၍ သစ္စာလေးပါး တရားကို နာမကာယဖြင့် သိမြင်သူနှင့် တရားကို မမေ့သောသူ ဤနှစ်ယောက်သောသူတို့သာ စင်စစ် အားဖြင့် **ဓမ္မဓရ** အမည်ရသည်။

(ကောဒိနဝဂ္ဂအာသဝတ္ထေရဝတ္ထု ဂါထာ ၂၅၉၊ ၌- ၂၄၄။)

၆။ **အာသဝေါတရားများ တိုးပွားနေသော ပုဂ္ဂိုလ်တို့၏ ကျင့်ဝတ်**

ပြုသင့် ပြုထိုက်သော အမှုကို (မပြုလုပ်ပဲ) စွန့်ပစ်ခြင်း၊ မပြုသင့် မပြုထိုက်သောအမှုကို ပြုလုပ်ခြင်း၊ (မာနထောင် လွှားခြင်း၊ မေ့လျော့ခြင်း) တို့ဖြစ်သည်။

အာသဝက္ခယ်ပြိမ်းနေသော ပုဂ္ဂိုလ်တို့၏ ကျင့်ဝတ်

(ကာယဂတာ သတိကို အမြဲ ကောင်းစွာ အားထုတ်ကြကုန်သော သူတို့သည်) မပြုသင့် မပြုထိုက်သော အမှုကို မပြု မမှီဝဲခြင်း၊ (ပြုသင့်ပြုထိုက်သော အမှုဌ မပြတ် ပြုလုပ်ကြခြင်း၊ သတိထားခြင်း၊ ကောင်းစွာ အပြားအားဖြင့် သိမှု သမ္မဇညာဏ်ရှိခြင်း)တို့ဖြစ်သည်။

(ဂါထာ ၂၉၂၊ ၃၊ ၌- ၂၈၂။)

၇။ ပဲခူးတိုင်းမေးခွန်း နံပါတ် ၇-၌ ဖြေပြီး။

၈။ သာဝတ္ထိမြို့၏ မနီးမဝေးသော အရပ်၌ ပတ္တရုမည်သော တံငါသည်ရွာ၌ နေသူသည် အစိရဝတီမြစ်၌ လိပ်ဥတို့ကို ယူဆောင်ကာ သာဝတ္ထိမြို့သို့ သွား၍ အိမ်တစ်အိမ်၌ ချက်ပြုတ်

http://www.dhammadownload.com

ခဲစား၍ ထိုအိမ်ရှိ အမျိုးသမီးငယ်အားလည်း ဥတစ်လုံးပေးလိုက်သည်၊ ထိုဥကို စားပြီးသည့်နောက် အခြားတစ်ဝိုတစ်ရာကိုမျှ မစားလိုတော့ပေ၊ ရသတဏှာ၌ ဖွဲ့ယှက်သဖြင့် ကြက်မဥတိုင်း ဥတိုင်းကို ယူငင်ခဲစားသောအခါ ကြက်မက ရန်ပြုဖွဲ့ကာ "သူ၏ကလေးတို့ကို ခဲစားနိုင်သော ဘီလူးမဖြစ်ပါစေသား" ဟု ဆုတောင်းပြုသောအခါ ထိုအိမ်ရှင်မ ကြောင်မဖြစ်သည်၊ အမျိုးသမီးငယ် သေသောအခါ ကြက်မဖြစ်သည်၊ ကြောင်မက ကြက်မ၏ ဥတို့ကို ယူငင်ခဲစားသည်၊ ကြက်မကလည်း တစ်ဖန်အနိုင်ယူနိုင်သည့် ဘဝကိုရရန် ဆုတောင်းခဲ့သည့်အတွက် သစ်မဖြစ်လာသည်၊ ကြောင်မသည်လည်း ထိုဘဝမှ စုတေကာ သမင်မဖြစ်လာသည်၊ သစ်မက သမင်မ၏ ကလေးတို့ကို ခဲစားသည်၊ ဤသို့ဖြင့်အဆုံး၌ တစ်ယောက်က ဘီလူးမ ဖြစ်ကာ, တစ်ယောက်က သာဝတ္ထိမြို့၌ အမျိုးသမီးတစ်ဦး ဖြစ်လာလေတော့သည်။ (၌- ၂၈၀၊ ၁။)

၉။ စေတီယင်ပြင်၌ ပြက်နှုတ်ခြင်း၊ အပ္ပေါ်ရုပ်ဆိုးဖြင့် သဲဆောင်ယူကာ စေတီယင်ပြင်၌ သဲဖြန့်ခင်းခြင်း၊ ရေဖြင့် ဖြန်းပက်ခြင်း၊ တောပန်းတို့ဖြင့် ပူဇော်ခြင်း၊ ပုဆိုးဖြင့် ကုက္ကားတင်လှည်းခြင်း၊ စေတီအထက်၌ မိမိ၏ ထီးကို ဖွဲ့ချည်ခြင်း စသော ကုသိုလ်ထူးများ ပြုလုပ်ခဲ့သည်။ (၌- ၂၇၉။)

၁၀။ (က) ကောလိယ မင်းသမီး သုပ္ပဝါသာ

(ခ) ကောလိယ

(ဂ) ဂ-နှစ်

(ဃ) ဂ-ရက်

(င) ကောလိယ မင်းသမီး ဖြစ်သော သုပ္ပဝါသာသည် ချမ်းသာခြင်းရှိသည် ဖြစ်ပါစေသတည်း၊ (ချမ်းသာခြင်းရှိလျက်) အနာရောဂါမရှိဘဲ အနာရောဂါကင်းသော သားကောင်း ရတနာကို ဖွားမြင်စေသတည်း ဟူ၍ မေတ္တာပို့တော်မူသည်။ (၌- ၄၂၆၊ ဂ။)

http://www.dhammadownload.com

ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်း)
ပထမကြီးတန်း ။ ဓမ္မပဒ ဘာသာ
၁၃၆၅-ခုနှစ် နှောင်းတန်ခူးလဆန်း(၂)ရက် (၂၂-၃-၂၀၀၄)တနင်္လာနေ့

၁။ မလဝဂ်လာ အောက်ပါဂါထာတို့ကို ပေယျာလ ဖော်ထုတ်ကာ ပါဠိရေးသားပါ - ယော ပါဏမတိပါတေတိ (ပ) စိရံ ဒုက္ခာယ ရန္ဓသု။

၂။ ''ထောင်မြင်က ရာဝွန့်ရာဇ'' ဟူသော စကားနှင့်အညီ ချမ်းသာများစွာ တွေ့မြင်ပါက အနည်းအငယ်မျှသော သုခကို စွန့်ရမည်ဟု ညွှန်ကြားထားသည့် ဓမ္မပဒပါဠိကို မှန်ကန်စွာ အနက်ပေးပြပါ။

၃။ အပူဆုံးဓိ။ အကြီးဆုံးအပြစ်၊ အဆင်းရဲဆုံး ဒုက္ခ၊ အမြတ်ဆုံး ချမ်းသာ၊ အဆိုးဆုံး ရောဂါတို့ကို ဖော်ပြ၍ ချစ်မှု မုန်းမှု ထိုနှစ်ခုကို မပြုသင့်ခြင်း၏ အကြောင်းကိုလည်း ပြေဆိုပါ။

၄။ အာသဝေါတရားများ ချုပ်ဆုံးသွားသော ပုဂ္ဂိုလ်တို့ကို ညွှန်ပြ၍ ဓမ္မဓရ ပုဂ္ဂိုလ်များကိုလည်း အတု/အစစ်အားဖြင့် ခွဲခြားပြပါ။

၅။ အဘယ်အရာကြောင့် အပါယ်ဘေးဒသည် ဖြစ်ရသည်ကို ပြေဆို၍၊ စတ္တာရိ ဌာနာနိ နရော ပမတ္တော-ပါဠိအရ မေ့လျော့သူတို့အတွက် ရရှိအပ်သော အကျိုးတရား ၄-ပါးတို့ကိုလည်း ထုတ်ပြခဲ့ပါ။

၆။ ယဉ်ကျေးသူနှင့် မြတ်သောယဉ်ကျေးသူတို့ကို ခွဲခြားပြ၍ ဗြဟ္မဏ၊ သမဏ၊ ပဗ္ဗဇိတ ၃-မျိုးတို့၏ အထူးကိုလည်း ဖော်ပြခဲ့ပါ။

၇။ နန္ဒိယက ရေဝတိအား သတိပေး ပြောကြားသော စကားကို ရေး၍၊ လမ်းခရီးကြား၌ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာကို တွေ့မြင်သောအခါ ဥတ္တရာ၏ ကြံစည်စဉ်းစားပုံကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၈။ သစ္စာနံ စတုရော ပဒါ–၌ သစ္စာ ၄–မျိုးတို့ကို ဖော်ပြ၍ ဘုရားရှင်သည် အဘယ်ကဲ့သို့ရည်ရွယ်တော်မူလျက် ဝိဓိထံသို့ ချဉ်းကပ်လာသည့် ပေါ်ဠိလရဟန်းအား ဟေ တုစ္ဆ ပေါ်ဠိလ စသဖြင့် သုံးနှုန်းခေါ်ဝေါ်သည်ကိုလည်း ဖြေဆိုပါ။

၉။ ဟိမဝန္တာတောင်မင်း၏ အုကျယ်ပမာဏ, အမြင့်ပမာဏနှင့် တောင်ထွဋ်အရေအတွက်တို့ကို ဖော်ပြ၍၊ နတ္ထိ ဟာလေ သဟာယတာ–၌ အဘယ်တို့ဖြင့် ပေါင်းဖော်မှုမျိုးကို သဟာယတာဟု ဆိုပါသနည်း ဖြေဆိုခဲ့ပါ။

၁၀။ ကပိလဝါးကြီး၏ ရှေ့အဆင်းရှိရခြင်း၊ ခံတွင်းမှ အပုပ်နံ့လွှင့်ရခြင်း၏ ရှေးအကြောင်းကံတို့ကို ရေး၍၊ ပဠဆိန္နေ ပဠဇဟော–၌ ပဠအရတို့ကိုလည်း ဖော်ပြခဲ့ပါ။

ရန်ကုန်တိုင်း

ပထမကြိုးတန်း။ ။ ဓမ္မဝဇာသာ (အဖြေ)

၁။ မလဝဂ်၊ ပဠဥပါသကဝတ္ထု ဂါထာ ၂၄၆၊ ဂျ၊ ၈၊ ၌– ၂၂၆၊ ဂျ။

၂။ အတ္တနောပုဗ္ဗကမ္မဝတ္ထု ဂါထာ ၂၉၀၊ ၌– ၂၈၀။

၃။ အပူဆုံးဖိုးကား – ရာဂ၊
အကြိုးဆုံးအပြစ်ကား – ဒေါသ၊
အဆင်းရဲဆုံးဒုက္ခကား – ခန္ဓာ၊
အမြတ်ဆုံး ချမ်းသာကား – နိဗ္ဗာန်၊
အဆိုးဆုံးရောဂါကား – ဆာလောင်မွတ်သိပ်ခြင်း၊

(ဂါထာ – ၂၀၂၊ ၌–၁၆၉၇) (ဂါထာ – ၂၀၃၊ ၌– ၁၇၁။)

http://www.dhammadownload.com

ချစ်, မုန်းခုစု မပြုဆင့်ဝေ

ချစ်သောသူတို့ကို မမြင်ရခြင်းသည်လည်း ဆင်းရဲ၏၊ မုန်းသောသူကို မြင်ရခြင်းသည်လည်း ဆင်းရဲ၏၊ ထို့ကြောင့် (လူကိုဖြစ်စေ, ပစ္စည်းဥစ္စာကိုဖြစ်စေ) ချစ်ခင်တွယ်လမ်းခြင်း မပြုသင့်ပေ၊

(တယောဇန ပဇ္ဇဇိတဝတ္ထု ၌- ၁၇၉။)

၄။ **အာသဝေါတရား ချုပ်ဆုံးသွားသော ပုဂ္ဂိုလ်များမှာ –**

အချိန်ပင်သိမ်း နိုးကြားထကြွကုန်သည်ဖြစ်၍ နေ့ည၌ပတ်လုံး သိကွာသုံးပါးကို ကျင့်ကြကုန်လျက် ဒိဌာန်ကို စိတ်ညွတ်သော ပုဂ္ဂိုလ်များဖြစ်ကြပါသည်။

(ပုဏ္ဏာဒါသိဝတ္ထု ဂါထာ ၂၂၆၊ ၌- ၂၀၈။)

ဓမ္မဓရပုဂ္ဂိုလ်များ

သင်ကြားခြင်း ဆောင်ထားခြင်း စသည်ဖြင့် များစွာ ပြောဟောတတ်၏၊ ထိုမျှလောက်သော အကြောင်းဖြင့် ဓမ္မဓရမည်ပေ။

အနည်းငယ်မျှလောက်သော တရားတို့ကို နာကြား၍ သစ္စာ ၄-ပါးတရားကို နာမကာယဖြင့် မြင်သိသော ပုဂ္ဂိုလ်နှင့် တရားကို မမေ့မလျော့သော ပုဂ္ဂိုလ်တို့သည် **ဓမ္မဓရ** (အစစ်) ဖြစ်ကုန်၏။

(ကေဒါနဒီဃာသဝတ္ထေရ ဝတ္ထု ဂါထာ ၂၅၉၊ ၌- ၂၄၄။)

၅။ ယုတ်မာသော သဘောရှိကုန်သည်ဖြစ်၍ (ကိုယ်, နှုတ်, နှလုံးကို) မဖောင့်စည်းကုန်သော, လည့်ပင်း၌ ရစ်ပတ်ထားသော သင်္ကန်းရှိကုန်သော များစွာသော သူယုတ်မာတို့သည် ယုတ်မာသော မကောင်းမှုတို့ကြောင့် အပါယ်ငရဲကျကုန်၏။

(ဒုစ္စရိတဖလဝိပ္ပဋိတဝတ္ထု ဂါထာ ၃၀၇၊ ၌- ၂၉၉။)

စတ္တာရိ ဌာနာနိ နရော ဟမတ္တော

(၁) မကောင်းမှု အကုသိုလ်ရခြင်း၊

(၂) အလိုရှိတိုင်း မအိပ်ရခြင်း၊

http://www.dhammadownload.com

(၃) သူတစ်ပါးတို့၏ ကဲ့ရဲ့မှုခံရခြင်း။
(၄) ငရဲသို့ လားရောက်ခြင်း။

(ဓမကသေဋ္ဌိပုတ္တဝတ္ထု ဂါထာ ၃၀၉၊ – ၃၀၀။)

၆။ **ယဉ်ကျေးမှု မြတ်သူ**

အသတိရှိမြင်း, အာဇာနည်မြင်း, သိန္နောမြင်း, ကဉ္စရမည်းသော ဆင်ပြောင်ကြီး တို့ဖြစ်သည်။

မြတ်သော ယဉ်ကျေးသူ

ကိုယ်စိတ်နှစ်ပါးကို (လေးပါးသော မဂ်ဉာဏ်ဖြင့်, ဦးမအပ်သည်ဖြစ်၍ ယဉ်ကျေးပြီး သူသည် မြတ်သော ယဉ်ကျေးသူဖြစ်သည်။

(အတ္တဒန္တဝတ္ထု ဂါထာ ၃၂၂၊ ဋ္ဌ– ၃၀၉။)

မကောင်းမှုကို အပယ်ပြုပြီးဖြစ်သောကြောင့် **ဗြတ္တဝ**
မကောင်းမှု အကုသိုလ်တို့ကို ငြိမ်းစေ၍ ကျင့်တတ်သောကြောင့် **သမဝ**
မိမိ၏ ကိလေသာ အညစ်အကြေးကို ထုတ်ပယ်သောကြောင့် **ပဗ္ဗဇိတ**
ဟုဆိုထူးကြသည်။

(အညတရဖြဟ္မဏ ပဗ္ဗဇိတဝတ္ထု ဂါထာ ၃၈၈၊ ဋ္ဌ– ၃၉၇။)

၇။ ''ရဟန်းသံဃာကိုငင်း၊ ငါ၏ မိဘတို့ကိုငင်း၊ အကယ်၍ ပြုစုလုပ်ကျွေးပါလျှင် ဤ ငါ–၏ အိမ်၌ နေစွင့်ရလတ္တံ့၊ မမေ့မလျော့သူဖြစ်လော့''တဲ့ နန္ဒိယက ရေဝတီအား ပြောဆိုသည်။ (ဋ္ဌ– ၁၉၀။)

ဥတ္တရာ၏ ကြံစည်စဉ်းစားပုံ

''ငါသည် တစ်ခါတစ်ရံ လူဘွယ်ဝတ္ထုရှိပါလျက် အရှင်မြတ်ကို မမြင်တွေ့ရ၊ တစ်ခါတရံ ငါ၏ အရှင်မြတ်ကို မြင်တွေ့ရသော်လည်း လူဘွယ်ဝတ္ထုကားမရှိ၊ ယနေ့ကားငါသည်

http://www.dhammadownload.com

အရှင်မြတ်ကိုလည်း မြင်တွေ့ရ၏၊ ဤလူ့ဘွယ်ဝတ္ထုညည်လည်း ရှိ၏၊ ငါ့အား ချီးမြှောက်မှုကို ပြုပါလိမ့်မည်လော''ဟု ကြံစည်စဉ်းစားသည်။ (၌- ၁၉၇။)

၈။ **သစ္စာ ၄-မျိုး**

၁။ ဝစီသစ္စာ

၂။ သမ္မုတိသစ္စာ

၃။ ဒိဋ္ဌိသစ္စာ

၄။ ပရမတ္ထသစ္စာ (၌- ၂၅၄၊)

တော် တုဏ္ဍပေါဒိုလ

''ဤရဟန်း (ပေါဒိုလ်)၏ 'မိမိ၏ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းကို ငါပြုအံ့' ဟူသော စိတ်မျှလည်း မရှိ၊ ထိုပေါဒိုလရဟန်းကို ထိတ်လန့်စေအံ့''ဟူသော အကြံရှိတော်မူသော ကြောင့် မိမိထံ ဆည်းကပ်ရောက်လာသော အရှင်ပေါဒိုလကို ''တော် တုဏ္ဍ ပေါဒိုလ''ဟု ခေါ်ဝေါ်တော်မူသည်။ (၌- ၂၆၂။)

၉။ **တိမဝန္တာတောင်၏** -

အကျယ်ပမာဏ - ယူဇနာ သုံးထောင်၊

အမြင့်ပမာဏ - ယူဇနာငါးရာ၊

ထောင်ထွဋ်အရေအတွက် - ရှစ်သောင်းလေးထောင်ရှိသည်။

(၌- ၂၉၃။)

စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ, ကထာဝတ္ထုဆယ်ပါး, မင်္ဂလေးပါး, ဗိုလ်လေးပါး, ဝိဇ္ဇာသုံးပါး, အဘိညာဉ်ခြောက်ပါး, အမတမဟာနိဗ္ဗာန် ဤတရားဝိုဖြင့် ပေါင်းဖော်မှုမျိုးကို သဏာယတာ - ဟုဆိုသည်။ (၌- ၃၂၃။)

http://www.dhammadownload.com

၁၀။ ကသဿပဘုရားရှင်လက်ထက်က ကပိလရဟန်းသည် ရှည်ကြာစွာသော ကာလပတ်လုံး မြတ်စွာဘုရား၏ စကားတော်ကို ပို့ချခဲ့, မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ပြောဟောခဲ့သော ကောင်းမှု၏ အကျိုးဆက်ကြောင့် ရွှေအဆင်းရှိရသည်။

ရဟန်းတို့အား ဆဲရေးရေရွတ်ခြင်းကို ပြုခဲ့သော မကောင်းမှုကံကြောင့် ခံတွင်းမှ အပုပ်နံ့လွှင့်ရသည်။ (၄- ၃၂၉။)

ပဥ္စဆိန္နဋ္ဌ ပဥ္စအရ

အောက်အပါယ်ဘုံတို့သို့ ကျရောက်စေတတ်ကုန်သော ဩရမ္ဘာဂိယ သံယောဇဉ် ငါးပါး ရ၏။

ပဥ္စဇတေ-၌ ပဥ္စအရ

အထက်နတ်လောကသို့ ရောက်စေတတ်ကုန်သော ဥဒ္ဓမ္ဘာဂိယသံယောဇဉ်ငါးပါးရ၏။ ၄- ၃၇၅။

ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်) တောင်ပိုင်း
ပထမကြိုးတန်း ။ ဓမ္မဝဒဘာသာ
၁၃၆၅-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၂)ရက် (၁-၄-၂၀၀၄)ကြာသပတေးနေ့

၁။ သုံးလူထွက်တင် သဗ္ဗညုဘုရားရှင်သည် ဆွတော်မျိုးတော်များဖြစ်ကြသော သာကိယမင်း, ကောလိယမင်းတို့၏ ရန်စစ်ပွဲကို ငြိမ်းအေးစေပြီးနောက် ထိုမင်းတို့အား ဟောကြားအပ်သော ငြိမ်းချမ်းစွာ အတူနေရကြောင်း အဆိုးအမြဟဒ သုံးဂါထာတို့ကို ပါဠိဖွင့်ရေးပြပါ။

၂။ အရှင်အနုရုဒ္ဓမထေရ်မြတ်၏ နှမတော် အရေပြားရောဂါသည် ရောဟိနီမင်းသမီးကို ဟောကြားဆုံးမအပ်သော အမျက်ပြေကြောင်းတရား ဂါထာကို အနက်ရေးပြပါ။

http://www.dhammadownload.com

၃။ ယာဉ်ရထားကို မောင်းနှင်တတ်သောကြောင့် သာရထိ–မည်သူတို့တွင် အဘယ်ကဲ့သို့ သဘောရှိသောသူသည်သာ မြင့်မြတ်သော သာရထိ– မည်သည်ကို ပြဆိုခဲ့ပါ။

၄။ သံကို သံဖျက်၊ သံချေးတက် – ဟူသော စကားကဲ့သို့ သတ္တဝါတို့၏ သန္တာန်ပြစ်လျက် သတ္တဝါတို့ကို ဖျက်ဆီးနေသော တရားကို ပြဆိုခဲ့ပါ။

၅။ ဤလောက၌ စီးပွားဥစ္စာ လွယ်ကူစွာရရှိပြီး စည်းစိမ်ချမ်းသာ အပြည့်အဝနှင့် နေထိုင်နိုင်ရန် အဘယ်အယုတ်တရားတို့နှင့် ပြည့်စုံရမည်ဟု ဗုဒ္ဓသာရိဝတ္ထုလာသည့်အတိုင်း ပြဆိုခဲ့ပါ။

၆။ စိုက်ပျိုးရေးလုပ်ငန်း၌ ပေါင်းမြက်တို့ကြောင့် သီးနှံနည်းသကဲ့သို့ အလှူအတန်း၌ အကျိုးပေးနည်းအောင် ပြုတတ်သော တရားတို့ကို အကုံရဝတ္ထုလာသည့်အတိုင်း ပြဆိုခဲ့ပါ။

၇။ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် အစားအစာ ကျွေးမွေးစေခဲ့ဘူးသောသူ ရှိဘူးပါသလော? ရှိလျှင် ထိုသူကို နေရပ်နှင့်တကွပြဆိုပါ။

၈။ ဝိသာသပရမာ ဉာဏ်တိ– ဟူသော ပါဠိ၏ အဓိပ္ပါယ်ကို အကျယ်ပြဆိုခဲ့ပါ။

၉။ တာဝတိံသာနတ်ပြည်၌ နတ်သမီးပြစ်လာသော ကျောင်းဒါယိကာမ ရောဟိနီနတ်သမီးကို မြင်ကြရသော နတ်သားလေးဦးနှင့် သိကြားနတ်မင်းတို့၏ စိတ်၌ဖြစ်ပျက်ကြုံကို ၎င်းတို့ ပြောဆိုသည့်အတိုင်း ရေးပြခဲ့ပါ။

၁၀။ မြတ်စွာဘုရားသခင်သည် အဘယ်ပုဂ္ဂိုလ်တို့၏ သောတာပန်ပြစ်လတ်သော အကြောင်းကို မြင်ဖော်မူ၍ အင်္ဂုတ္တရာပတိုင်း ဘဒ္ဒိယမြို့ မြတ်လေးတောင် သိတင်းသုံးတော်မူခဲ့ပါသနည်း? ပြေဆိုခဲ့ပါ။

http://www.dhammadownload.com

ရှမ်းပြည်နယ် (တောင်ပိုင်း)
ဝထမကြိုးတန်း ။ ဝမ္မဝဒဗဟိုဇ္ဈအဋ္ဌကထာဘာသာ (အစဖြေ)

၁။ ဉာတိကလဟဘူပသဓနဝတ္ထု ဂါထာ – ၁၉၇၊ ၈၊ ၉၊ ၌ – ၁၆၆။

၂။ ရောဟိနီခတ္တိယကညာဝတ္ထု ဂါထာ – ၂၂၁၊ ၌ – ၁၉၃။

၃။ **မြင့်မြတ်သော သာရထိ (ရထားထိန်း)**

လိမ္မာသော ရထားထိန်းသည် လျင်မြန်စွာ ပြေးသွားသော ရထားကို လမ်းမလွဲအောင် စောင့်ရှောက်နိုင်သကဲ့သို့ ဖြစ်ပေါ်လာသော အမျက်ဒေါသကို တားမြစ်နိုင်၏၊ ဤကဲ့သို့ သဘောရှိသောသူသည်သာ မြင့်မြတ်သော သာရထိ (ရထားထိန်း) မည်သည်။

အညတရ ဘိက္ခုဝတ္ထု ဂါထာ– ၂၂၂၊ ၌– ၁၉၅၊

၄။ **(ပစ္စည်းလေးပါးကို မဆင်ခြင်မူ၍ သုံးဆောင်သော ရတန်းကို ပိပ်ဒြစ်၍ ပိဏ္ဍုစွာ ဖြစ်ကုန်သော အကုသိလ်ကံတို့က ဒုဂ္ဂတိဘဝသို့ ဆောင်ပို့တုန်း – တု ပိန့်တော်မူသဖြင့်) သတ္တဝါတို့၏ သန္တာန်၌ဖြစ်လျက် သတ္တဝါတို့တို့ ဖျက်ဆီးနေသော တရားကား –**

ပစ္စည်းလေးပါးကို မဆင်ခြင်မူ၍ သုံးဆောင်သော အကုသိလ်ကံဖြစ်သည်၊ ဇာတ်ကြောင်းအရ ပြေဆိုရလျှင် တဏှာ – ဖြစ်သည်။ (တိသဿတ္ထေရဝတ္ထု ဂါထာ – ၂၄၀၊ ၌– ၂၁၉)

၅။ **ပြည့်စုံရမည့် တရားများ**

အရုဏ်အကြောက်မရှိသဖြင့်လည်းကောင်း၊ ရဲတင်းသော ကျိုးကန်းနှင့် တူသဖြင့်လည်းကောင်း၊ သူတစ်ပါး၏ ဂုဏ်ကျေးဇူးကို ဖျက်ဆီးသဖြင့်လည်းကောင်း၊ သူတစ်ပါး ပြုသည်ကို မိမိပြုယောင် ဆောင်သဖြင့်လည်းကောင်း၊ ကိုယ်ကြမ်း, နှုတ်ကြမ်း, နှလုံးကြမ်းဖြင့် ကြမ်းတမ်းသဖြင့်လည်းကောင်း၊ ပြည့်စုံရမည်၊ (ဤသို့ ညစ်ညူးသော

http://www.dhammadownload.com

သူ၏ အဖြစ်ဖြင့် ယုတ်မာသော အသက်မွေးခြင်းသည် စီးပွားဥစ္စာ လွယ်ကူစွာရရှိပြီး စည်းစိမ် ချမ်းသာ အပြည့်အဝနှင့် နေထိုင်နိုင်သည်။

စူဠသာရိဝတ္ထု ဂါထာ - ၂၄၄၊ ၌ - ၂၂၄။

၆။ လယ်ယာတို့ကို ပေါင်းမြက်တို့က ဖျက်ဆီးကုန်၏၊ သတ္တဝါအပေါင်းတို့ကို ရာဂ, ဒေါသ, မောဟ - အလိုရမ္မက်တို့က ဖျက်ဆီးကုန်၏၊ ထို့ကြောင့် ရာဂ, ဒေါသ စသော တရားတို့ကင်းသော ပုဂ္ဂိုလ်တို့၌ အလှူပေးခြင်းသည် အကျိုးကြီး၏ - ဟု ဟောတော်မူသဖြင့် အလှူအတန်းတို့၌ အကျိုးပေးနည်းအောင် ပြုတတ်သောတရားတို့ကား ရာဂ, ဒေါသ, မောဟ - အလိုရမ္မက်တို့ဖြစ်ကြသည်။

(အကိုရဝတ္ထု ဂါထာ- ၃၅၆၊ ဂျ၊ ၈၊ ၉၊ ၌- ၃၅၆)

ဂျ။ ရှိနိုင်ပါသည်။

အာဠဝိမြို့သား လူဆင်းရဲတစ်ယောက်ဖြစ်သည်။

ကေဠပါသကဝတ္ထု ၌ - ၁၅၀။

၈။ **ဝိဿာသပရမာ ဉာတိ**

မိတ်ပင် ဖြစ်စေကာမူ အကျွမ်းဝင်မှုမရှိလျှင် ထိုမိတ်သည်ပင် ဆွေမျိုးမမည်ပေ၊ အကျွမ်းဝင်မှုရှိလျှင် သွေးသားမစပ်သော်လည်း ဆွေမျိုးမတော်သူသည် လွန်မြတ်သော (လွန်ကဲသော) ဆွေမျိုးမည်၏ - ဟု မှတ်လေ။

ပသေနဒိကောသလဝတ္ထု ၌ - ၁၅၃။

၉။ **ပထမနတ်သား** - ကျွန်တော်မျိုး၏ သန္တာန်၌ဖြစ်သော စိတ်ကား စစ်မြေပြင်၌ စည်ကြိုးကဲ့သို့ ငြိမ်သက်ခြင်းငှါ မတတ်နိုင်ပါ - ဟုဆိုသည်။

ဒုတိယနတ်သား - ကျွန်တော်မျိုး၏ စိတ်ကား တောင်ကျမြစ်ကဲ့သို့ လျင်မြန်စွာ ဖြစ်လျက် ရှိပါသည် - ဟုဆိုသည်။

http://www.dhammadownload.com

တတိယနတ်သား –ကျွန်တော်မျိုး၏ စိတ်တို့သည် ဤနတ်သမီးကို မြင်ရသောအခါမှ စ၍ ပုဒ္ဓန်မျက်စိကဲ့သို့ ပြူးထွက်ကုန်ပါသည် – ဟု ဆိုသည်။

စတုတ္ထနတ်သား – ကျွန်တော်မျိုး၏ စိတ်သည် ဧဝတိ၌ စိုက်ထားအပ်သော တုံခွန်ကဲ့သို့ မတုန်မလှုပ် တည်တုံခြင်းငှါ မတတ်နိုင်ပါ – ဟုဆိုသည်။

သိကြားမင်း – အမောင်နတ်သားတို့ သင်တို့၏ စိတ်တို့သည် နှိမ်နင်းနိုင်သော သဘောရှိ ကြကုန်သေး၏၊ ဤသည်ကား – ဤနတ်သမီးကို ရသည်ရှိသော် အသက်ရှင်အံ့၊ မရသည်ရှိသော် ဤအား သေရခြင်း ဖြစ်လတ္တံ့ – ဟုဆိုသည်။

ရောဟိနီစတ္တိယကညာဝတ္ထု ၌ – ၁၉၄။

၁၀။ မေဏ္ဍကသူဌေးကြီး၊ သူဌေးမယား စန္ဒပဒုမာ၊ သူဌေးသား ဓနဉ္စယ၊ ချွေးမ သုမနဒေဝီ၊ မြေး ဝိသာခါ၊ ကျွန် ပုဏ္ဏ – ဤပုဂ္ဂိုလ်တို့၏ သောတာပန်ဖြစ်လတ္တံ့သော အကြောင်းကို မြင်တော်မူ၍ မြတ်စွာဘုရားသည် အဂ်ိတ္တရာပတိုင်း၊ ဘဒ္ဒိယမြို့ မြတ်လေးတောင်၌ သီတင်းသုံးတော်မူခဲ့သည်။ မေဏ္ဍကသေဋ္ဌိဝတ္ထု ၌ – ၂၃၂။

ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရုံးပြည်နယ်) မြောက်ပိုင်း
ဝထမကြီးတန်း ဧမပဝဒဘာသာ
၁၃၆၅–ခုနှစ်၊ ဇွောင်းတန်ခူးလဆန်း (၁၄)ရက် (၃–၄–၂၀၀၄)စနေနေ့

၁။ အောက်ဖော်ပြပါ ဂါထာတို့တွင် ကုန်စင်အောင် ပါဠိဖွဲ့ရေးပါ –

(က) သုခဝဂ် တိသဿတ္ထေရ ဝတ္ထုလာဂါထာ၊

(ခ) ကောဓဝဂ် ဗုဒ္ဓပိတုပြာဟ္မဏ ဝတ္ထုလာ ဂါထာ။

http://www.dhammadownload.com

၂။ ပကိဏ္ဏကဝဂ် ဒါန္ဒိယဘိက္ခုဝတ္ထုလာ အာသဝေါတရားတိုးပွားသော ပုဂ္ဂိုလ်, ချုပ်ငြိမ်းသော ပုဂ္ဂိုလ်တို့ကို ဟောညွှန်ပြသည့်ဂါထာ ပါဠိတို့ကို အနက်ယောဇနာခဲ့ပါ။

၃။ လောကဌ် ပေါင်းသင်းမှီဝဲသင့်သော ပုဂ္ဂိုလ်၏ အရည်အချင်းကို သူတော်ကောင်းအပေါင်း အဖော် မရရှိခဲ့သော်လည်း မည်သို့ မည်ပုံကျင့်သုံးသင့်သည်ကို နာဂဝဂ်သမ္မဟုလ ဘိက္ခု ဝတ္ထုအရ ဖော်ပြခဲ့ပါ။

၄။ ဘုရားရှင်သည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံခါနီး အချိန်ဝယ် သုဘဒ္ဒပရိဗ္ဗိဇ်အား ဟောကြားသော တရားဒေသနာတော်ကို ဖော်ပြပါ။

၅။ သင်္ကန်းဝတ်ထား ဆွမ်းခံစားတတ်ရုံမျှဖြင့် ရဟန်းဘိက္ခုဟု ခေါ်နိုင်/မခေါ်နိုင် ဓမ္မဋ္ဌဝဂ် အညတရဗြာဟ္မဏဝတ္ထုနှင့်အညီ ဖြေဆိုပါ။

၆။ ဥပက မည်သော ထက္ကတွန်းကို အကြောင်းပြု၍ ဘုရားရှင်ဟောကြားသော တရားဓမ္မကို ဖော်ပြပါ။

၇။ ရောဟိနီမင်းသမီး၏ ကိုယ်ရေပြားရောဂါဖြစ်ရခြင်းအကြောင်းကို ဖော်ပြ၍ ယင်းရောဂါ ပျောက်ကင်းအောင် နောင်တော် အနုရုဒ္ဓါ၏ လမ်းညွှန်မှုကိုလည်း ဖော်ပြပါ။

၈။ သေရည်အရက်ကို သောက်ခြင်း၏ မျက်မှောက်ဘဝ၌ တွေ့ကြုံရမည့်အပြစ်နှင့် နာမလွန်ဘဝခံစားရမည့် အပြစ်တို့ကို ဖော်ပြ၍၊ ကျောင်းအမ ဝိသာခါ၏ အဖိုး, အဖွား, အမိ, အဖတို့၏ နာမည်များကိုလည်း ဖော်ပြပါ။

၉။ သားသမီးနှင့် မိတ်ဆွေမျိုးများ ရှိကြသော်လည်း တကယ့်အရေး တကယ့်အားကြုံလာလျှင် အားထားကိုးကွယ်ရာအစစ် မဖြစ်နိုင်ပုံကို ဖြေဆို၍၊ ဘုရားရှင်လက်ထက်တော်ကာလ၌ ကြီးကျယ်ခမ်းနားသော အစည်းအဝေးပွဲများကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com

၃၀။ အလှူအားလုံးတွင် တရားအလှူသာလျှင် အမြတ်ဆုံး, သာလွန်ဆုံး ဖြစ်ခြင်းအကြောင်းကို ဖြေဆိုပြီး၊ တရားပွဲတွင် သတ္တဝါအားလုံးတို့အား ကုသိုလ်၏ အဖို့ဘာဂ အမျှပေးဝေမှု စတင်ဖြစ်ပေါ်လာပုံကို သိသာရုံ ဖြေဆိုပါ။

ရှမ်းပြည်နယ် (မြောက်ပိုင်း)
ပထမကြိုးတန်း။ ။ဗမာပဒေသာသာ (အဖြေ)

၁။ (က) တိသဿတ္ထေရဝတ္ထု ဂါထာ ၂၀၅၊ ဒု- ၁၇၄။
(ခ) ဗုဒ္ဓဗိတု ဗြာဟ္မဏဝတ္ထု ဂါထာ ၂၂၅၊ ဒု- ၂၀၆။

၂။ ဘဒ္ဒိယဘိက္ခုဝတ္ထု ဂါထာ ၂၉၂၊ ၃၊ ဒု- ၂၈၂။

၃။ **မိုဝဲပေါင်းသင်းသင့်သော ပုဂ္ဂိုလ်၏ အရည်အချင်း**

ရင့်ပြီးသော ပညာနှင့် ပြည့်စုံခြင်း၊ အတူတကွကျင့်ဖော်ဖြစ်ခြင်း၊ ကောင်းသောနေရင်း ရှိခြင်း၊ မြင်မိသော ပညာရှိခြင်း (ဤအဂါတို့နှင့် ပြည့်စုံသောသူသည် ပေါင်းသင်းဖို့ဝဲသင့်သော ပုဂ္ဂိုလ်ဖြစ်သည်။)

အထက်ပါအဂါတို့နှင့် ပြည့်စုံသော သူတော်ကောင်းအပေါင်း အဖော်ကို မရခဲ့သော် တစ်ယောက်အထီးတည်း ကျင့်ရန်ရှိမည်၊ ဥပမာအားဖြင့်ကား မင်းသည်အောင်မြေဖြစ်သော တိုင်းပြည်ကို ပယ်စွန့်၍ တစ်ယောက်အထီးကသာလျှင် ကျင့်သကဲ့သို့လည်းကောင်း၊ မာတင် မည်သော ဆင်ပြောင်ကြီးသည် တောအုပ်၌ တစ်စီးချင်း (တစ်စီးတည်း)သာလျှင် ကျင့်သကဲ့သို့လည်းကောင်းတည်း။ (သမ္မဟုလဘိက္ခုဝတ္ထု ဂါထာ ၃၂၈၊ ၉၊ ဒု- ၃၂၂။)

၄။ ကောင်းကင်၌ ခြေရာမရှိ၊ သာသနာပြင်ပ၌ မင်္ဂလ ဖိုလ်ရ ရဟန်းမရှိ၊ သတ္တဝါတို့သည် သံသရာစက်ကို ချဲ့ထွင်တတ်သော (တဏှာ-မာန-ဒိဋ္ဌိ) တရား၌ မွေ့လျော်ကုန်၏၊ ဘုရားရှင်တို့သည် သံသရာစက်ကို ချဲ့ထွင်တတ်ကုန်သော ပပဉ္စတရား (တဏှာ-မာန-ဒိဋ္ဌိ) တို့ မရှိကြကုန်။

http://www.dhammadownload.com

မြဲကုန်သော သခါရတရားတို့သည် မရှိကုန်၊ ဘုရားရှင်တို့အား (တဏှာ-မာန-ဒိဋ္ဌိ) တို့ဖြင့် တုန်လှုပ်ခြင်း မရှိ။ (ဂါထာ ၂၅၄၊ ၅၊ ၌- ၂၄၀။)

၅။ သူတစ်ပါးတို့ထံ တောင်းစားတတ်ကာမျှဖြင့် ရဟန်း မမည်၊ တရားနှင့် မညီသော ကာယကံစသော မကောင်းသောအကျင့်ကို ဆောက်တည်၍ ကျင့်ကာမျှဖြင့် ရဟန်း မမည်။

သာသနာတော်၌ မြတ်သောအကျင့်ရှိသည် ဖြစ်၍ ကောင်းမှု မကောင်းမှုကို မင်ဉာဏ်ဖြင့် အပပြု၍ ခန္ဓာငါးပါးဟူသော လောကကို ဉာဏ်ဖြင့် ဆင်ခြင်၍ ကျင့်သူကို ရဟန်းဟု ဆိုအပ်သည်။ (ဂါထာ ၂၆၆၊ ၇၊ ၌- ၂၄၈။)

၆။ ဥပက ငါသည် - အလုံးစုံသော တေဘူကမ တရားတို့ကို နိပ်နှင်းဖျက်ဆီးပြီး ဖြစ်၏၊ အလုံးစုံသော ဘုံလေးပါး၌ ရှိသောတရားတို့ကို သိပြီးဖြစ်၏၊ အလုံးစုံကုန်သော တေဘူမကတရားတို့၌ တဏှာ ဇွဲတို့ဖြင့် မလိမ်းကျံ၊ အလုံးစုံကုန်သော တေဘူမကတရားတို့ကို စွန့်၍ တည်ပြီ၊ တဏှာကုန်ရာအရဟတ္တဖိုလ်၌ ကင်းလွတ်သော စိတ်ရှိပြီးပြီ၊ ကိုယ်တိုင် သစ္စာလေးပါး တရားကို သိပြီးဖြစ်၍ အဘယ်သူ့ကို ''ဤသူ ငါ့ဆရာ''ဟူ၍ ညွှန်ပြရအံ့နည်း။

ဂါထာ ၃၅၃၊ ၌- ၃၅၀။

၇။ ရှေးအခါက ဗာရာဏသီပြည့်ရှင်မင်းကြီး၏ မိဖုရားကြီးသည် ကချေသည်မ တစ်ယောက်အား ရန်ငြိုးဖွဲ့ပြီးလျှင် ထိုကချေသည်မအား မိမိအထံသို့ခေါ်ဆောင်ကာ ကချေသည်မလေး မသိအောင် သူမ၏ အိပ်ရာ, အပေါ်လွှမ်းစုလျား, ကော်ဇောအခင်း စသည်တို့၌ ခွေးလေး(ခွေးလျား) သိးမွှန့်တို့ကို ထားစေသည်၊ ပြက်ရယ်မှု ပြုသကဲ့သို့ ထိုကချေသည်မလေး၏ ကိုယ်၌လည်း ဖြန့်ကြဲလေသည်၊ ထိုကချေမလေး၏ ကိုယ်မှာ အဖုကြီးများဖြစ်ကာ လွန်စွာဆင်းရဲလှသော ဝေဒနာကို ခံစားရရှာလေသည်၊ ထိုအခါက မိဖုရားကြီးကား ယခု ရောဟိနီဖြစ်လာလေသည်။

http://www.dhammadownload.com

ထိုအကုသိုလ်ကံ၏ အကျိုးဆက်ကြောင့် ယခု ရောဟိနိမင်းသမီးဖြစ်လာသောအခါ ကိုယ်ရေပြားရောဂါသည် သူမ၏ ခန္ဓာကိုယ်၌ စွဲကပ်လေတော့၏။

ယင်းရောဂါပျောက်ကင်းအောင် –

အရှင်အနုရုဒ္ဓါသည် ညီမဖြစ်သူ ရောဟိနီကို ခေါ်စေကာ တန်ဝိုးတစ်သောင်းထိုက်တန်သော သူမ၏ ဝတ်ဆင်အပ်သော တန်ဆာကို စွန့်လွှတ်ရောင်းချစေပြီး ဘုံခုနစ်ဆင့်ရှိသော ဆွမ်းစားဇရပ် ဆောက်လုပ်လှူဒါန်းစေသည်၊ မိမိကိုယ်တိုင်လည်း စိမ်ခန့်ခွဲသည်၊ အထက်ထပ်၌ ပျဉ်ချပ်တို့ကို ခင်းသောကာလမှ စ၍ ဇရပ်၏ အောက်ထပ်ကို အပြီးမပြတ် တံမြက်လှဲ၍ နေရာတို့ကို ခင်းကျင်းစေသည်၊ အပြီးမပြတ် သောက်ရေအိုးတို့ကို တည်ထားစေသည်၊ ရောဟိနီသည်လည်း မထေရ်မိုင်းသည့် အတိုင်းပြုလုပ်လေသည်၊ ထိုအခါ ရောဟိနီဆွမ်းစားဇရပ်ကို တံမြက်လှည်းစဉ်သာလျှင် သူမ၏ ခန္ဓာကိုယ် အရေခွံဖြစ်သော အနာရောဂါသည်သို့နွမ်းလေတော့၏၊ ထို့နောက် ဘုရားအမှူးရှိသော သံဃာတော်များအား ပင့်ဖိတ်ကာ ဆွမ်းစားဇရပ် ရေစက်ချ ကုသိုလ် ကောင်းမှုပြုလုပ်သည်။

(၌– ၁၉၂၊ ၃။)

၈။ သေရည်အရက်ကို သောက်သူသည် မျက်မှောက်ဘဝ၌ပင်လျှင် လယ်ယာစသော ပစ္စည်းဂုဏ်းကို မတည်စေမူ၍ငင်း၊ စွန့်လွှတ်၍ငင်း၊ သေအရက်ကို သောက်လျက် မိမိ၏ (လယ်ယာစသော) ပစ္စည်းဂုဏ်းကို တူးပြိုဖျက်ဆီးပစ်၏၊ ထိုသူသည် ကိုးကွယ်ရာမဲ့လျက် အထီးကျန်ကာ လှည့်လည်ရလေတော့၏။

တမလွန်ဘဝ၌လည်း ကိုယ်ကျင့်သီလကို ဖောက်ဖျက်သော အကုသိုလ်တို့က ငရဲဒုက္ခစသည်တို့ကို ကြာမြင့်စွာ ခံစားစေသည်၊ (အရက်သောက်ခြင်း၊ အကုသိုလ်ကံသောက်သူကို ငရဲဒုက္ခဖြစ်အောင် ရစ်ပတ်ဖွဲ့နှောင်ထား၏သည်– ဟူ၍ ဟောတော်မူသည်။

(၌– ၂၂၇။)

http://www.dhammadownload.com

ကျောင်းအပတိသာဒါ၏ -

အပိုး - သူဌေးကြီး မေဏ္ဍက
အဗွား - သူဌေးကတော် စန္ဒပဒုမာ
အမိ - သုမနဒေဝီ
အဖ - ဓနဥယ - တို့ ဖြစ်ကြသည်။ (၄- ၂၃၂။)

၉။ အစဉ်မပြတ်ဖြစ်နေသော ပဝတ္တိအဒါ၌ သားသမီးစသော သူတို့သည် ထမင်းအဖျော်စသည် ပေးသနြွတ်ထင်။ ဖြစ်ပေါ်လာသော ကိစ္စကို ထုတ်ဆောင်ပေးခြင်းဖြင့်ထင်။ အားထားရာဖြစ်ကြကုန်သော်လည်း သေခါနီးသောအခါ၌ တစ်စုံတစ်ခုသောအကြောင်းဖြင့် သေခြင်းကို တားဆီး ပိတ်ပင်ခြင်းဟု မမှတ်မိနိုင်သောကြောင့် သားသမီးနှင့် မိဘဆွေမျိုးများ ရှိကြသော်လည်း တကယ့်အရေး, တကယ့်ဘေး ကြုံလာလျှင် အားထားကိုးကွယ်ရာ အစစ်မဖြစ်နိုင်ပေ။ (၄- ၂၇၁၊ ၂။)

ကြိုးတျယ်ခင်းနားသော အစည်းအဝေးများ

၁။ ယမကပါဋိဟာရိယ သဝဏ
၂။ ဒေဝေါရောဟဏသမာဂမ
၃။ ဂဂဏေါရောဟဏသမာဂမ- တို့ဖြစ်ကြသည်။ (၄- ၂၇၇။)

၁၀။ **တရားအလှူအပြတ်ဆုံး**

စကြဝဠာတိုက်၌ ဗြာဟ္မာပြည်တိုင်အောင် ကွက်လပ်မရှိနေထိုင်ကြကုန်သော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့အား ပစ္စည်းလေးပါး လှူဒါန်းကုန်သော ပုဂ္ဂိုလ်တို့သည် တရားတော်ကို နာကြားရမှသာ ပြုနိုင်ကုန်၏၊ မနာကြားရသော် မပြုနိုင်ကြကုန်၊ သတ္တဝါတို့သည် အကယ်၍ တရားမနာရကုန်သည်ရှိသော် တစ်ယောက်ချို့မှသော ယာဂုကိုလည်းကောင်း၊ တစ်ယောက်မျှသော ဆွမ်းကိုလည်းကောင်း မလှူဒါန်းနိုင်ကြကုန်၊ ဤသို့သော အကြောင်းကြောင့် အလိုးစုံသော အလှူတို့ထက် တရားအလှူသာလျှင် အမြတ်ဆုံးဖြစ်သည်။

http://www.dhammadownload.com

တစ်နည်း -

ဘုရားပစ္စေကဗုဒ္ဓါတို့ကို ဖယ်ထား၍ တစ်ကမ္ဘာပတ်လုံး ရှာသွန်းသော ဦးဠှ ရေပေါက်တို့ကို ရေတွက်ခြင်းဟု စွမ်းနိုင်သော ပညာသခင် အရှင်သာရိပုတ္တရာစသည်တို့သော်မှလည်း ဖိဖိ၏ သဘောအားဖြင့် သောတာပတ္တိဖိုလ်စသည်တို့ကို ရခြင်းဟု မစွမ်းနိုင်ကြကုန်၊ အရှင်အသဒိမထေရ် စသည်တို့ ဟောကြားအပ်သော တရားတော်ကို နာကြားရမှသာ သောတာပတ္တိ ဖိုလ်ကို မျက်မှောက်ပြုနိုင်ကြလေသည်၊ မြတ်စွာဘုရား၏ တရားဒေသနာဖြင့် သာဝကပါရမီဉာဏ်တော်ကို မျက်မှောက်ပြုနိုင်ကြလေသည်၊ ဤအကြောင်းကြောင့်လည်း အလုံးစုံသောအလှူတို့ထက် တရားအလှူသည်သာလျှင် အမြတ်ဆုံးဖြစ်သည်။

(၌- ၃၅၂။)

ကုသိုလ်အမျှပေးဝေကြရန် -

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ- အစရှိသော ဂါထာကို ကြားနာရပြီးသော သိကြားမင်းသည် မြတ်စွာဘုရားရှင်ကို ရှိခိုးလျက် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤသို့ အကြီးအမြတ်ဆုံးဖြစ်သည်မည်သော တရားအလှူကို ပေးလှူရာ၌ အဘယ်ကြောင်းကြောင့် တပည့်တော်တို့အား ကုသိုလ်အဖို့ကို မပေးဝေဘဲ နေကြပါသနည်း၊ ဤနေ့မှစ၍ ရဟန်းသံဃာတော်အပေါင်းအား တရားဟောကြားပြီးလျှင် တပည့်တော်တို့အလို့ငှါ ကုသိုလ်အဖို့ကိုပေးဝေစေတော် မူကြပါဘုရား" ဟု လျောက်ကြားသည့်အတွက် မြတ်စွာဘုရားသည် ရဟန်းသံဃာတော်အပေါင်းကို စုဝေးစေပြီး "တရားဟောကြားပြီးတိုင်း သတ္တဝါအားလုံးတို့အား ကုသိုလ်အဖို့ကို ပေးဝေကြကုန်လော့" ဟူ၍ မိန့်တော်မူပြီးသည်မှ စ၍ တရားပွဲတွင် သတ္တဝါအားလုံးတို့အား ကုသိုလ်အဖို့ဘာဂ အမျှပေးဝေမှု စတင်ဖြစ်ပေါ်လာခဲ့သည်။

(၌- ၃၅၃။)

http://www.dhammadownload.com

ပထမပြန်စာမေးပွဲတျင်းပရေးဗတိုအဖွဲ့ခွဲ (ရန်ိုင်ပြည်နယ်)
ပထမကြီးတန်း။ ။ဝမ္မပဒ ဘာသာ
၁၃၆၅-ခုနှစ် နှောင်းတန်ခူးလဆန်း (၁)ရက် (၁၂-၄-၂၀၀၃)ကြာသပတေးနေ့

၁။ ဒါန သီလ ဘာဝနာ တည်းဟူသော ကောင်းမှုကို အားထုတ်မှုမရှိသော သက်ကြီးရွယ်အို ဒါယကာအား ဗုဒ္ဓဆုံးမတော်မူသော မလဝဂ် ၈၊ယာတကဝတ္ထုလာ နောက်ဆုံး ၂-၊ထာကို ပါဠိပေးပါ။

၂။ ရှေးပညာရှိတို့သည် အိုင်အမြဲဆုံးဖြစ်သော အနှောင်အဖွဲ့ကို ဖြတ်တောက်နိုင်သောကြောင့်မား အားထုတ်ပုံကို ပြဆိုသော တဏှာဝဂ်လာ ၈၊ထာတို့ကို အနက်ပေးပြပါ။

၃။ သုခဝဂ် သက္ကဝတ္ထု၌ မိဆာဝအထက်တန်းကျရေးအတွက် ဖိုခဲဆည်းကပ်သင့်သူကိုဥပမာ နှင့်ဖော်ပြပြီးလျှင်၊ လိမ္မာသောရထားထိမ်းဖြစ်အောင် ပြုကျင့်ရမည့်နည်းလမ်းကို ကောဓဝဂ်နှင့် အညီဖြေဆိုပါ။

၄။ နတ်ပြည်ရောက်ကြောင်းတရားတို့ကို မဟာမောဂ္ဂလာန ပဉ္စဝတ္ထုအရ ဖြေဆို၍၊ နေ့ည မပြတ်စာညကြည်မှု (သမာဓိ) မရသူ/ရသူတို့ကို ''တိဿဒဟရ'' ဝတ္ထုအရဖြေဆိုပါ။

၅။ (က) အသိပညာတိုးပွားကြောင်း၊ (ခ) အသိပညာဆုတ်ယုတ်ကြောင်း၊ (ဂ) ဇာတိစသော ဘေးကို ဖြစ်စေတတ်သော တရား၊ (ဃ) နိဗ္ဗာန်ရောက်ကြောင်းတရားတို့ကို မဂ္ဂဝဂ်လာ အတိုင်း ဖြေဆိုပါ။

၆။ မေ့ပဒပါဠိတော် နာဂဝဂ်လာ ချမ်းသာ ၁၂-မျိုးတို့ကို ပြည့်စုံအောင်ရေးသားပြပါ။

၇။ ပဝေနဒီကောသလမင်ကြီးအား ဗုဒ္ဓဟောကြားတော်မူသော အစားကြိုးသူတို့ ရရှိနိုင်သည့် အပြစ်တို့ကို အဋ္ဌကထာနှင့်အညီ ဖော်ပြပြီး၊ လူနှံ့ကို အကောင်ပုပ်ကဲ့သို့ စက်ဆုပ်ရွံရှာသော

http://www.dhammadownload.com

သိကြားမင်းသည် သွေးဝမ်းသွားတော်မူသော ဗုဒ္ဓအားအဘယ့်ကြောင့် လာရောက်ပြုစုပါသနည်း ဖြေဆိုပါ။

၈။ ဘိုကွန္ဒရက်ပ်ရောက်နေစဉ် ပစ္စေကဗုဒ္ဓါအား မိမိ၏ ဝေစုရဆွမ်းကို လှူဒါန်းသော သူဌေးကျွန် မောင်ပုဏ္ဏ၏ ဆုတောင်းနှင့် စစ်သူကြီးရာထူးစသည်ကို ဆုမတောင်းခြင်း အကြောင်းကိုလည်း ရေးသားဖြေဆိုပါ။

၉။ မဟုတ်မမှန်လုပ်ကြံပြောဆိုမှု အကုသိုလ်ကံ၏ ကြောက်လန့်ဖွယ်ကောင်းပုံကို မဂ္ဂဝက်သူကရ ပေတဝတ္ထု အဋ္ဌကထာအတိုင်းအကျဉ်းဖော်ပြပြီး၊ တရားနှင့်အသွိမာနတို့ကိုအမိ အဖဟု ခေါ်ဆိုရကြောင်းကိုလည်း ဖြေဆိုပါ။

၁၀။ မိမိပိုင်ပစ္စည်းများအား ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးရအောင် အပရာဇိတသူဌေး၏ ဆုတောင်းပုံကို ဇဋိလဝတ္ထုလာအတိုင်းပေါ်လွင်အောင် ရေးသားပြပါ။

ရခိုင်ပြည်နယ်

ပထမကြီးတန်း။ ။မဲမွေပဒ ဘာသာ (အဖြေ)

၁။ ဂေါဃာတကပုတ္တဝတ္ထု ဂါထာ ၂၃၅၊ ၆၊ ၌- ၂၁၅။

၂။ ဗန္ဓနာဂါရဝတ္ထု ဂါထာ ၃၄၆၊ ၌- ၂၁၅။
ခေမာထေရီဝတ္ထု ဂါထာ ၃၄၇၊ ၌- ၃၄၀။

၃။ တည်ကြည်လည်း တည်ကြည်သော်, ပညာလည်းရှိသော အကြားအမြင်လည်းများသော, မဂ်ဖိုလ်ဟူသော ဝန်ကိုလည်း ဆောင်လေ့ရှိသော, သီလဓုတင် ဖြူစင်သော အကျင့်လည်း ရှိသော, မြတ်သော သဘောရှိသော ပညာရှိသူတော်ကောင်းကို လမင်းသည် နက္ခတ်တာရာတို့ သွားရာ လမ်းခရီးကို ချည်းကပ်သကဲ့သို့ မှီဝဲဆည်းကပ်ရမည်။

(သက္ကဝတ္ထု ဂါထာ ၂၀၈၊ ၌- ၁၇၆။)

http://www.dhammadownload.com

လိမ္မာသော ရထားထိန်းသည် လျင်မြန်စွာပြေးသွားသော ရထားကို လမ်းမလွဲအောင် စောင့်ရှောက်နိုင်သကဲ့သို့ ဖြစ်ပေါ်လာသော အမျက်ဒေါသကို စောင့်ရှောက်ရမည်။ (ထိုသူသည်သာ လိမ္မာသော ရထားထိန်းဖြစ်သည်။)

(အညတရဘိက္ခုဝတ္ထု ဂါထာ ၂၂၂၊ ဋ္ဌ- ၁၉၅။)

၄။ **နှတ်ပြည်ရောက်ကြောင်းတရားများ**

၁။ မှန်ကန်သောစကားကို ဆိုခြင်း၊

၂။ အမျက်မထွက်ခြင်း၊

၃။ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူခြင်းတို့ဖြစ်သည်၊

(ဂါထာ ၂၂၄၊ ဋ္ဌ- ၂၀၃။)

လူအပေါင်းသည် တစ်ခုံတစ်ယောက်အား ယုံကြည်သည့်အလျောက် ကြည်ညိုသည့်အလျောက် ပေးကမ်းလှူဒါန်း၏၊ စားဖွယ် သောက်ဖွယ်ကို သူတစ်ပါးတို့အား ပေးလှူရာ၌ မျက်နှာမသာယာသောသူသည် နေ့အခါ၌ငင်း၊ ည၌အခါ၌ငင်း၊ စိတ်တည်ကြည်မှု (သမာဓိ)ကို မရပေ။

အကြင်သူသည်ကား မျက်နှာမသာယာမှုသဘောကို အကြွင်းမဲ့ပြတ်ပြီး၏၊ အမြဲပြတ်ပယ်နုတ်ပြီးဖြစ်၏၊ ထိုသူသည် နေ့အခါ၌ငင်း၊ ည၌အခါ၌ငင်း၊ စိတ်တည်ကြည်မှု (သမာဓိ)ကို ကောန်ရပေ၏။ (ဂါထာ ၂၄၉၊ ၂၅၀၊ ဋ္ဌ- ၂၂၉။)

၅။ (က) ၃၈-ပါးသော ကမ္မဋ္ဌာန်းတို့၌ အသင့်အတင့် နှလုံးသွင်းခြင်းသည် အသိပညာတိုးပွားကြောင်းဖြစ်၏။

(ခ) အသင့်အတင့် နှလုံးမသွင်းခြင်းသည် အသိပညာ ဆုတ်ယုတ်ကြောင်းဖြစ်၏။

(ဂါထာ ၂၈၂၊ ဋ္ဌ- ၂၆၃။)

(ဂ) တဏှာဟူသော တောသည် ဇာတိစသော ဘေးကို ဖြစ်စေတတ်၏။

(ဂါထာ ၂၈၃၊ ဋ္ဌ- ၂၆၅။)

http://www.dhammadownload.com

(ဃ) အဌကထာ မဂ်တရားသည် နိဗ္ဗာန်ရောက်ကြောင်းတရားဖြစ်၏။

(ဂါထာ ၂၈၅၊ ၌- ၂၆၈။)

၆။ **ချမ်းသာ ၁၂-မျိုးတား**

၁။ အဆွေခင်ပွန်းရှိခြင်း၊
၂။ ရရသမျှသော ပစ္စည်းဥစ္စာဖြင့် ရောင့်ရဲခြင်း၊
၃။ ကုသိုလ်ကောင်းမှုရှိခြင်း၊
၄။ ဆင်းရဲအလုံးစုံကို ပယ်ခြင်း၊
၅။ အမိကို ပြုစုလုပ်ကျွေးခြင်း၊
၆။ အဖကို ပြုစုလုပ်ကျွေးခြင်း၊
၇။ ရဟန်းတို့ကို ပြုစုလုပ်ကျွေးခြင်း၊
၈။ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကို ပြုစုလုပ်ကျွေးခြင်း၊
၉။ သီလရှိခြင်း
၁၀။ သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်း၊
၁၁။ ပညာကို ရရှိခြင်း၊
၁၂။ မကောင်းမှုကို မပြုခြင်း - တို့ ဖြစ်သည်။

(ဂါထာ ၃၃၁၊ ၂၊ ၃၊ ၌- ၃၂၅။)

၇။ **အစားကြိုးသူတို့ ရနိုင်သည့် အကြွစ်များတား**

(၁) ဝိုက်မျှင်းတတ်ခြင်း၊
(၂) အတိုင်းအရှည်မရှိ များစွာ အစားကြူးတတ်ခြင်း၊
(၃) အိမ်ဝက်ကြီးကဲ့သို့ ဝိုက်မျှင်းခြင်း အလေ့ရှိသည်ဖြစ်၍ တပြောင်းပြန်ပြန် လူးလည်း၍ အိပ်လေ့ရှိခြင်း၊
(၄) အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော လက္ခဏာတို့ကို နှလုံးသွင်းခြင်းငှါ မစွမ်းနိုင်ခြင်း၊
(၅) အဖန်တလဲလဲ အမိဝမ်းဗိုက်သို့ ကပ်ရောက်ခြင်း- တို့ဖြစ်သည်။

(၌- ၁၇၂။)

http://www.dhammadownload.com

သေဘေးမှ ထိတ်လန့်ကြောက်ရွံ့သည်ဖြစ်၍ ပဉ္စသိခမည်သော ဂန္ဓဗ္ဗနတ်သားကို ရှေ့သွားပြုသဖြင့် ရောက်လာသောအခါ ဤနေ့သာလ မည်သော လိုက်ဂူ၌ နတ်ပရိတ် အလယ်တွင် နေသော သိကြားမင်းအား ယုံမှားသံသယကိုပယ်ဖျောက်တော်မူလျက် တရားဟောတော်မူသည်၊ သိကြားမင်းသည် ထို၌ နေမြဲတိုင်းသာလျှင် သောတာပတ္တိဖိုလ်သို့ ရောက်၍ သိကြားအိုအဖြစ်မှ သိကြားပျိုပြန်ဖြစ်လာရသည်၊ ဤသို့လျှင် သိကြားမင်းအား မြတ်စွာဘုရားသည် များသောကျေးဇူးရှိဘူးသောကြောင့် သိကြားမင်းသည် သွေးဝမ်းသွားတော်မူသော ဗုဒ္ဓအား လာရောက်ပြုစုသည်။

(၌– ၁၆၅။)

၈။ **ပုဏ္ဏ၏ ဆုတောင်း**

"ဤခန္ဓာကိုယ်အဖြစ်မှ စ၍ ထိုမှတ်ခြင်းသဘောကို မကြုံတွေ့ရပါလို၊ အလုံးစုံသော သခင်တို့သည်သာ ဖြစ်ကြပါစေကုန်သတည်း။ လယ်ထွန်သည်ရှိသော် လက်ယာဘက်၌ သုံးခု, လက်ဝဲဘက်၌သုံးခု, အလယ်၌တစ်ခု၊ ဤသို့အားဖြင့် သစ်သားကျင်းမျှ အတိုင်းအရှည်ရှိ ကုန်သော ခုနစ်ခု, ခုနစ်ခုသော အရေးအသားတို့သည် ဖြစ်ပါစေကုန်သတည်း" ဟု ဆုတောင်းသည်။

စစ်သူကြီးရာထူးစသည်တို့ ဆုမတောင်းခြင်းအကြောင်း

ပုဏ္ဏကျွန်သည် စစ်သူကြီးအရာကို တောင့်တ၍ ရခြင်းငှါစွမ်းနိုင်ပါသော်လည်း သခင်တို့၌ ချစ်ခင်လှသောကြောင့် "ဤသခင်တို့သည်သာ ဖြစ်ကြပါစေကုန်သတည်း" ဟု ဆုတောင်း ခြင်းအမှုကို ပြုရာလေသည်။ (၌– ၂၃၆။)

၉။ ကဿပ မြတ်စွာဘုရားရှင်လက်ထက်၌ ရွာငယ်တစ်ခုတွင် ငါးခြောက်ဆယ်ရာ မထေရ်ကြီး နှင့် ငါးဆယ့်ကိုးဝါရှိ မထေရ်တစ်ပါးတို့ အမိဝမ်းမှ ပေါက်ဖွားလာကြသူများပမာ ညီညွတ်စွာ သီတင်းသုံးနေထိုင်ကြသည်။

ထိုအရပ်သို့ ရောက်လာသော ဓမ္မကထိက ရဟန်းတစ်ပါးကို တရားပွဲကျင်းပကာ တရားဟောစေပြီး မြောက်စားကြသည်၊ ဓမ္မကထိကရဟန်းသည် ထိုရွာငယ်ကျောင်းကို

http://www.dhammadownload.com

ပိုင်ဆိုင်လိုလျှင် ညည်ညွတ်ညွတ် သီတင်းသုံးတော်မူကြသည့် မထေရ်နှစ်ပါးကို ကုန်းတိုက် စကားပြောကြားကာ ညည်ညွတ်မှုကို ဖျက်ဆီးခဲ့သည်၊ ဓမ္မကထိကရဟန်းသည် အနှစ် နှစ်သောင်း တို့ကာလပတ်လုံး အားထုတ်အပ်ကုန်သော ရဟန်းတရားသည် ကယ်ခြင်းငှါ မတတ်နိုင်ပေ၊ ထိုဘဝမှ စုတေမနေ သေလွန်သည်ရှိသော် အဝီစိငရဲ၌ ဖြစ်၍ ဘုရားရှင် နှစ်ဆူအကြား ကာလပတ်လုံးကျက်ပြီးလျှင် ယွူ (ဇေါတမမြတ်စွာဘုရားရှင်လက်ထက်) အခါ ဂိဖျကုဋ် တောင်ထက်၌ သုံးဂါဝုတ်မျှ အတိုင်းအရှည်ရှိသော ခန္ဓာကိုယ်ဖြင့် ဖြစ်၏၊ ကိုယ်သည် လူ၏ကိုယ်နှင့်တူ၍ ဦးခေါင်းကား လူဦးခေါင်းကဲ့သို့ဖြစ်သော ခံတွင်း၌ အမြီးပေါက်နေသော, ပိုးလောက်တို့ ယိုစီး ထွက်ကျနေသော ဝက်ပြိတ္တာ ဖြစ်လာရလေသည်။ (၌- ၂၅၈၊ ၉။)

တဏှာသည် အဓမေ

''တဏှာ ဇနေတိ ပုရိသံ'' ဟူသော် အာဂမစကားကြောင့်၎င်း၊ ဘဝသုံးပါးတို့၌ သတ္တဝါတို့ကို ဖြစ်စေသောကြောင့်၎င်း၊ တဏှာကို အဓမေ – ဟု ဆိုရသည်။

မာနသည် အဓေ

''ဤသည် ကျိုးမည်သော မင်း၏ သား, ကျိုးမည်သော မင်းအမတ်၏ သားတည်း'' ဟု ဖခင်ကို အမှီပြု၍ မာန်မာနဖြစ်တတ်သောကြောင့် အသို့မဟုတ် (ဤ–ဟူသောမာန်)ကို အဖ– ဟု ဆိုသည်။ (၌- ၂၈၃။)

၁၀။ ''ယခုနေ့ကို အစပြု၍ တဝည့်တော်၏ ဥစ္စာကို အမြတ်အစာ ချည်မျှင်မျှလည်း တပည့်တော်ကို နှိပ်စက်ဖိစီး၍ အရာမက များစွာကုန်သော မင်းတို့သည်၎င်း၊ ဝိုးသူတို့သည်၎င်း၊ ယူခြင်းငှါ မစွမ်းနိုင်ကြပါစေ ကုန်သတည်း။ ဖိသည်လည်း တပည့်တော်၏ ဥစ္စာကို မလောင်ကျွမ်းနိုင် ပါစေသတည်း၊ ရေသည်လည်း မမျောပါစေသတည်း'' ဟူ၍ အပရာဇိတ သူဌေး ဆုတောင်းမှု ပြုခဲ့သည်။ (၌- ၄၃၅၅။)

http://www.dhammadownload.com

ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရောဝတီတိုင်း)
-ပထမကြီးတန်း ဒေသပဒဿာသာ
၁၃၆၅-ခုနှစ် နှောင်းတန်ခူးလဆန်း (၂)ရက် (၂၂-၄-၂၀၀၃)တနင်္ဂနွေ

၁။ နာဂဝဂ် အတ္တဒန္တဝတ္ထုလာ မှတ်သားဖွယ်ရာ ဂါထာများကို ပါဠိတော်အရှိအတိုင်းရေးပါ။

၂။ ပြဟ္မဏဝဂ် အညတြပြဟ္မဏပဇ္ဇဝတ္ထုလာ ပြဟ္မဏ, သမဏ, ပဇ္ဇဝတမည်ပုံပြဂါထာကို နိဿယ နှက် ကျကျပေးပြပါ။

၃။ ဖေါ်ပြပါ အထက်တန်းစား သာသနာ့ဝန်ထမ်း ၃-ပါးတို့၏ သဘာဝကိုအာဂမမိမိအဓိပ္ပါယ် ရှိရှိ ရေးပါ -
(က) ဘိက္ခု-(တရားရှုသူ) မည်သောရဟန်း၊
(ခ) ဩတိဏ္ဏ-(သံသရာဝဲကို ကူးမြောက်သူ) မည်သောရဟန်း၊
(ဂ) ဥပသန္တ-(အေးငြိမ်းသူ) မည်သောရဟန်း။

၄။ ခဏာတိတာ ဟိ သောစန္တိ- အချိန်အခါကောင်းကို လက်လွတ်ဆုံးရှုံးခံသူတို့မှာ တစ်နေ့တွင် သောကနှင့် ကြုံရတတ်၏ ဟူသော ပါဠိတော်စကားရပ်၌ခဏကောင်းဟု ဆိုိနိုင်သည့် ခဏတို့ကို ရေတွက်ပြပါ။

၅။ နာဂဝဂ် မာရဝတ္ထုလာ သုခတရား ၁၂-ပါးကို ယထာက္ကမအစဉ်ကျအောင်ပြည့်စုံစွာ ရေတွက်ပြပါ။

၆။ ဗန္ဓနာဂါရဝတ္ထုလာ နှောင်အိမ် (အနှောင်အဖွဲ့) ၄-မျိုးကိုဖေါ်ပြ၍၊ ယင်းတို့တွင် အခိုင်အမြဲ ဆုံးသော အနှောင်အဖွဲ့တစ်ခုကိုလည်း ညွှန်ပြပါ။

http://www.dhammadownload.com

၇။ မြောဟ္မဏဝဂ် အာနန္ဒတ္ထေရဝတ္ထုလာ တပတိ (ထွန်းလင်းတောက်ပ ကျက်သရေရှိသော) အရာ ၅-မျိုးတို့တွင် အရှင်အာနန္ဒာလျောက်ထားသော အချိန်၌ (က) မည်သည့်ခတ္တိယ၊ (ခ) မည်သည့်မြောဟ္မဏတို့တွင် ရည်ညွှန်းလျောက်ထားသည်ကို ရေးပြ၍ ဗုဒ္ဓေါ တပတိ တေဇသော-၌ ဗုဒ္ဓ၏ တေဇ ၅-ပါးကိုလည်း ညွှန်ပြပါ။

၈။ နာဂဝဂ် ပသေနဒိကောသလဝတ္ထုလာ မဟာယသော (အစားကြီးသူ) ဟူသော စကား၌ အစားကြီးသူ ပုဏ္ဏား ၅-ယောက်တို့၏ အမည်ကို အဓိပ္ပါယ်နှင့် တွဲဖက်ဖော်ပြပါ။

၉။ ဥတ္တရာဥပါသိကာဝတ္ထုလာ ဖော်ပြပါ အရာတို့ကို ညွှန်ပြပါ -

(က) ဥတ္တရာ၏ ဇနင်အမည်၊

(ခ) ဥတ္တရာ၏ လင်ယောကျ်ား၊

(ဂ) ဥပုသ်စောင့်လိုသော ဥတ္တရာက လင်အတွက်ခေတ္တပျိုးထားသော အမျိုးသမီး၊

(ဃ) ထိုမင်းသမီးက ဥတ္တရာအပေါ် ပြုမိသော အပြစ်၊

(င) ယင်းအမျိုးသမီးအား ပေးရသော အခငွေကြေး။

၁၀။ ဘဒ္ဒိယမြို့နေ မေဏ္ဍကသူဌေးကြီး၏ မိသားစုဝင် အိမ်ထောင်စုစာရင်းကို ဖော်ပြ၍ ယင်းတို့ ပြုခဲ့သော ကုသိုလ်ကောင်းမှုနှင့် ပတ်သက်သူတို့ကိုလည်း သိသာရုံမျှ ညွှန်ပြပါ။

ရောဝတီတိုင်း

ဝထမကြီးတန်း။ ။ဝမ္မဝဒဘာသာ (အဖြေ)

၁။ အတ္တဒန္ဓဝတ္ထု ဂါထာ ၃၂၀၊ ၁၊ ၂။ ၆- ၃၀၈၊ ၉။

၂။ အညတရပြဟ္မဏ ပဗ္ဗဇိတဝတ္ထု ဂါထာ ၃၈၈၊ ၆- ၃၉၇။

http://www.dhammadownload.com

၃။ (က) အကြင်ပုဂ္ဂိုလ်အား နာမ်တရား ရုပ်တရားအားလုံး၌ (ငါ, ငါ၏ဥစ္စာဟု) မြတ်နိုးစွဲလမ်းမှု မရှိထိုနာမ်ရုပ်ကုန်ခမ်းပျက်စီးခြင်းသို့ ရောက်၍ ထင်ရှားမရှိသော်လည်း မစိုးရိမ်၊ ထိုပုဂ္ဂိုလ်ကို "ဘိက္ခု" တု ဆိုအပ်၏။

(ဂါထာ ၃၆၇၊ ၌- ၃၆၉။)

(ခ) ငါးပါးသော ဩရမ္ဘာဂိယ သံယောဇဉ်တို့ကို (အောက်မဂ်သုံးပါးဖြင့်) ဖြတ်ရာ၏၊ ငါးပါးသော ဥဒ္ဓမ္ဘာဂိယသံယောဇဉ်တို့ကို (အရဟတ္တမဂ်ဖြင့်) ပယ်စွန့်ရာ၏၊ သန္ဓိ စသောငါးပါးသော ဂ္ဂန္ထေတို့ကို လွန်စွာ ပွားများရာ၏၊ လောဘစသော ငြိတွယ်ခြင်း ငါးပါးတို့ကို လွန်မြောက်ပြီးသော ရဟန်းကို "ဩဃတိဏ္ဏ" သံသရာဝဲဩဃကို ကူးမြောက်ပြီးသူ - တု ဆိုအပ်၏။ ((ဂါထာ ၃၇၀၊ ၌- ၃၇၃။))

(ဂ) ပါဏာတိပါတ စသည်တို့၏ မရှိခြင်းဖြင့် ပြည့်သက်သော ကိုယ်ရှိသော, မုသားဆိုခြင်း စသည်တို့၏ မရှိခြင်းဖြင့် ပြည့်သက်သော နှုတ်ရှိသော, အဘိဇ္ဈာစသည်တို့၏ မရှိခြင်းဖြင့် ပြည့်သက် သော စိတ်ရှိသော, ကောင်းစွာထားအပ်သော ကိုယ်နှုတ်နှလုံးစိတ်ရှိသော, မင်္ဂလေးတန်ဖြင့် ထွေးအန်ပြီးသော လောကာမိသရှိသော ရဟန်းကို "ဥပသန္တ" ကိုယ်တွင်း၌ ရာဂ စသည်ငြိမ်းအေး ပြီးသော ပုဂ္ဂိုလ် - ဟူ၍ ဆိုအပ်၏။

(ဂါထာ ၃၇၈၊ ၌- ၃၇၈။)

၄။ **ခဏတောင်းများ**

၁။ ဘုရားပွင့်တော်မူရာ ဗုဒ္ဓုပ္ပါဒခဏ၊
၂။ မရွိမဒေသ၌ ဖြစ်သောခဏ၊
၃။ သမ္မာဒိဋ္ဌိကို ရသောခဏ၊
၄။ အာယတန ခြောက်ပါးတို့၏ မချို့တဲ့သောခဏ -တို့ဖြစ်သည်။

(ဂါထာ ၃၁၅၊ ၌- ၃၀၄။)

၅။ **သုခတရား ၁၂-ပါး** - (ရခိုင်ပြည်နယ် ပုစ္ဆာနံပါတ် ၆-၌ ကြည့်ရှုပါရန်၊)

(ဂါထာ ၃၃၁၊ ၂၊ ၃၊ ၌- ၃၂၅။)

http://www.dhammadownload.com

၆။ **အနှောင်အဖွဲ့ ၄-မျိုး**

၁။ သံဖြင့် ပြုလုပ်သော သံချေကျဉ်းစသော အနှောင်အဖွဲ့၊

၂။ သစ်သားဖြင့် ပြုလုပ်သော ထိပ်တုံးစသော အနှောင်အဖွဲ့၊

၃။ ပြိန်းမြက်တို့ဖြင့် ပြုလုပ်သော ကြိုးစသော အနှောင်အဖွဲ့၊

၄။ ပတ္တမြား နားတောင်းစသော ရတနာ၊ သားသမီး မယားတို့၌ အလွန်တပ်နှစ်သက်သော ငဲ့ကွက်မှုတရားအနှောင်အဖွဲ့။

ယင်း ၄-ပါးတို့တွင် အခိုင်မြဲဆုံးသော အနှောင်အဖွဲ့ကား ၄-နံပါတ်ဖြစ်သော တရားအနှောင်အဖွဲ့ ဖြစ်သည်။ (ဂါထာ ၃၄၅၊ ၆၊ ဋ္ဌ- ၃၃၈၊)

၇။ (က) ပသေနဒိကောသလ

(ခ) ကာဠဒီဃီထေရ်

တေဇ ၅-ဖါး

၁။ သီလတေဇ

၂။ ဝုဏ္ဏတေဇ

၃။ ပညာတေဇ

၄။ မုဉ္ဇတေဇ

၅။ ဓမ္မတေဇ။ (ဋ္ဌ- ၁၉၆။)

၈။ **ပုဏ္ဏားငါးယောက်**

(၁) အာဟာရဟတ္ထက - မထနိုင်တော့သဖြင့် လက်ကိုဆွဲပါဦး - ဟု ပြောရလောက်အောင် စားသော ပုဏ္ဏား၊

(၂) အလံသာဋက - ပုဆိုးအဝတ်ကျွတ်သွားပြီးလျှင်ပြန်၍ပင် မဝတ်ချင်လောက်အောင် စားသောပုဏ္ဏား။

(၃) တတ္ထြဝဋ္ဌက - စားသောက်နေရာ၌ပင် တပြောင်းပြန်ပြန် လူးလိမ့်နေရလောက်အောင် စားသောပုဏ္ဏား၊

http://www.dhammadownload.com

(၄) ကာကမာသက – ခံတွင်း၌ ကျိုးနွံကပ်မိအောင် စားသောပုဏ္ဏား၊

(၅) ဘုတ္တဝမိတက – စားသမျှ အနံထွက်လောက်အောင် စားသောပုဏ္ဏား၊ တို့ဖြစ်ပါသည်။

(၌– ၃၁၅။)

၉။ (က) ပုဏ္ဏာသူဌေး

(ခ) ရာဇဂြိုဟ်သူဌေးသား၊

(ဂ) သိရိမာ၊

(ဃ) ဥတ္တရာ၏ ဦးခေါင်းထိပ်ထက်၌ ကျိုက်ကျိုက်ဆူလှသော ထောပတ်ဖြင့် သွန်းလောင်းခဲ့သည့် အပြစ်၊

(င) တစ်နေ့တစ်ထောင်ကျသည်၊ (၁၅–ရက် တစ်သောင်းငါးထောင်ဖြစ်သည်။)

(၌– ၁၉၉၊ ၂၀၀၊ ၁။)

၁၀။ မေဏ္ဍကသူဌေး ၊ စန္ဒပဒုမာသူဌေးကတော်

သား – ဓနဉ္ဇယသူဌေး

ရွှေးမ – သုမနဒေဝီ

မြေး – ဝိသာခါ

ကျွန် – ပုဏ္ဏာ တို့ဖြစ်ကြသည်။ (၌– ၂၃၂။)

ယင်းတို့ပြုခဲ့သော တုသိုလ်တောင်းမှုနှင့် ဆုတောင်း

ငတ်မွတ်သော အချိန်အခါ၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား တစ်စလယ်သော ဆန်ဖြင့် ချက်အပ်သော ထမင်းမှ မိမိတို့ရအပ်သော အဖို့အစုကို အသီးသီးလှူဒါန်းခဲ့ကြသည်။

ထိုသို့ လှူဒါန်းပြီးနောက် ငါးယောက်သော မိသားစုဝင်တို့သည် "ဖြစ်လေရာဖြစ်လေရာ ဘဝတို့၌ ဤကဲ့သို့သော ငတ်မွတ်ခေါင်းပါးမှုဘေးကို မမြင်တွေ့လိုကြောင်း၊ ဤမိသားစုဝင်ချည်းတို့သာ ဖြစ်ပါစေကြောင်း" ဆုတောင်းခဲ့ကြသည်။

(ဤကား အားလုံးနှင့် ဆိုင်သော ဆုတောင်းဖြစ်သည်၊)

http://www.dhammadownload.com

သူဌေးကြီးဆုတောင်း – ''ဤအခါမှ စ၍ ဗမ္ဗုဒ္ဓပိဝ်ကျွန်းလုံး၌ နေကုန်သော သူတို့အား မိုးထမင်း (ရိက္ခာ)ကို ပေးခြင်းဟု စွဲမှတ်နိုင်သော သူဖြစ်ရပါလိုဏ်'' ဟူ၍လည်းကောင်း၊

သူဌေးကတော်ဆုတောင်း – ''ထမင်းကို ရေတွင်ထား၍ ဗမ္ဗုဒ္ဓပိဝ်ကျွန်းလုံး၌ နေကုန်သော သူတို့အား ထမင်းကို ပေးသော်လည်း တပည့်တော်မ မထသေးသမျှ ကာလဟတ်လုံး ရူးရာ အံ့ရပ်သည် ပြည့်ပြိတိုင်း ပြည့်သည်သာလျှင် ဖြစ်ပါစေသတည်း'' ဟူ၍လည်းကောင်း၊

သူဌေးသားဆုတောင်း – ''အသပြာတစ်ထောင်ရှိသော အိတ်တစ်လုံးကို လွယ်၍ ဗမ္ဗုဒ္ဓပိဝ်ကျွန်းလုံး၌ နေကုန်သော သူတို့အား အသပြာကို ပေးသော်လည်း ဤအသပြာတစ်ထောင်ရှိသော အိတ်သည်ပြည့်ပြိတိုင်းသာ ဖြစ်ပါစေသတည်း'' ဟူ၍လည်းကောင်း၊

သူဌေးချွေးမဆုတောင်း – ''စပါးတောင်းတစ်ခုကို ရေတွင်ထား၍ ဗမ္ဗုဒ္ဓပိဝ်ကျွန်းလုံး၌ နေကုန်သော သူတို့အား မိုးထမင်း (ရိက္ခာ)ကို ပေးကမ်းသော်လည်း ကုန်သောအဖြစ်သည် မထင်ပါစေ သတည်း'' ဟူ၍လည်းကောင်း၊

ကျွန်ပုဏ္ဏ ဆုတောင်း – ''လယ်ထွန်သည်ရှိသော် လက်ယာဘက်၌ သုံးရာ, လက်ဝဲဘက်၌ သုံးရာ, အလယ်၌ တစ်ခု ဤသို့အားဖြင့် သစ်သားကျဉ်းမျှအတိုင်း အရှည်ရှိကုန်သော ခုနစ်ခု ခုနစ်ခုသော အရေးအသားတို့သည် ဖြစ်ပါစေ သတည်း'' ဟူ၍လည်းကောင်း အသီးသီး ဆုတောင်းခဲ့ကြသည်။

http://www.dhammadownload.com

မှတ်ချက် ပဏ္ဍာတွင် သိသာရုံမျှ ဟူမေးထားသည်၊ သိသာရုံမျှဆိုလျှင် ဆိုလိုရင်းကို နားလည်သဘောပေါက်မည်မဟုတ်ပါ။ ဆိုလိုရင်း ပေါ်လွင်အောင် ရေးသား ထားပြီး အနည်းငယ်သာ ချုံ့ထားပါသည်။

(၄- ၂၃၅။)

ပထမပြန်အထူးအောင်ရွေးချယ်ရေးစာမေးပွဲ
ပထမကြိုးတန်း ။ ဓမ္မဝဒဘာသာ
၁၃၆၆-ခုနှစ်၊ နယုန်ထပြည့်ကျော် (၁၂)ရက်၊ (၁၄- ၆- ၂၀၀၄) တနင်္လာနေ့

၁။ "ဓိရော စ သုခသံဝါသော" ဟူသော ဓမ္မပဒ အေသနာအရ လေးစားစွာ ပေါင်းသင်းရမည့် သပ္ပုရိသဂုဏ်ရည်ပြ ဂါထာပါဠိကို ရေးပါ။

၂။ "ကိုယ့်ကိုယ်ကို ဝေဖန်ရေး၊ သူတစ်ပါးကို ဝေဖန်ရေး" ဟူသော ဝေဖန်ရေးနှစ်မျိုးအနက် ကိုယ့်ကိုယ်ကို ဝေဖန်ရေး၏ အကျိုးတရားပြ ပါဠိဂါထာကို အနက်ယောဇနာပါ။

၃။ "အထ နိဗ္ဗိန္ဒတိ ဒုက္ခေ" ဟူသော အေသနာတော်အရ နိဗ္ဗိန္ဒဉာဏ်ဖြစ်ကြောင်း နည်းကောင်း တို့ကို ညွှန်ပြ၍ အရိယာမဂ်ကို မရနိုင်သော ပုဂ္ဂိုလ်၏ ချို့တဲ့အားနည်းချက်သုံးရပ်ကို ပဓာနကမ္မိက တိဿတ္ထေရဇာတ်အရ ညွှန်ပြပါ။

၄။ ကိုယ့်ကိစ္စများ စွန့်ပစ်ထား၍ တခြားကိစ္စပြုလုပ်တတ်ကြသူတို့အား တိုးပွားနိုင်သည့် ၀၀ ၈၄ ၄ ဂုဏ်တို့ ချပြပြီးကြောင်း ၂၄၊ ၄ ၀၀ ၄ ၈၈။

http://www.dhammadownload.com

၅။ ကောင်းစွာပိုးသောက် အလင်းရောက်၍ ထပြောက်နိုးကြားနိုင်ကြောင်း နည်းကောင်း ၆-ခုကို ပြေ၍ လူအိန်းသမျှ မဟာပွလပြစ်စေနိုင်သော ပုဂ္ဂိုလ်လေးဦးကို ညွှန်ပြပါ။

၆။ ''တကြာယမာဒိ''၌ အဦးအစ ပဌဋ္ဌာန် တရားတို့ကို ညွှန်ပြ၍ မြဟတ္ထ, သမဏ, ပဇ္ဇ ဇိဓာတို့၏ အဓိပ္ပါယ်ကိုလည်း ဖွင့်ဆိုရှင်းလင်းပါ။

၇။ ဝိယဝဂ်လာ အောက်ဖော်ပြပါ သောကပြစ်ကြောင်း တရားတို့ကို အင်္ဂကထာအဖွင့်နှင့်အညီ အဓိပ္ပါယ်သတ်မှတ် ဖွင့်ဆိုပါ –
(က) ဝိယ၊ (ခ) ပေမ၊ (ဂ) ရတိ၊ (ဃ) ကာမ၊ (င) တဏှာ။

၈။ ''မလိတ္ထိယာ ဒုစ္စရိတံ''၌ အိမ်ထောင်ရေး ဖောက်ပြန်သော အမျိုးသမီးတို့၏ ''မလ'' ဖြစ်ပုံကို ပြေ၍ ပကတိပြစ်နှင့် တဏှာပြစ်တို့၏ ကွဲပြားခြားနားပုံကိုလည်း ရှင်းပြပါ။

၉။ သူကရပေါ်တိကာ ဝတ္ထုလာ ဝက်မငယ်၏ နိမ့်မြင့်ချောကြမ်း သံသရာခရီးလမ်းမှ တစ်ဆယ့် သုံးခုမြောက်ဘဝတွင် ထူးခြားသော ဖြစ်စဉ်တို့ကို ဖော်ပြပါ။

၁၀။ ''မနသာ သံဝရော သာဓု''၌ မနောဒွါရ၏ လုံခြုံပုံ/ မလုံခြုံပုံကို ရှင်းပြ၍ လုံခြုံသော စိတ်အစဉ်၌ ရနိုင်သော တရားတို့ကိုလည်း ညွှန်ပြပါ။

ပထမပြန်အထူးအောင်ရွေးချယ်ရေးစာမေးပွဲ
ပထမတြိုးတန်း ။ ဓမ္မပဒဿာသာ (အဖြေ)

၁။ ဇိဂျွ ပညွ ဗဟုသုတဉ္စ၊
ဓောရယှသီလံ ဝတဝန္တမရိယံ။

http://www.dhammadownload.com

၂။ တံ တာဒိသံ သပ္ပညံ သုမေဓံ။
ဘဇေထ နက္ခတ္တပထံဝ စန္ဒိမာ။

၃။ **နိဗ္ဗိန္ဒဉာဏ်ဖြစ်ကြောင်းနည်းကောင်းတို့ကား**
သင်္ခါရတရား၌ အပေါ်၌ အနိစ္စ, ဒုက္ခ, အနတ္တ ဟု ဝိပဿနာပညာဖြင့် ရှုခြင်းဖြစ်ပါသည်။

အားနည်းချက်
ထင်ကြွလုံးလရှိသင့်ရာ၌ ထင်ကြွလုံလမရှိခြင်း
အရွယ်နုပျိုစဉ် ကိုယ်အားဉာဏ်အားကောင်းစဉ်၌ ပျင်းရိနေခြင်း
မိစ္ဆာဝိတက်သုံးမျိုးတို့ ဖြင့် ရောနှောသောအကြံစိရှိခြင်း – တို့ဖြစ်သည်။

၄။ **ကိုယ့်ကိစ္စစွန့်၍ တခြားတိစ္ဆပြုဆူတို့မှာ –**
ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့ တိုးပွားပါသည်။

ထိုတရားတို့ချုပ်ငြိမ်းရန်နည်းများ
ကောင်းစွာအားထုတ်အပ်သော ဝိရိယရှိခြင်း၊
အမြဲ ကာယဂတာသတိရှိခြင်း၊
မပြုသင့်သော ကိစ္စတို့ကို မပြုခြင်း၊
ပြုသင့်သော ကိစ္စတို့ကို ပြုခြင်း၊
သတိ သမ္ဗဇ္ဈဉာဏ်ရှိခြင်းတို့ဖြစ်ပါသည်။

၅။ **နည်းကောင်း ၆-ခု**
နေ့ညဉ့်မပျက် ဗုဒ္ဓါနုဿတိရှိခြင်း၊
" ဓမ္မာနုဿတိရှိခြင်း၊
" သံဃာနုဿတိရှိခြင်း၊
" ကာယဂတာသတိရှိခြင်း၊

